
ဦးမိုးစာပေ

# ရှင်ပြုတော်ခိုး

ကလောင်ခွဲ

# သင်ပြုတော်ခိုး

ကိုယ့်ဘဝလေးထဲမှာ မင်းရှိနေစေချင်တယ်



Digital Art : Idea Kyaw & Mg Kyaw Oo

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၆၄၇၀၄၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၁၉၀၇၀၈ |
| အဖုံးဒီဇိုင်း | - | View |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


# အခန်း (၁)

သူမသည် ဟန်ချက်ညီညီနှင့် စတိုင်လ်ကျကျလေးနှင့် လျှောက်လာသည်။ သူမသည် တောင့်ဖြောင့်နေ၏။ ဝင်းမှည့်ချောမွတ်ဖြူနုအိစက်နေလေသည်။ ခန္ဓာကိုယ်လေးပေါ်တွင် မိုးပြာရောင် ဂျင်းဘောင်းဘီအရှည် ကြပ်ကြပ်လေးအား စပို့ရှပ်ကိုယ်ကြပ် အပြာနုရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထား၍ သူမရဲ့ခန္ဓာကိုယ်အလှလေးက မြင်သူငေးလောက်အောင် နုထွတ်လှပလွန်းနေလေသည်။

"ကျွန်မနာမည် ချွတ်ချွတ်"

"ဘာ"

"ချွတ်ချွတ်"

“ဘာ…ဘာချွတ်ရမှာလဲ”

“ရှင်ဘာစကားပြောနေတာလဲ၊ ကျွန်မနာမည် ချွတ်ချွတ်လို့ ပြောတာ”

“ချွတ်ချွတ်”

“ဟုတ်တယ်”

“နာမည်အရင်းလား”

“အဖျား”

“ဗျာ”

“အဖျားဆွတ်ခေါ်တာရှင့်”

“ဟိုလေ”

“ကျေးဇူးပြုပြီး အဖျားရော အရင်းရော အပြည့်အစုံပြော ပြပါလား”

“ကျွန်မကိုယ်ရေးရာဇဝင်က ရှင့်ရှေ့မှာရှိနေတဲ့ ပုံစံထဲမှာ အပြည့်အစုံပါပြီးသားပဲလေ”

“သြော် ဟုတ်သားပဲ၊ ကျွန်တော် မေ့သွားတယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ နာမည်အပြည့်အစုံက ချွတ်ချွတ်ချော”





ထင်ပေါ်မျက်လုံးတွေက ရယ်ချင်စိတ်တွေ လွှမ်းသွား သည်။ နာမည်ကလည်း ချွတ်ချွတ်ချောတဲ့။ ဘယ်လိုနာမည်ကြီးလဲ၊ ဒီလိုနာမည်မျိုး မှည့်တဲ့သူတစ်ယောက်တလေတောင် မရှိနိုင်ပါဘူး။

အားပါး ကောင်မလေးကတော့ အရမ်းမိတယ်။ မိတာမှ တော်တော်လေးကို မိနေတာပဲ။ ဘယ်လိုတင်စားရမလဲ။ နုသော၊ ချွတ်သော၊ လှပအိစက်သော၊ ချောမော အို ဘယ်လိုတင်စားရမှန်း င်မသိ။

နှုတ်ခမ်းလေးက နှင်းဆီငုံလေးကဲ့သို့ စိုရဲဖူးငုံငုံလေး။ အသားအရည်ကလည်း ဝင်းအိနေတာပဲ။ ပြီးတော့ အရပ်အမောင်း ကလည်း စံချိန်မှီပဲ။ တော်ရှင့်သလားမမေးနဲ့။ ချွတ်ချွတ်ချောက သူယောင်မယ်လား၊ ဥစ္စာစောင့်လား၊ နတ်သမီးလေးလား။

“ဒီမှာ”

“ဗျာ”

“ရှင်ဘာဖြစ်နေတာလဲ”

“ဗျာ”

“ရှင့်မျက်လုံးတွေ ကျွန်မကိုကြည့်ပြီး ဖြူးထွက်နေတယ်”

"ဗျာ"

"ရှင်က ဦးသက်တင်ရဲ့ လက်ထောက်ထင်တယ်နော်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော် အံ့သြသွားလို့ပါ"

"ဘာအံ့သြစရာရှိလို့လဲရှင့်"

"နာမည်လေ နာမည်၊ ချွတ်ချွတ်ချော်ဆိုတော့"

"အဲဒါ အရေးကြီးလို့လားရှင့်၊ နာမည်ဆိုတာ ကိုယ်သဘောကျနှစ်သက်သလို မှည့်ကြတာပဲဟာ၊ ဘာလဲ နာမည်မှည့်ရင် ဟိုလိုမမှည့်ရဘူး၊ ဒီလိုမမှည့်ရဘူး သတ်မှတ်ချက်ရှိနေလို့လား"

"မရှိပါဘူး၊ ဒါပေမယ့် အမိက"

ထင်ပေါ် စိတ်မထိန်းနိုင်တော့ဘဲ ချွတ်ချွတ်ချော်ဆိုတဲ့ ကောင်မလေးရဲ့ လက်လေးကို ဆတ်ခနဲ တို့ကြည့်မိလိုက်လေတော့သည်။

"ဝုန်း"

"အား"

"ချွတ်"





"အမလေး၊ အလုပ်ပါနဲ့၊ အား"

သူ့လက်တွေကို ဆတ်ခနဲ ဆွဲယူကာ လိမ်ချိုးခြင်းခံလိုက်ရလေသည်။ စားပွဲပေါ်မှာရှိနေတဲ့ ပစ္စည်းတွေ ဖရိုဖရဲပြုတ်ကျကုန်၏။

"အား…လွှတ်ပါဗျ ချွတ်ချွတ်ချော၊ အမိဘာယ်လိုလုပ်လိုက်တာလဲ၊ အား"

သူမလွှတ်ပေးလိုက်လေသည်။ ထင်ပေါ့်မျက်နှာကြီးက နာကျင်တဲ့ဝေဒနာကြောင့် ရှုံ့မဲ့နေ၏။

"ရှင်ဘာဖြစ်လို့ ကျွန်မအသားကို ထိရတာလဲ၊ ပိုင်စိုးပိုင်နင်း ကျွန်မကို ဘာထင်လို့လဲ"

"မဟုတ်ပါဘူး၊ ကျွန်တော်က အမိကို လူမှဟုတ်ရဲ့လားလို့ အသားကို ထိကြည့်တာပါ"

"သေလိုက်၊ အရူးပဲ"

ချွတ်ချွတ်ကို ဒီလိုလာလုပ်လို့ ဘယ်ရမလဲ။ မီးပွင့်သွားမယ်။ မဖွယ်မရာလုပ်လိုက်တော့ သူသေကိုယ်သေပဲနော်။

"အထဲဝင်လို့ရပါပြီ"

"ဟွန်း"

မျက်စောင်းထိုးပစ်လိုက်သည်။ ဦးမိုးသက်တင်ရဲ့ လက်ထောက်ကလည်း အူကြောင်ကြောင်နဲ့ပဲ။ အငမ်းလွန်တာ၊ ချွတ်ကလည်း မြင်သူငေးလောက်အောင် ချောတာပဲဟာ။

ဦးမိုးသက်တင်ကို တွေ့ရမယ်ဆိုတော့ ရင်က နဲနဲခုန်ချင်လာရသည်။ ချွတ်ရဲ့ အလုပ်ရှင်ဖြစ်လာမည့်သူ ဖြစ်နေလို့ပါ။ ချွတ် တံခါးကို အသာလေးတွန်းဖွင့်ပြီး အထဲကိုဝင်လိုက်လေသည်။ အမလေး အတော်လေးကြီးကျယ်ခန်းနားလွန်းနေတဲ့ ရုံးခန်းကြီးပါလား။

“ဒေါက်”

“ဒေါက်”

“ဒေါက်”

သူမခွာမြင့်ဖိနပ် ဒေါက်ချွန်ချွန်လေးနှင့် ကျောက်ပြားအလှအပတွေ ဆင်ထားတဲ့ ကြမ်းပြင် ထိတွေ့သံလေးက အားနာပါးနာစွာ ထွက်ပေါ်နေလေသည်။ လက်လက်ထနေတဲ့ ကြမ်းပြင်ပေါ် ဖိနပ်စီးခွင့်ပြုထားသည်က အံ့ဩစရာပဲ။

“ဒေါက်”





“ဒေါက်”

“ဒေါက်”

ဘုရားရေ။ မန်နေဂျင်းဒါရိုက်တာ ကိုမိုးသက်တင်ကို အရိပ်အယောင်မျှပင် မတွေ့ရ၍ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရ၏။ အခန်းထဲမှာ လူမရှိပေ။ ချွတ်ချွတ်က ဘာကိုမှ ကြောက်တတ်သူတော့မဟုတ်။ ဖေဖေက ချွတ်ချွတ်ကို ငယ်ငယ်လေးထဲက ယောကျ်ားလေးတစ်ယောက်လို နေထိုင်ပြုမူစေပြီး ကိုယ်ခံပညာတွေလည်း သင်ပေးထားခဲ့သည်။

“သမီးက မိန်းကလေးလေ၊ ချောမောလှပတယ်၊ ဖေဖေက ဘယ်လောက်အထိ စောင့်ရှောက်ပေးနိုင်မှာမို့လို့လဲ၊ ဒါကြောင့် သမီးရဲ့ လုံခြုံမှုအတွက် ဖေဖေက ကြိုတင်လေ့ကျင့်ပေးထားတာလေ”

ဖေဖေ ဆုံးသွားပြီ အခု ချွတ်ချွတ်တစ်ယောက်တည်း အထီးကျန်တစ်ကောင်ကြွက်မလေး။ ဒါပေမယ့် လာမထိနဲ့၊ မီးပွင်းသွားမယ်သာမှတ်။ ဖေဖေက ချွတ်ချွတ်အတွက် တိုက်ခန်းလေး တစ်ခန်းနှင့် ပိုက်ဆံအနည်းငယ်ပဲ ကျန်ခဲ့သည်။ အဖော်ကောင်မ

လေးတစ်ယောက်နှင့်နေ၏။ ချွတ်ချွတ်ဘဝရေရေးအတွက် အလုပ်တစ်ခုတော့ လုပ်သင့်သည်ဟုထင်ပြီး ချွတ်ချွတ် အလုပ်ရှာခဲ့လေသည်။

"ချွတ်ချွတ် ဦးမိုးသက်တင်ကို မင်းသွားတွေ့လိုက်ပါ၊ ဆရာ အလုပ်ကိစ္စပြောထားတယ်၊ ဦးမိုးသက်တင်နဲ့တွေ့မှ မင်းဘာလုပ်ရမလဲဆိုတာ ပြောလိမ့်မယ်၊ ဆရာ့ကို ယုံတယ်မဟုတ်လား"

ချွတ်ချွတ်ရဲ့ တိုက်ကွမ်ဒိုဆရာ ဦးကျော်ဇေက ပြောသည်။ ရောင်စဉ်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးမိုးသက်တင်က ချွတ်ချွတ်ကို ဘယ်လိုအလုပ်မျိုးပေးမှာလဲ။ ကြီးကျယ်ခမ်းနားလွန်းတဲ့ အခန်းကြီးထဲမှာ ချွတ်ချွတ် ယောင်ချာချာဖြစ်မနေအောင် သတိထားပြီး စားပွဲကြီးတစ်ခုရှေ့မှာ ရှိနေတဲ့ ဆိုဖာဆက်တီတစ်လုံးမှာ ဝင်ထိုင်လိုက်တော့သည်။ လှပခမ်းနားနေပြီး အဖိုးတန် ကျွန်းပန်းကနုတ် အလှအပတွေ ပြင်ထားသော ဦးမိုးသက်တင်ရဲ့ ရုံးခန်းကတော့ တကယ့်ကို စံချိန်မီပဲမဟုတ်လား။

"မချွတ်ချွတ်ချော ထင်တယ်၊ ဒီခုံမှာ အခွင့်မရှိဘဲ မထိုင်ရပါဘူး"





"ဟင် ဘာဖြစ်လို့လဲ"

ချွတ်ချွတ်နောက်မှ မထင်မှတ်ဘဲ ထွက်ပေါ်လာတဲ့ အသံကြောင့် လှည့်ကြည့်လိုက်တော့ မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်။ အားပါး အရမ်းလှတာပဲ။ ချွတ်ချွတ်တောင် ငေးမောကြည့်ရသည်။

"ယုန်က ဦးမိုးသက်တင်ရဲ့ အတွင်းရေးမှူးမလေးပါ၊ ဒီနေရာက ဦးမိုးသက်တင်ရဲ့ ခွင့်ပြုချက်ရမှ ထိုင်ရမှာပါ"

"နေပါဦး စောစောက အခန်းထဲမှာ ဘယ်သူမှမရှိပါဘူး၊ စောစောက ဒေါ်ရွှေယုန်က ဘယ်သွားနေတာလဲ"

"ကျွန်မနာမည် ယုန်ကလေးပါ၊ ကျေးဇူးပြုပြီး ရှင်ထပါ၊ ဒီမှာပဲ မတ်တပ်ရပ်စောင့်ပါ"

ဟွန်း ဘယ်လိုလူတွေလဲ။ ရိုင်းလိုက်တာ။ ကြီးကျယ်ခမ်းနားပြနေတာလား။ ဦးမိုးသက်တင်ရဲ့ အတွင်းရေးမှူးမလေးကတော့ နက်ပြာရင့်ရောင် စကဒ်တိုတိုလေးနှင့် ပေါင်တံစင်းစင်းလေးတွေက ထင်းခနဲ ပေါ်နေသည်။ ခွာမြင့်ဖိနပ် အနက်ရောင်လေး စီးထားပြီး စမတ်ကျလွန်းနေ၏။ ဘယ်လိုပဲ ကြည့်ကြည့် လှပလွန်းတဲ့ ယုန်ကလေးပဲ။ ချွတ်ချွတ် ပြဿနာမတက်လိုတော့

သဖြင့် ထိုင်ရာမှ ထလိုက်လေသည်။

"မန်နေးဂျင်းလာပြီ မချွတ်ချွတ်ရော"

ချွတ်ချွတ် မျက်စိရှေ့သို့ အနက်ရောင် အနောက်တိုင်းဝတ်စုံကို စမတ်ကျစွာ ဝတ်ဆင်ထားသော ခန့်ခန့်ညားညား ယောကျ်ားတစ်ယောက် ရောက်လာတော့သည်။ ချွတ်ချွတ် တွေ့မြင်ဘူးသမျှ ယောကျ်ားတွေထဲမှာတော့ အတော်လေးကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိနေတဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ သူ့မျက်ဝန်းအကြည့်တွေက ညှို့ယူနိုင်စွမ်းအရှိဆုံးဟု တွေးမိနေလေသည်။

"ချွတ်ချွတ်ရောပါ"

"ထိုင်"

အသံကလည်း ဩဇာအာဏာရှိလွန်းတဲ့ အသံမျိုးပဲ။ ချွတ်ချွတ် ဝင်ထိုင်လိုက်လေသည်။ ချောမောခန့်ညားပြီး ညှို့ယူဖမ်းစားနိုင်စွမ်းရှိလွန်းတဲ့ ယောကျ်ားတစ်ယောက်ကို ချွတ်ချွတ် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ဘူးခြင်းပင်။ ဒါပေမယ့် ချွတ်ချွတ် မျက်နှာလေးကလည်း တည်နေသည်။ ဘာကိုမှ စိတ်ဝင်စားဟန်မပြဘဲ ရင်ဆိုင်လိုက်နိုင်၏။

"ကျွန်မ ချွတ်ချွတ်ရောပါ၊ အဖျားဆွတ်ပြီးခေါ်ရင်တော့





ချွတ်ပေါ့၊ မန်နေးဂျင်းဆီကို သွားတွေ့ဖို့ ချွတ်ဆရာက စေလွှတ်လိုက်လို့ပါ"

"ဩော် အစ်ကိုကျော်စေ လွှတ်လိုက်တဲ့ ချာတိတ်မလေးလား"

လေသံက အထက်စီးကနေ နဲနဲဆန်လွန်းနေသည်ဟု ထင်မိသည်။ ချာတိတ်မတဲ့။ အင်းလေ သူက လုပ်ငန်းရှင်ကြီးပဲလေ။ ချွတ်ချွတ်က သူ့အတွက်တော့ ချာတိတ်မလေးပဲပေါ့။

"ကျွန်မလုပ်ရမယ့်အလုပ်က"

"ချွတ်ချွတ်ရော"

"ပြောပါ"

"မင်းလုပ်ရမယ့်အလုပ်ကို ပြောရမှာတော့ အရမ်းအားနာတယ်၊ ဒါက အတော့်ကို လျှို့ဝှက်ရမယ့်အလုပ်ပဲ"

"ရှင်"

"မင်း စိတ်ရှည်ရှည်ထားပြီးတော့ နားထောင်ပါ"

"ပြောပါ၊ အားမနာပါနဲ့၊ ဆရာက ကျွန်မကိုမှာလိုက်ပါတယ်၊ မန်နေးဂျင်းကို အစွမ်းကုန်ကူညီဖို့"

"အိုကေ"

ဦးမိုးသက်တင်ရဲ့ မျက်ဝန်းတွေက ဝင်းလက်တောက်ပသွားရလေသည်။ ဦးမိုးသက်တင်ဟု ခေါ်ရပေမယ့် အသက်အရွယ်ကတော့ ချွတ်နဲ့ မတိမ်းမယိမ်းပါ။ ချွတ်အစ်ကို အရွယ်လောက်ဖြစ်လေသည်။

"ချွတ်ချွတ်ချော"

"ရှင်"

"မင်းလုပ်ရမယ့် အလုပ်က ကိုယ့်ရဲ့ကိုယ်ရံတော်တပ်မှူးလေးပဲ"

"ရှင်"

"ပြီးတော့ ကိုယ့်ချစ်သူ အယောင်ဆောင်ရမယ်"

"ရှင်"

ကြီးကျယ်ခမ်းနားလွန်းတဲ့ ကုမ္ပဏီရုံးခန်းကြီးထဲမှာ အသံတွေက အပ်ကျသံမျှပင် မကြားရအောင် တိတ်ဆိတ်ငြိမ်သက်သွားရလေသည်။

၀ ၀ ၀



# အခန်း (၂)

သူမ ထလိုက်လေသည်။ ဘယ်လိုကြီးလဲ၊ တစ်မျိုးကြီးပါပဲလား။ ချွတ်ချွတ်ကို ဘာထင်လို့လဲ။ ဒီလောက်ကြီးကျယ်ခန်းနားတဲ့ ရှင့်လိုလူတစ်ယောက်က ဒီလိုလုပ်ဖို့ လိုအပ်သေးလို့လား။

"ကိုယ်က ကိုယ်ခံပညာတွေ တတ်ကျွမ်းတဲ့ မိန်းကလေးတစ်ယောက်ကို အနားမှာရှိနေစေချင်တယ်၊ အဲ့ဒီမိန်းကလေးက ကိုယ့်ချစ်သူ ဖြစ်နေရမယ်"

"ကျွန်မ ဘာမှနားမလည်ဘူး၊ ရှင်ဘာတွေပြောနေတာလဲ၊ ရှင့်လိုလူတစ်ယောက်က ဒါတွေလိုအပ်နေလို့လား"

"လိုအပ်လို့ပေါ့ ချွတ်ချွတ်ချော၊ ကိုယ့်လိုလူမျိုးအတွက် ဒီလိုလုပ်တာတော့ နည်းနည်းရှုးကြောင်ကြောင်နိုင်တာပေါ့လေ၊

ဒါပေမယ့် ကိုယ့်အတွက် တကယ်ပဲလိုအပ်နေလို့ပါ"

"ဦးမိုးသက်တင် အတွင်းရေးမှူးမလေး ယုန်ကလေးဆိုရင်ရော"

"ကိုယ့်ရဲ့လက်အောက်ငယ်သားကို ဒီလိုကလေးကလား ပုံစံမျိုး မလုပ်စေချင်လို့ပါ"

"ကျွန်မကိုရော သူက ဦးမိုးသက်တင်ရဲ့ ချစ်သူလို့ ထင်ပါ့မလား"

"ယုန်ကလေး ဘာမှသိစရာမလိုပါဘူး၊ ကိုယ့်ကိစ္စမှာ ယုန်ကလေးကို အသုံးမချချင်တာပါ၊ မင်းက လက်ခံမယ်ဆိုရင် ကိုယ့်ဘက်ကနေ ဘာဖြစ်လို့ မင်းဆီက အကူအညီတောင်းရသလဲ ဆိုတာ ပြောပြမယ်"

ချွတ်ချွတ်ချော်ကို သူအကဲခတ်ကြည့်နေမိလေသည်။ မဆိုးဘူးဟု ထင်မိ၏။ ဆရာကျော်ဇေရဲ့ တပည့်ဖြစ်၍လည်း သူ ယုံယုံကြည်ကြည် တွေ့ဆုံပြောဆိုခြင်းဖြစ်၏။

"ဆောရီးပါပဲ၊ ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး၊ ရှုးကြောင်မှုးကြောင်အလုပ်ကြီးပါ၊ စိတ်ပျက်တယ်"





"ချွတ်ချွတ်ချော"

"ကျွန်မ လုံးဝလက်မခံနိုင်ပါဘူး၊ သွားခွင့်ပြုပါဦး ဦးမိုးသက်တင်၊ ဝမ်းနည်းပါတယ်နော်"

"ချွတ်ချွတ်ချော"

"ပြောပါ"

"မင်းစဉ်းစားပါဦး"

"ဟင့်အင်း"

"ကိုယ်က ယုံကြည်စိတ်ချပြီး ကိုယ်ရေးကိုယ်တာတွေ တိုင်ပင်မိတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး"

"ချွတ်ကိုစိတ်ချပါ၊ ဦးမိုးသက်တင် ဂုဏ်သိက္ခာမဲ့အောင် ဘယ်တော့မှ မပြောပါဘူး၊ ကတိပေးပါတယ်နော်"

ဟုတ်တယ်။ ဒီအလုပ်ကြီးကိုတော့ ချွတ်ချွတ် မလုပ်ချင်ပါဘူး။ ဟွန်း မုန်းလိုက်တာ၊ ကလေးကလား ဦးမိုးသက်တင်လို လူကြီးလူကောင်း လုပ်ငန်းရှင်ကြီးတစ်ယောက်က ဘာဖြစ်လို့များ ဒီလိုလုပ်ရတာလဲ။ စောစောက အထင်ကြီးမှုတွေ ဘယ်ရောက်ကုန်မှန်းပင် မသိတော့ချေ။

"ချွတ်ချွတ်"

"ဘာ"

"အဲ"

"ကျွန်မနာမည်ကို ရှင်အဖျားဆွတ်ခေါ်စရာမလိုဘူး"

"ဟင်"

"ဟွန်း"

ချွတ်ချွတ်ချော အလကားနေရင်း ဒေါသတွေ ဖြစ်ချင်နေမိလေသည်။ နှုတ်ခမ်းသားလေးတွေက စူတင်းတင်းလေးဖြစ်နေရ၏။တကယ့်ကို စိတ်တွေက အခဲမကြေလိုက်တာ။ ခိုးလိုးခုလုနဲ့ နေရထိုင်ရတာ တဲစ်မျိုးကြီးပဲ။ ကုမ္ပဏီကြီးရဲ့ အပြင်ရောက်လာမှ စိတ်သက်သာသွားသလိုပင်။ အမလေး အခုမှ အသက်ရှူချောင်သွားပြီး ကားငှားနေမိသည်။

"ချွတ်ချွတ်ချော"

"ဟင်"

"ကိုယ် မင်းကို ပြောပြစရာတွေရှိတယ်၊ မင်းနားထောင်ပေးဖို့တော့ ကိုယ်တောင်းဆိုပါတယ်"





ဦးမိုးသက်တင်လို လူတစ်ယောက်က တောင်းဆိုတော့လည်း ချွတ်ချွတ်ချော မငြင်းဆန်ချင်ပေ။

"ကားပေါ်တက်ပါ"

ဦးမိုးသက်တင်ရဲ့ မျက်နှာပေါ်မှာ ညှိုးနွမ်းနေလေသည်။ ချွတ်ချွတ် အံ့သြနေမိ၏။ ဦးမိုးသက်တင်မှာ စည်းစိမ်ဥစ္စာတွေနှင့် ပြည့်စုံပြီး ကြီးကျယ်ခန်းနားတဲ့ ယောကျ်ားတစ်ယောက်မှာ ဒီလို အခက်အခဲ အကြပ်အတည်းတွေလည်း ရှိနေသေးပါလား။

"ချွတ်ချွတ်ချော"

"ပြောပါ"

"ကိုယ်မိန်းမတစ်ယောက်နဲ့ လက်ထပ်ရမယ်၊ အဲဒီမိန်းမက ကိုယ်အမုန်းဆုံးမိန်းမတစ်ယောက်ပဲ"

"ရှင်"

"ဒေလီယာဆိုတဲ့ မိန်းမတစ်ယောက်ကို ကိုယ်ငယ်ငယ်လေးထဲက အရမ်းပဲ မုန်းတီးခဲ့တယ် ချွတ်ချွတ်ချော"

"ချွတ်ကို တရင်းတနှီး ချွတ်ချွတ်လို့ပဲ ခေါ်ပါ ဦးမိုးသက်တင်"

"ကိုယ့်ကိုလည်း တရိုတသေ ဦးမိုးသက်တင်လို့မခေါ်ဘဲ ကိုမိုးသက်လို့ပဲခေါ်ပါ"

"အင်း"

ဦးမိုးသက်တင် အပြုံးက နဲနဲတော့ မှိုင်းဆေညှိုးရော်နေလေသည်။ တော်တော်လေး စိတ်ထိခိုက်ကြေကွဲနေပုံပင်။

"ဒေလီယာက ရုပ်ချောတယ်၊ ပညာတတ်တယ်၊ ဒါပေမယ့် အရမ်းခေတ်မီလွန်းနေပြီး နိုက်ကလပ်တက်ကယ်၊ ယောကျ်ားလေးတွေနဲ့ တွဲတယ်၊ မိန်းမလည်းမပီသဘူး၊ ပြီးတော့ ကိုယ့်အချစ်ဆုံးညီကို သတ်လိုက်တဲ့မိန်းမပဲ"

"ဟင်"

"ကိုယ့်ညီရဲ့ချစ်သူပဲ၊ ကိုယ့်ညီ နိုင်ငံခြားမှာ ကားအက်စီးဒင့်ဖြစ်ပြီးဆုံးတာ၊ ဒေလီယာနဲ့ ပြဿနာတက်လို့ စိတ်ညစ်ပြီး အရက်တွေအလွန်အကျွံသောက်တာ"

"ဒီလိုမိန်းမတစ်ယောက်ကို ဘာဖြစ်လို့ ကိုမိုးသက်ရဲ့ မိဘတွေက လက်ထပ်ပေးချင်ရတာလဲ"

"ဒေလီယာတို့ရဲ့ တောင်းဆိုမှုပါ၊ ညီဆုံးသွားတော့ နစ်နာ





မှုအတွက်တဲ့၊ ဒေလီယာနဲ့ ကိုယ် ဘယ်လိုမှ မသင့်မြတ်နိုင်ပါဘူး၊ ခါမီက ကိုယ့်မှာ ချစ်သူရှိနေရင် ငြင်းဆန်နိုင်တယ်တဲ့"

"ဒါများ ရှင့်အတွင်းရေးမှူးမလေးက ဘယ်လောက်ချောလဲ"

"မင်းက ယုံကြည်စိတ်ချရတယ်လို့ ဆရာကျော်ဇေကပြောတယ်လေ၊ ကိုယ်သဘောကျတာက မင်း တစ်ခါတစ်ရံ ယောကျ်ားလေးဆန်ပြီး ကိုယ်ခံပညာတွေလည်း တတ်တယ်မဟုတ်လား"

ချွတ်က မိန်းကလေးလို ဝတ်စားပြင်ဆင်လိုက်လျှင် ချောမောလှပ နုထွတ်နေတဲ့ မိန်းမချောလေးဖြစ်နေရပြီး ယောကျ်ားလေးတစ်ယောက်လို ကျားကျားယားယားနှင့် ကိုယ်ခံပညာတွေလည်း တတ်ကျွမ်းလေသည်။

"ဒီကိစ္စအတွက် ကိုယ်ဘယ်သူမှ မပြောချင်ဘူး ချွတ်ချွတ်၊ ကိုယ်နဲ့အရင်းနှီးဆုံး ဆရာကျော်ဇေကိုပဲ ပြောပြတာ"

"ချွတ်က ကိုမိုးသက်ချစ်သူဆိုတော့ ကိုမိုးသက်မိဘတွေက သဘောတူလက်ခံပါ့မလား"

"အဲဒီအတွက် ကိုယ်စီစဉ်ထားတယ်လေ၊ ချွတ်ချွတ်က မိဘတွေ ကွယ်လွန်သွားပြီး အမွေတွေအများကြီးရပြီး ချမ်းသာတယ်၊ တစ်ယောက်တည်းနေတာ ဘာညာပေါ့"

"ဘယ်လောက်အထိ ချွတ်က ဟန်ဆောင်ပေးရမှာပဲ"

"ကိုယ့်မာမီက ကင်ဆာရောဂါဝေဒနာရှင်ပါ"

"ရှင်"

"အလွန်ဆုံး ခြောက်လလောက်ပဲနေရတော့မှာ၊ ကိုယ့်မာမီကလည်း ဒေလီယာ့ကို မနှစ်သက်ဘူး၊ ဒါပေမယ့် နှစ်ဖက်မိဘတွေက ငယ်သူငယ်ချင်းတွေ ဖြစ်နေတော့ သားသမီးချင်း ဖလှယ်ဖို့ သဘောတူထားကြတာလေ"

ထိုကိစ္စကို အကူအညီပေးဖို့တော့ ချွတ်ချွတ် တွန့်ဆုတ်နေမိလေသည်။ အခိပ္ပာယ်မရှိဟု ထင်မိ၏။ ဆရာက ချွတ်ချွတ်ကူညီမှဖြစ်မယ်ဟု ပြောနေလေသည်။

"ဒေလီယာကို ကိုယ်လက်မထပ်ချင်ဘူး၊ မာမီကလည်း မလွန်ဆန်နိုင်ဘူး၊ ကိုယ့်မှာ ချစ်တဲ့လူရှိတဲ့အကြောင်း ပြောလိုက်မိတယ်၊ မာမီက အဲဒီမိန်းကလေးကို ခေါ်လာခဲ့ရမယ်တဲ့၊ ဒေလီယာ့





မာမီကလည်း လာမယ်တဲ့"

ချွတ်ချွတ်က လုံးဝမိန်းမမဆန်တာပဲ။ ဣန္ဒြေသိက္ခာတွေနှင့် မိန်းမဆန်ဆန် နေရဖော စိတ်မသက်မသာဖြစ်ရသည်။

"နောက်ပြီး မင်းရဲ့ယောကျ်ားလေးဆန်တဲ့ စိတ်ဓာတ်နဲ့ ခပ်ကြမ်းကြမ်း ကောင်မလေးတစ်ယောက်ကိုပဲ ကိုယ်ရွေးချယ်ချင်တယ်၊ ဒါမှ ကိုယ့်ကိုမချစ်မှာလေ"

"ဟွန်း"

"နောက်ပြီး မင်းကို ကိုယ်တစ်ခုလောက် အတိအလင်းပြောထားချင်တာက ယုန်ကလေးက ကိုယ့်ချစ်သူပဲ"

"ကိုမိုးသက် စောစောကပြောတော့ ယုန်ကလေးကို ရှင့်ချစ်သူအဖြစ် ဟန်ဆောင်မပြစေချင်ဘူးဆို"

"ကိုယ် အခု ပွင့်ပွင့်လင်းလင်းပဲပြောမယ် ချွတ်ချွတ်၊ မာမီက ယုန်ကလေးနဲ့တော့ လုံးဝသဘောတူမှာမဟုတ်ဘူး၊ ယုန်ကလေးအကြောင်း မာမီအားလုံးသိနေတယ်လေ၊ ဆင်းရဲနွမ်းပါးတာရယ်၊ ကိုယ့်လက်အောက်ငယ်သား ဖြစ်နေလို့လေ"

ယုန်ကလေးက ကိုမိုးသက်တင်နဲ့ တော်တော်နီးစပ်တဲ့

မိန်းကလေးတစ်ယောက် ဖြစ်နိုင်ကြောင်း သတိထားမိနေသည်။ ဘာဖြစ်လို့လဲဆိုတော့ ချွတ်ချွတ်ကို ကြည့်တဲ့ မျက်ဝန်းတွေက တင်းမာနေလို့ပါ။

"ချွတ်ချွတ်ကို ဦးမိုးသက်တင်က ချစ်သူအဖြစ် ဟန်ဆောင်စေတာ ယုန်ကလေးသိလား"

"မသိဘူး"

"ဒါဆို"

"ကိုယ်မသိစေချင်တဲ့ကိစ္စတွေကို ယုန်က မသိချင်ပါဘူး၊ ကိုယ့်ကို အရမ်းချစ်တယ်၊ ကိုယ်ထားရာနေ စေရာသွားတယ်၊ ယုန်က ငွေကြေးဆင်းရဲတာကလွဲပြီး ကိုယ်နှစ်သက်မြတ်နိုးလာအောင် စွဲဆောင်နိုင်တဲ့ အရည်အချင်းတွေ အများကြီးရှိတယ်လေ"

"တစ်မျိုးပဲ"

"ကိုယ်က ချွတ်ချွတ်ကို ကိုယ့်ဆရာရဲ့တူမ ကုမ္ပဏီ ထောင်ဖို့ လေ့လာချင်တာလို့ ပြောထားတယ်လေ"

"ကိုမိုးသက်တင်က ဘာဖြစ်လို့ အလုပ်ကိစ္စတစ်ခုကို ပြတ်ပြတ်သားသားနဲ့ အမှန်အတိုင်း မလုပ်ဆောင်ချင်ရတာလဲ"





"ကိုယ့်မာမီကြောင့်ပါ၊ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ်ဆိုတော့ ကိုယ့်မာမီ စိတ်သောကရောက်မှာကို မလိုလားဘူး၊ ကိုယ့်လုပ်ရပ်က အရမ်းကလေးကလားဆန်နေလို့ ယုန့်ကိုတောင် အသိမပေးချင်ဘူး"

သူ ကလေးကလားဆန်တာ ဘယ်သူ့ကိုမှ မသိစေချင်ပေ။ ဒေလီယာ့မာမီကို သူ့မှာ ချစ်သူမိန်းကလေးရှိကြောင်း အခိုင်အမာပြရမည်။ ပြီးတော့ သူ့ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ကိုယ်ရံတော်လည်း ဖြစ်စေချင်သည်။

"မင်းကို သာမန်အချိန်မှာ ကိုယ့်ချစ်သူပေါ့၊ ကိုယ့်ကို အန္တရာယ်ပြုသူတွေ ရှိလာရင် မင်းက ကိုယ့်ရဲ့ကိုယ်ရံတော် တပ်မှူးလေးအဖြစ် အကာအကွယ်ပေးရမယ်"

"ချွတ်တော့ နားမလည်ပါဘူး၊ ဘာတွေလုပ်နေတာလဲ ကိုမိုးသက်တင်ကို ဘယ်သူက ရန်ရှာမှာလဲ"

"မင်းစောင့်ကြည့်နေလေ ချွတ်ချွတ်၊ ကိုယ်လုပ်တာတွေ အဓိပ္ပာယ်ရှိမရှိ မင်း တစ်နေ့တော့ သိလာမှာပါလေ"

ချွတ်ချွတ်စိတ်ထဲမှာ မတင်မကျကြီးနှင့် ပြန်လာခဲ့ရသည်။

ဘာတွေလဲ ကိုမိုးသက်က ဘာဖြစ်လို့ ဒီလိုကလေးကလား အလုပ်တွေ လုပ်ကိုင်ကြံစည်ရတာလဲ။ ချွတ်ချွတ် မျက်ဝန်းတွေထဲမှာ လှပချောမောနူညက်နေတဲ့ ယုန်ကလေးကိုပဲ မြင်ယောင်နေမိလေသည်။

○ ○ ○



## အခန်း (၃)

"ချွတ်ချွတ်"

"ရှင်"

"မင်းလက်ခံလိုက်ပါ"

"ဟင့်"

"မိုးသက်မှာ တခြားအခက်အခဲတွေ အများကြီးရှိနေတယ်၊ သူချစ်သူယုန်ကလေးကလည်း သူချစ်သူပါလို့ ပေါ်ပေါ်တင်တင် ပြောလို့ မဖြစ်သေးဘူးလေ၊ သူ့မာမီက ယုန်ကလေးကို အထင်သေးတယ်၊ လုပ်ငန်းအတွက်သာ လက်ခံနေတာလေ"

"ချွတ်ကရော"

"ချွတ်ချွတ်ကိုတော့ မိုးသက်က အသိုင်းအဝိုင်းအတူတစ်ခု

ဖန်ဆင်းပြီး သူနဲ့လက်ထပ်မယ့် ချစ်သူပါလို့ ပြောမယ်လေ"

ချွတ်ချွတ်က ငွေလည်းမလိုပါဘူး။ အလုပ်တစ်ခုခု လုပ်ထားချင်တာရယ်၊ ဆရာကျော်ဇေက အကူအညီတောင်းတာ ရယ်ကြောင့်ပါလေ။

"မိုးသက်က ဆရာ့အခက်အခဲတွေကို အမြဲတမ်း ကူညီ တယ်၊ သူ့အခက်အခဲကို တိုင်ပင်လာတော့လည်း ဆရာက အကူ အညီပေးချင်တယ် ချွတ်ချွတ်၊ သူလိုအပ်နေတဲ့ မိန်းကလေးမျိုး က မင်းပဲလေ"

ဆရာက အလေးအနက်ထားပြီး အကူအညီတောင်းနေ တော့လည်း ချွတ်ချွတ် မငြင်းလိုတော့ပေ။ ဆရာကလည်း ဖေဖေ့ တပည့်အရင်းဖြစ်ပြီး ချွတ်ချွတ်ကိုလည်း အမြဲတမ်း စောင့်ရှောက် နေလာတဲ့သူ ဖြစ်နေ၏။ အဓိပ္ပာယ်ရှိတာတွေ မရှိတာတွေ ဘေးဖယ် ထားလိုက်ပြီး ချွတ်ချွတ် ကူညီရတော့မှာပဲပေါ့လေ။

"ရှင်းရှင်းပြောရရင်တော့ ဒေလီယာအစ်ကိုတွေက ကြမ်း တယ်၊ လူမိုက်တွေပဲ၊ ဒေလီယာက စိတ်ကောင်းမရှိဘူးတဲ့၊ ရန်ရှာ ကြမှာတဲ့"





"ဦးမိုးသက်တင်က ကြောက်လား၊ ကိုယ်ရံတော်တွေ ငှားပေါ့၊ ငွေကြေးချမ်းသာတာပဲဟာ"

"မိုးသက်က သူ့မာမီနဲ့ ဒေလီယာမာမီကို ပြဖို့အတွက်ပဲ မင်းကို မိန်းကလေးပီပီသသ ဝတ်ဆင်ရမှာလေ၊ ကျန်တဲ့အချိန်မှာ တော့ မင်း ယောကျ်ားလေးဆန်ဆန် ကျားကျားယားယား နေထိုင် ပြုမူရမယ်လေ၊ ကိုယ်ရံတော်တွေထားပြီး လူသိထင်ရှားမလုပ်ချင် တာတဲ့ ချွတ်ချွတ်၊ မင်း သူ့ချစ်သူအဖြစ် ဟန်ဆောင်ရမှာက နှစ်ကြိမ် သုံးကြိမ်လောက်ပါပဲလေ"

"ဘာပဲဖြစ်ဖြစ် ဆရာက အကူအညီတောင်းမှတော့ ချွတ်ချွတ် ကူညီပါ့မယ်လေ၊ လက်ခံပါ့မယ်"

"ကောင်းပြီ ချွတ်ချွတ်၊ ဆရာ အကြောင်းကြားလိုက် တော့မယ်နော်"

"ဟုတ်ကဲ့"

"ချွတ်ချွတ်က စိတ်ဓာတ်မာကျောတယ်၊ ကိုယ်ခံပညာ တွေလည်း တတ်တယ်၊ မိန်းကလေးမဆန်တဲ့ မိန်းကလေးမျိုးပဲ ဖြစ်စေချင်တယ်တဲ့"

ဟုတ်တယ်၊ ချွတ်ချွတ်က မိန်းကလေးသိပ်မဆန်ဘူး။ မိန်းကလေးလိုလည်း ဝတ်ချင်မှဝတ်တာ။ ယောကျ်ားလေး ပိုဆန်နေလေသည်။ ဖေဖေက သူကွယ်လွန်သွားရင် ချွတ်ချွတ် နေထိုင်ရင်ဆိုင်နိုင်အောင် လေ့ကျင့်ပေးထားခဲ့၏။ လူ့လောကကြီးထဲမှာ အထီးကျန်ပြီး လောကဒဏ်ကို မခံနိုင်မှာ စိုးရိမ်ပူပန်ခဲ့သည်။

ဖေဖေရဲ့ လေ့ကျင့်သင်ကြားပေးထားခဲ့၍ ချွတ်ချွတ် တစ်ယောက်တည်း နေထိုင်စားသောက်တတ်ခဲ့လေသည်။

"ချွတ်ချွတ် ကူညီတာ ဆရာအရမ်းဝမ်းသာတယ်၊ မောင်မိုးသက်တင် စီစဉ်ညွှန်ကြားတဲ့အတိုင်း ချွတ်ချွတ် လုပ်ပေးရုံပါပဲ"

"ဟုတ်ကဲ့ပါ ဆရာ၊ ချွတ်ချွတ်ကို ယုံကြည်ပါ"

"အိုကေ"

ဆရာကျော်ဇေဆီကနေ ချွတ် ပြန်လာခဲ့လေသည်။ ချွတ်ချွတ် အခန်းပြန်ရောက်တော့ ယုန်ကလေး ရောက်နေ၏။ ချွတ်ချွတ် အံ့သြသွားရလေသည်။ ယုန်ကလေးက သူမလိပ်စာကို သူမကိုယ်ရေးရာဇဝင်မှာ ကြည့်တာပဲဖြစ်နိုင်၏။





"မယုန်ကလေး စောင့်နေရတာ ကြာပြီလားဟင်"

"မချွတ်ချွတ်ချော"

"ပြောပါ"

"ယုန်သိချင်တာက ကိုမိုးသက်ဆီမှာ ဘယ်လိုအလုပ်မျိုး လာလျှောက်တာလဲဆိုတာပါ"

ယုန်ကလေး ဒီလိုလာစပ်စုတာဟာ ကုမ္ပဏီစည်းကမ်း ဖောက်ဖျက်တာပဲဟု ချွတ်ချွတ် ထင်မိသည်။ အင်းလေ မယုန်ကလေးက ကိုမိုးသက်တင်ရဲ့ ချစ်သူ၊ ဇနီးလောင်းပဲ။ ကိုမိုးသက်တင်ရဲ့ မာမီက လူ့လောကကြီးထဲမှာ နောက်ထပ် ခြောက်လလောက်ပဲ နေရတော့မှာဆိုတော့ မယုန်ကလေးကလည်း ကိုမိုးသက်ကတော် ဖြစ်လာရမှာပဲလေ။

"အလုပ်ကိစ္စကတော့ ချွတ်က ကိုယ်ရံတော်တပ်မှူးလေး လုပ်ပေးရမှာပါ"

"ရှင်"

"ဟိုလေ ကိုမိုးသက်က သူ့ရဲ့ကိုယ်ရေးအရာရှိ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ရမှာပါ၊ ယောကျ်ားလေး

တစ်ယောက်ကိုထားရင် ပတ်ဝန်းကျင်မှာ အတင်းပြောကဲ့ရဲ့ခံရမှာ စိုးရိမ်နေတယ်လေ၊ ချွတ်ချွတ်ကိုယ်ခံပညာတွေ တတ်ကျွမ်းတယ်လေ''

ချွတ်ချွတ် ရှင်းပြတဲ့စကားတွေကို ယုန်ကလေးက ငေးကြောင်စွာ နားထောင်နေလေသည်။ ချစ်သူဟန်ဆောင်ရမယ့်ကိစ္စတွေကိုတော့ မပြောဖြစ်။ ကိုမိုးသက်က အထူးလျှို့ဝှက်နေစေလိုသည်။

''ချွတ်ချွတ်က သူ့အနားမှာ ဝန်ထမ်းအဖြစ်နေပေးရမယ်၊ အရေးအကြောင်းကြုံလာရင်တော့ အကာအကွယ်ပေးရမယ်တဲ့''

''ဪ''

''ချွတ်ချွတ်ဆရာက ကိုမိုးသက်ရဲ့မိတ်ဆွေပါ၊ အကူအညီတောင်းလို့ ကူညီတာပါ မယုန်ကလေး''

''မနေ့ကျင်းက ယုန်နဲ့ပတ်သက်ပြီး ဘာတွေများပြောထားသေးလဲဟင်''

''မယုန်ကလေးက သူ့ချစ်သူပါတဲ့၊ သူအချစ်မြတ်နိုးဆုံး မိန်းကလေးပါတဲ့လေ''





''ဟုတ်လား''

''အင်း''

''ကိုမိုးသက်မှာ ကိုယ်ရေးကိုယ်တာကိစ္စတွေ အများကြီးရှိနေနိုင်တာပဲ၊ မယုန်ကလေးကိုတော့ တကယ်ပဲချစ်မြတ်နိုးတာပါ''

''ဪ''

''ကိုမိုးသက်အမေ ကျန်းမာရေးမကောင်းတာ မယုန်ကလေးသိလား''

''ဟင့်အင်း''

''ဟာ…ဒုက္ခပါပဲ၊ ချွတ်က''

''ကိုကိုက ယုန်ကလေးကို ဘာဖြစ်လို့ မပြောပြရတာလဲ၊ အန်တီ စေနန်းရာဇာ ဘာဖြစ်လို့လဲ''

ကိုမိုးသက်တင်ရဲ့ လျှို့ဝှက်ထားတဲ့ ကိုယ်ရေးကိုယ်တာတွေကို ချွတ်ချွတ် နှုတ်မလုံစွာနှင့် ပြောလိုက်မိလေသည်။ ကိုမိုးသက်က ချွတ်ချွတ်အား ယုံကြည်မှုအပြည့်ရှိနေကြောင်း သက်သေပြလိုက်တာပါပဲ။ ကံကောင်းသွားတာက ဘာရောဂါလဲဆိုတာ မပြောလိုက်မိသေးပေ။

"ဖျားနေတာပါ"

"သြော်"

"မယုန်ကလေး စိတ်အေးအေးနေပါ၊ ကိုမိုးသက်လက်ထပ်မှာက မယုန်ကလေးကိုပါပဲ"

"အင်း"

"ချွတ်ချွတ်ကိုတော့ ကိုယ်ရံတော်အဖြစ်ပါပဲ၊ ချွတ်က မိန်းကလေးစိတ် သိပ်မရှိပါဘူး၊ ဖေဖေက ချွတ်ချွတ် ကျားကျားယားယားဖြစ်အောင်ပဲ လေ့ကျင့်ပေးခဲ့တာလေ"

ယုန်ကတော့ ကိုကိုနှင့် ချစ်သူတွေဖြစ်နေကြပေမယ့် ယောက္ခမလောင်းကြီးက လုံးဝသဘောမတူခဲ့ပေ။ အဆင့်အတန်းခွဲခြားလွန်းနေသည်။ ယုန် ဘယ်လောက်ထိ ကြိုးစားခဲ့ရသလဲ။ ယုန်မကျေနပ်မိပေ။ ပြီးတော့ ချွတ်ချွတ်ချောကလည်း ယောကျ်ားလေးဆန်ပေမယ့် ချောမောတောင့်ဖြောင့်နေလေသည်။ ကိုကို ဘာတွေလုပ်နေရတာလဲ။ ယုန်က အတွင်းရေးမှူးမလေးဆိုပေမယ့် ဘာမှမသိရပေ။ ကိုကို လျှို့ဝှက်ထားတာလေ။

"မယုန်ကလေး ဘာတွေသိချင်သေးလဲ"





"ပြောချင်တာတစ်ခု ရှိလို့ပါ"

"ပြောလေ"

"အခု ယုန်ပြောမယ့်ကိစ္စကိုတော့ ရှင် အထူးလျှို့ဝှက်ပေးထားစေချင်ပါတယ်"

"စိတ်ချပါ၊ ချွတ်က အလုပ်သဘောတွေအားလုံးကို နားလည်ပါတယ်"

"အင်း"

"ပြောသာပြောပါ မယုန်ကလေး၊ ချွတ် အထူးလျှို့ဝှက်ထားပေးပါ့မယ်နော်"

"ယုန်နဲ့ကိုကိုက နှစ်ဦးသဘောတူ လက်ထပ်ထားပြီးသားပါ၊ ဒီမှာလက်ထပ်စာချုပ်တွေ"

"ဟင်"

"ယောက္ခမလောင်းကြီးက လုံးဝသဘောမတူဘဲ ကန့်ကွက်နေလို့လေ၊ မချွတ်ချွတ်ချောကိုတော့ သိထားသင့်တယ်ထင်လို့လေ"

မယုန်ကလေးနှင့် နှစ်ဦးသဘောတူ လက်ထပ်တာ မပြော

ခဲ့ပေ။ ကိုမိုးသက်မှာ တခြားကိုယ်ရေးကိုယ်တာ အရှုပ်အထွေးတွေ ရှိနေနိုင်လေသည်။

"စိတ်ချပါ မယုန်ကလေး၊ ချွတ်က အစွမ်းကုန်ကူညီမှာ ပါနော်၊ ကိုမိုးသက်နဲ့ မယုန်ကလေးတို့ ချစ်သူနှစ်ဦး ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ဘဝတစ်သက် ရှေ့လက်တွဲနိုင်ပါစေလို့"

"ကျေးဇူးပါပဲ"

မယုန်ကလေး ပြန်သွားတော့ ချွတ်ချွတ် စိတ်မောစွာ ကျန်ရစ်ခဲ့လေသည်။ ကိုမိုးသက်ကိုလည်း မကူညီ၍ မဖြစ်တော့ပေ။ ဆရာ့စကားတွေကိုပဲ ချွတ်ချွတ် အလေးအနက်ထားပြီး အကူအညီပေးဖို့ပဲ ဆုံးဖြတ်ထားမိသည်။

၀ ၀ ၀



# အခန်း (၄)

သူမက မိုက်သည်။ ငယ်ငယ်လေးထဲက ယောကျ်ား တစ်ယောက်လိုပဲ နေတာပါ။ ဖေဖေကိုယ်တိုင်က မိန်းမဆန်တာ မကြိုက်။ သားမွေးချင်ခဲ့သော ဖေဖေသည် ချွတ်ချွတ်ကို သား ယောကျ်ားလေးတစ်ယောက်ကဲ့သို့သာ နေထိုင်သွားလာစေလေ သည်။

"မမချွတ်"

"ဟင်"

"အရမ်းလှတယ်၊ တောင့်ဖြောင့်နေတာပဲ"

"အဟက်"

"စတိုင်လ်လည်းကျတယ်"

"သွားပြီ"

အိမ်ဖော်ကောင်မလေး ချိုသဲ ခေါင်းလေးကိုပုတ်ပြီး သူမ ထွက်လာခဲ့လေသည်။ လုပ်ငန်းခွင် စတင်ဝင်ရတော့မယ်လေ။ လုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့ ကိုယ်ရံတော်တဲ့။

"ချွတ်ချွတ်ကို ရွေးချယ်ရတာက တစ်ချက်ခုတ် နှစ်ချက်ပြတ်လေ၊ ကိုယ်ချစ်သူကောင်မလေးအဖြစ်ရော ကိုယ့်ကို ကာကွယ်ပေးမယ့် ကိုယ်ရံတော်အဖြစ်တွေရောပေါ့"

ချွတ်ချွတ် ဂျင်းပင်နီအပြာနုရောင်နှင့် စပို့ရှပ်အပျော့စားလေးကို တွဲဖက်ဝတ်ထား၍ သူမအရပ်အမောင်းရော၊ အသားအရေရော၊ ကိုယ်ခန္ဓာအချိုးအစားရော မြင်ရသူ ငေးမောကြည့်ရှုရလောက်အောင် ချောမောသည်။ အောက်ဆင်းလာတော့ သူမအား ကားလာကြိုနေ၏။

"ဆရာကိုမိုးသက်က ကြိုခိုင်းလိုက်လို့ပါ"

ကိုမိုးသက်က ချွတ်ချွတ်အား တလေးတစားနဲ့ အရေးစိုက်သားပဲ။ ကားနှင့်လိုက်လာခဲ့လေသည်။ ကုမ္ပဏီရောက်တော့ ကိုမိုးသက်ရဲ့လက်ထောက် ထင်ပေါ်နှင့် ဆုံရ၏။





"အားပါး"

"ရှင်"

"အမလေး"

သူမက ခပ်တည်တည်နှင့်ကြည့်ပြီး သူ့ကို ကိုင်ပေါက်မယ်လုပ်တော့ အလန့်တကြားနှင့် ဖယ်ပေးလေသည်။

"ကျွီ"

အခန်းတံခါးဖွင့်ပြီး ဝင်လိုက်တော့ အခန်းထဲမှာ ကိုမိုးသက်နှင့် မယုနံကလေးတို့နှစ်ယောက်သား လူချင်းပူးကပ်ပြီး အနမ်းမိုးလေးရွာသွန်းနေကြရာမှ ကမန်းကတမ်း လူချင်းခွာလိုက်ကြလေသည်။

"ဆောရီး"

"အို"

"ကျွန်မတို့ ချိန်းထားကြတာပဲလေ"

ချွတ်ချွတ်လည်း တော်တော်လေး ရှက်သွားရလေသည်။ ကိုမိုးသက် ဘယ်လိုလူလဲ။ ချိန်းထားပြီးတော့။

"ကိုယ်တို့အပြင်သွားရမယ် ချွတ်ချွတ်"

"အင်း"

ချွတ်ချွတ်လည်း ပြောသာပြောရတာ ယောကျ်ားကလေးလိုပဲ ဘယ်လောက်နေနေ မိန်းမစိတ်တော့ အပြည့်အဝရှိနေလေသည်။ မျက်နှာပြင်လေးပေါ်မှာ ရှက်သွေးတွေဖြာပြီး ဆူဆူပူပူတော့ ဖြစ်နေရ၏။

"ချွတ်ချွတ်"

"ရှင်"

"ဆောရီး"

"ရပါတယ်"

"ဒီညနေ ကိုယ့်မာမီက မင်းကိုတွေ့မယ်တဲ့၊ မင်းကို ကိုယ်သင့်တန်းပေးရမယ်"

"ဟုတ်ကဲ့"

"မင်းက ဒီလိုဝတ်စားပြင်ဆင်ထားတော့လည်း ယောကျ်ားလေးလိုပဲ ကျားကျားယားယားရှိသားပဲ"

ချွတ်ချွတ်ချော ပုံစံလေးက တစ်မျိုးလေး ထူးခြားပြီး ချစ်စရာ စွဲမက်စရာကောင်းနေသည်ဟု ထင်မိသည်။ ထင်ပေါ်က





ပြောတော့ လက်သံလည်းပြောင်တယ်တဲ့။ ယောကျ်ားလေးတစ်ယောက်လိုပဲ သန်မာနေတာပဲတဲ့။ ဦးမိုးသက်ကတော့ ယုန်ကလေးကို ချစ်သူအဖြစ် ရွေးချယ်မိတာ မှားပြီဟု ထင်မိလေသည်။ ယုန်ကလေးက လှပချောမောပြီး အေးချမ်းသလို ထင်မိပေမယ့် ကာမဆန္ဒများလွန်းသည်ဟု ထင်မိ၏။ ချွတ်ချွတ်ဝင်လာမည့် အချိန်ကိုက်ပြီး သူ့ကို ပွေ့ဖက်နမ်းလေသည်။ ရှန်းဖယ်ပြန်တော့လည်း ချွတ်ချွတ်ချောကြောင့်လားဟု ပြောဦးမည်။ ဘယ်လောက်များရှက်စရာကောင်းနေလဲ။ ချွတ်ချွတ်ချောကိုလည်း မျက်နှာပူနေရ၏။

"ချွတ်ချွတ်"

"ပြောပါ"

"ကိုယ့်မာမီက ယုန်ကလေးနဲ့ လုံးဝသဘောမတူဘူး"

"ဟုတ်လား"

"မင်းဟန်ဆောင်ပေးဖို့ပါပဲ၊ ကိုယ့်မာမီ အလိုအပ်ဆုံးက ကိုယ့်ကို စိတ်ချသွားချင်တာပဲ"

"ပြောပါ"

ချွတ်ချွတ်ကတော့ တည်ငြိမ်နေလေသည်။ ဘာမှခံစားမှု မရှိပေ။ သူမက ယောက်ျားလေးတွေနဲ့ အကင်းရှင်းဆုံးနေတာပဲ။

"ယုန်ကလေးကိုမုန်းတယ်၊ သဘောမကျဘူး၊ ယုန်က လေးနဲ့ကိုယ် လက်ထပ်မှာကို မလိုလားဆုံးပဲလေ"

"အင်း"

"ကိုယ့်မာမီက မြန်မာဆန်ပြီး တည်ငြိမ်အေးချမ်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ပဲ ကိုယ့်ကို လက်ထပ်ပေးချင်တယ်"

"ဒါဆို ချွတ်ချွတ်နဲ့ ဖြစ်ပါ့မလား"

"မင်းဟန်ဆောင်ပေးရမယ်လေ၊ မင်းမျက်ဝန်းလေးတွေက ရိုးသားဖြူစင်ပြီး အေးချမ်းတယ်"

"အဟက်"

"မရယ်နဲ့"

"ကျွန်မက ယောက်ျားဆန်တယ်နော်၊ ကျွန်မက ရှင်နဲ့ ပေါင်းပြီး ရှင့်အမေကို လာလိမ်တာပဲ၊ ဘယ်လိုလုပ်ပြီး ကျွန်မ မျက်ဝန်းတွေထဲမှာ ရိုးသားမှုတွေ ရှိနေမှာလဲလို့"

"ချွတ်ချွတ်"





"ပြောပါ"

"ကိုယ့်ကို ကူညီပါ"

"အင်းလေ"

"မင်းက ကိုယ့်အတွက် အလိုအပ်ဆုံးပဲလေ၊ ကိုယ့်ကို လည်း ကာကွယ်ပေးနိုင်တယ်"

"ကိုမိုးသက်မာမီက လက်ခံပါ့မလား"

"ကြိုးစားကြည့်ကြတာပေါ့လေ၊ ကိုယ့်အမေက မကြာခင် လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ့် ကင်ဆာဝေဒနာ တွေ စွဲကပ်နေရှာတာပါ၊ မာမီ အသက်ရှင်နေရတဲ့ အချိန်လေးမှာ စိတ်ချမ်းသာပြီး ကိုယ့်ကို စိတ်ချသွားစေချင်တာပါပဲ"

ချွတ်ချွတ်လည်း ကိုယ်ချင်းစာမိပါတယ်လေ။ ချွတ် မေမေ ကလည်း ကင်ဆာရောဂါဝေဒနာနဲ့ ကွယ်လွန်သွားခဲ့ရတာပါပဲ။ ရင်ထဲမှာ နာကျင်ကြေကွဲသွားရသည်။ မေမေ့ကို သတိရမိနေ၏။ ချွတ်ချွတ် မေမေလည်း ချွတ်ချွတ်အတွက် စိတ်မချပေ။ ဖေဖေ့ထံ တွင် ကတိတွေအထပ်ထပ် တောင်းပြီး စောင့်ရှောက်စေ၏။ ကိုမိုး သက်တန့်ရဲ့ မာမီကိုလည်း ချွတ် အစွမ်းကုန်ကူညီဖို့ ဆုံးဖြတ်ထား

ပါသည်။

"ကိုယ့်မာမီက ယုန်ကလေးတို့ အသိုင်းအဝိုင်းထဲကို လုံးဝမဝင်စေချင်တာပါ၊ ကိုယ်နဲ့ယုန်ကလေး နီးစပ်မှာ အကြောက်ဆုံးပဲဖြစ်နေတယ်"

ကိုမိုးသက်က မယုန်ကလေးအကြောင်း သဘောလောက်တော့ ပြောပြနေသည်။ ချွတ်ချွတ်ကတော့ ဆရာ့ကြောင့်ရော ချွတ်မမေနှင့်ရော ကိုယ်ချင်းစာပြီး အကူအညီပေးချင်တာပါပဲလေ။ ပြီးတော့ ချွတ်က မိန်းမလုံးဝမဆန်ချင်ဘူး။ ဖေဖေက ချွတ်ကိုယ်ချွတ် ကာကွယ်နိုင်ဖို့ ကိုယ်ခံပညာတွေ သင်ပေးထားခဲ့လေသည်။ ချွတ်က ကျားကျားယားယားပဲ နေတတ်တယ်။ မိန်းမဆန်ဖို့တော့ အတော်လေး ကြိုးစားရမှာပဲ။ ကိုမိုးသက်ကလည်း ရိုးသားတည်ကြည်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

"မင်း အတတ်နိုင်ဆုံး အကူအညီပေးပါ ချွတ်ချွတ်၊ မင်းနာမည်က ချွတ်ချွတ်ချော့ပဲ၊ ကိုယ်က ချော့လို့ မိတ်ဆက်ပေးမယ်"

"ကြိုးစားကြည့်ကြတာပေါ့လေ"





"ကျေးဇူးတင်ပါတယ် ချွတ်ချွတ်ချော့ရယ်၊ မင်းနဲ့တွေ့ဆုံခွင့်ရတာ ကိုယ်အရမ်းကံကောင်းတာပါပဲ၊ ကျေးဇူးလည်း တင်ပါတယ်ကွာ"

"ကျွန်မက အလုပ်တာဝန်အရနော်၊ အခုချိန်ကစပြီး ရှင့်ရဲ့ ဝန်ထမ်းပေါ့"

"အို"

"ချွတ်ချွတ် အတတ်နိုင်ဆုံး ကူညီပေါ့မယ်လေ၊ ချွတ်မှာလည်း အမေမှမရှိတာပဲ၊ ချွတ်အဖေကိုယ်တိုင် ကင်ဆာရောဂါနဲ့ သေဆုံးရတာပါ"

အကြည့်ချင်းဆုံမိသွားပြီး အပြုံးချင်း ထပ်တူဖြစ်သွားလေတော့သည်။

ooo

# အခန်း (၅)

ခေါ်စောနန်းရာဇာသည် အလွန်ချောမောခန့်ညားတဲ့ အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေလေသည်။ ကျန်းမာရေးကြောင့် အသားအရေ ဖြူရော်ပြီး ပိန်ပိန်ပါးပါးလေးဖြစ်နေ၏။ ကိုမိုးသက်တင် ချွတ်ချွတ်လက်လေးကိုဆွဲပြီး ဧည့်ခန်းသို့ ခေါ်လာခဲ့လေသည်။ ဒေလီယာ၏မိခင်လည်း ရှိနေ၏။

"မာမီ"

"ဟင်"

"မိုးသက်ချစ်သူပါ မာမီ၊ ချောပါ"

ချွတ်ချွတ်ချောနှင့် မိတ်ဆက်ပေးလေသည်။ အမလေးချွတ်ချွတ် ရင်တွေပန်းတွေတုန်နေရ၏။ အကြည့်တွေက စူးစိုက်

နေရသည်။

"သမီး"

"ရှင်"

"မော့ကြည့်ပါဦး"

"ဟုတ်ကဲ့"

"မာဂရက်ကြည့်ပါဦး နှန်းရဲ့ချွေးမလောင်းလေးက ဘယ်လောက်များချောပြီး ကျက်သရေရှိလိုက်သလဲလို့"

ဒေါ်စောနှန်းရာဇာရဲ့ ချီးမွမ်းစကားကြောင့် ချွတ်ချွတ် စိတ်သက်သာရာ ရသွားရလေသည်။ ချွတ် စိတ်တွေကိုထိန်းပြီး ဟန်မပျက်ဆက်ဆံဖို့ ကြိုးစားနေရသည်။ ချွတ်ချွတ် ဘယ်တော့မှ လိမ်ညာဟန်ဆောင်တတ်ခြင်း မရှိပေ။

"အင်း မိုးသက် အရွေးတော်သားပဲ၊ မိန်းကလေးက တော်တော်ချောတာပဲ"

ဒေါ်မာဂရက်ကပါ ချွတ်ချွတ်ကို ချီးမွမ်းနေလေသည်။

"မာမီ စိတ်အေးပါပြီ၊ သားရဲ့ရွေးချယ်မှုက မှန်သားပဲ၊ မာမီသဘောတူပါတယ်လေ၊ သားနဲ့သမီးတို့ မင်္ဂလာပွဲကို ကြီးကျယ်





ခမ်းနားစွာ ကျင်းပမယ်ကွယ်"

"ရပါတယ် မာမီရယ်၊ ချောက မာမို့ကျန်းမာရေးပဲ စိတ်ပူတာပါနော်၊ နေကောင်းအောင်ပဲနေပါ မာမီ၊ ချောရော ဘာများကူညီရမလဲရှင်"

"မာမို့ဆီကိုပဲ မကြာခဏလာပါကွယ်၊ သားက မာမီရဲ့ တစ်ဦးတည်းသောသားပါ၊ မာမီ မသေဆုံးခင် သားနဲ့သမီးကို လက်ထပ်ပေးရမယ်လေ"

ဒေါ်မာဂရက်ကတော့ ကိုမိုးသက်မှာ ချစ်သူရှိနေတယ်ဆိုတော့ သမီးဒေလီယာနှင့် လက်ထပ်ပေးဖို့ကိစ္စ ပယ်ဖျက်ဖို့ပဲရှိတော့၏။ မောင်မိုးသက်လို ယောကျ်ားတစ်ယောက်နှင့် လက်ထပ်စေလိုသည်။

"သမီးလေး"

"ရှင်"

"မာမီက သေလူဖြစ်နေပါပြီကွယ်၊ အခုလို သားနဲ့ ဂုဏ်ခြင်တူညီပြီး ချောမောလှပတဲ့ မိန်းကလေး ဖြစ်နေတဲ့အတွက် မာမီအရမ်းပဲ ကျေနပ်ပျော်ရွှင်နေမိပါတယ်လေ"

ဒေလီယာလို မိန်းကလေးတစ်ယောက်နှင့်တော့ ဒေါ်စောနန်းရာဇာလည်း သားကြီးကို လက်မထပ်ပေးလိုပေ။ သားငယ်လည်း ဆုံးသွားရသည်။ မာဂရက်က သူငယ်ချင်းဖြစ်၍ ဒေလီယာနှင့်သားကြီးကို လက်ထပ်ပေးဖို့ တောင်းဆိုခဲ့၏။ မိမိငြင်းဆန်၍မရပေ။ သားကြီးမှာ ချစ်သူရှိနေသည်ဆို၍ ဝမ်းသာသွားရသည်။ ချောမောလှပ အိစက်နေတာပဲ။ ငွေကြေးဥစ္စာလည်း ချမ်းသာတယ်ဆိုတော့ မိမိဘက်မှ ဘာမှကန့်ကွက်စရာ မရှိတော့ပေ။

"သမီးကို မြင်မြင်ချင်းပဲ ရေးရေစက်လားတော့မသိပါဘူး၊ သမီးလေးတစ်ယောက်လို ချစ်သွားမိတယ်၊ မာမီဆီ လာနော်၊ သားကြီးကို ဘယ်လိုပြုစုကျွေးမွေးရမလဲဆိုတာ မာမီသင်ပေးချင်လို့ပါ"

"ဟုတ်ကဲ့ပါ မာမီရယ်၊ ချောလည်း သင်ချင်ပါတယ်၊ ကိုကို ဘာတွေကြိုက်နှစ်သက်တတ်လည်းပေါ့၊ မာမီသင်ပေးပါနော်"

"အေးကွယ် သမီးလေးကိုမြင်ရတာ မာမီ စိတ်ချမ်းသာလိုက်တာ၊ မာဂရက်ရေ ချွေးမလောင်းက လှလိုက်တာနော်





ဘယ်လိုလဲ"

"အင်း မာဂရက်လည်း ထောက်ခံပါတယ်နော်၊ တကယ့်ကို လိုက်ဖက်တဲ့ အတွဲလေးပဲ၊ ဒေလီယာ့ကိုလည်း ပြောပြရဦးမယ်"

ချွတ်ချွတ်လက်လေးကို ဒေါ်စောနန်းရာဇာက ဆုပ်ကိုင်ထားပြီး ကျေနပ်နှစ်သက်နေတဲ့ပုံပင်။ ချွတ်ချွတ်ကတော့ စိတ်ရှုပ်ထွေးနေရသည်။ ဟန်ဆောင်ပြီးနေရတာ စိတ်မောပြီး မသက်မသာဖြစ်နေရ၏။ ဒေါ်စောနန်းရာဇာက ချစ်ခင်နေ၍လည်း ပိုပြီး စိတ်မသက်မသာ ဖြစ်ရလေသည်။

"ညစာအတွက် ချောနဲ့သားပဲ သွားပြင်လိုက်မယ်နော်မာမီ"

"ဖြစ်ပါ့မလားကွယ်၊ မာမို့ချွေးမလေး လုပ်ကိုင်တတ်ပါ့မလား"

"ဟုတ်ကဲ့၊ ချောလုပ်ကိုင်တတ်ပါတယ် မာမီ၊ သင်ထားတာပါ၊ ချောက အိမ်မှုကိစ္စတွေကို စိတ်ဝင်စားပါတယ်"

"အမလေး တော်လိုက်တာ သမီးလေးရယ်၊ မာမီလည်း

ဒီလိုပဲ ကိုယ်မလုပ်ရင်တောင် စိတ်ဝင်တစားနဲ့ သင်ထားတယ်၊ ဒါမှ စီမံခန့်ခွဲနိုင်မှာပေါ့"

ကိုမိုးသက်က ချွတ်ချွတ် စိတ်သက်သာစေရန် တမင် မီးဖိုခန်းထဲသို့ ခေါ်ဆောင်လာခြင်းဖြစ်လေသည်။

"ဒုက္ခပါပဲ ကိုရောင်စဉ်၊ ချွတ် ဘာမှမတတ်ဘူးနော်၊ ချွတ်က ယောကျ်ားလေးလိုပဲနေတာ၊ မိန်းကလေးအလုပ်တွေ ဘာမှ မလုပ်တတ်ဘူးနော်"

ချွတ်ချွတ် စိတ်မသက်မသာနှင့် ခပ်ညည်းညည်းလေး ပြောနေမိသည်။ ယောကျ်ားလေးတစ်ယောက်လို ဝတ်စားပြင်ဆင်တတ်တဲ့ ချွတ်ချွတ်တစ်ယောက် မိန်းကလေးလို ဝတ်ရတော့လည်း စိတ်အိုက်နေပေမယ့် အရမ်းကို အံစက်ချောမောကာ ကျက်သရေ ရှိနေလေသည်။

"ချွတ်ချွတ်"

"ဟင်"

"ဒီလိုဝတ်စားပြင်ဆင်လိုက်တော့လည်း မင်းက ဣန္ဒြေရှိတဲ့ မိန်းကလေးတစ်ယောက်ပါပဲ"





"အဲဒါက အရေးမကြီးဘူးနော် ကိုမိုးသက်၊ စားသောက် ရောတွေ ချက်ပြုတ်ဖို့က"

"မပူပါနဲ့ ချွတ်ရာ၊ ကိုယ်အားလုံး စီစဉ်ပြီးသားပါ၊ ဟင်း ဘမင်းတွေက အဒေါ်ကြီးချက်ပြီးသားပါ၊ ကိုယ်တို့က ပြင်ဆင်ပေး နံ့ပါပဲ"

"ကိုမိုးသက်"

"ဟင်"

"မယုန်ကလေးလည်း ချောမောပြီး ကျက်သရေရှိတာပဲ၊ ဘင်ဘာဖြစ်လို့ မယုန်ကလေးနဲ့ မိတ်ဆက်မပေးရတာလဲ"

"ယုန်ကလေးအကြောင်းကို ကိုယ့်မာမီက သိနေတယ်၊ အခုလို ကိုယ့်အတွင်းရေးမှူးနေရာမှာ ရှိနေတာတောင် မာမီမသိဘူး လေ၊ ယုန့်ကိုသာ ပြလိုက်ရင် မာမီ လုံးဝကန့်ကွက်မှာပဲ၊ ဒေလီယာ ကိုတောင် လက်ခံဦးမယ်"

"ချွတ်ကတော့ ဟန်ဆောင်နေရတာ စိတ်မသက်သာဘူး၊ သိမ်ညာပြောဆိုရတဲ့ကိစ္စတွေလည်း ချွတ် အရမ်းမုန်းတာပဲ၊ သေချင် လောက်အောင် စိတ်ရှုပ်ထွေးနေရတယ်၊ ဖေချွေးတွေတောင် ပြန်ချင်

ပြီ"

"ကိုယ့်မာမီက သေလုပါ၊ မာမီ အသက်ရှင်နေရတဲ့ အချိန်တွေမှာ ကိုယ်က သားလိမ္မာပဲဖြစ်ချင်တယ်၊ ကိုယ် အခုလို အရေးပေါ်စီစဉ်လိုက်ရတာက ဒေလီယာ့ကြောင့်ပါ၊ ကိုယ်နဲ့ လက်ထပ်ပေးဖို့ မာမီ့ဆီမှာ တောင်းဆိုနေလို့လေ၊ ဒေလီယာ့ကိုတော့ ကိုယ်မုန်းတယ်၊ လုံးဝလက်မထပ်နိုင်ဘူး ချွတ်ချွတ်"

ကိုမိုးသက်အား စိတ်မသက်မသာနှင့် ချွတ်ချွတ် ကြည့်မိနေလေသည်။

"ချွတ်တို့ကို သူအသက်ရှင်နေတုန်း လက်ထပ်ပွဲကြီး ကျင်းပပေးမယ်ဆိုရင်ရော"

"ကိုယ်ရှောင်မှာပါ၊ တကယ်လို့ ရှောင်လို့မရရင် ကိုယ်တို့ လက်ထပ်ကြမယ်လေ၊ ဟန်ပြပေါ့၊ နောက်မှ ကွာရှင်းကြမယ်လေ"

"ဟွန်း ရှင်က လွယ်လိုက်တာ၊ ချွတ်ချွတ်က မိန်းက လေးရှင့်၊ အဲဒီလိုတော့ လုပ်လို့မဖြစ်ဘူးနော်"

"ကူညီမယ့် ကူညီတော့လည်း ပြီးဆုံးအောင်ပဲကူညီပါ ချွတ်ချွတ်ရာ၊ မင်းကို မနစ်နာစေရပါဘူး၊ မာမီမသေဆုံးခင်မှာ





စိတ်ချမ်းသာသွားစေချင်တာပါ"

ချွတ်ချွတ် တကယ်ပဲ စိတ်ရှုပ်ထွေးနေရလေသည်။ မိန်းက လေးပီပီသသ ဝတ်စားပြင်ဆင်ပြီး ဣန္ဒြေသိက္ခာတွေနဲ့ နေရတာကို က ချွတ် မသက်သာပေ။

"ကဲပါ ချွတ်ချွတ်ရာ ထမင်းပွဲတွေ ပြင်ရအောင် ချွတ် ဘာမှမလုပ်ချင်ရင်လည်း ကိုယ်လုပ်ပါ့မယ်"

"ဟင် ကိုမိုးသက်က လုပ်တတ်လို့လား"

"ကိုယ့်ကို မာမီက သင်ပေးထားတာလေ၊ ကိုယ်က စားသောက်စရာတွေ ချက်ပြုတ်ပြင်ဆင်ပေးရတာ ဝါသနာပါတယ်"

"တော်သေးတာပေါ့"

နှစ်ယောက်သား ညစာအတွက် ထမင်းဟင်းတွေ ပြင်ဆင်ကြသည်။ ချွတ်ချွတ်က ဘာမှမတတ်။ ဝိုင်းကူပေးဖို့ပဲရှိ၏။

"အိမ်ကဒေါ်ကြီး ရွာပြန်သွားလို့ ကိုယ်ပဲ မာမီ့ကို ချက်ပြုတ်ပြင်ဆင်ကျွေးနေရတာလေ"

"ဘယ်ဆိုးလို့လဲ"

"မာမီ ပိုက်ဆံချမ်းသာပေမယ့် အိမ်မှုကိစ္စတွေကို သူကိုယ်

တိုင်လုပ်ရမှ ကျေနပ်တာ၊ ချွေးမကိုလည်း သူ့လိုပဲ ဖြစ်စေချင်တယ်"

ကိုမိုးသက်က ချွတ်ချွတ်ကို သူ့မာမီနှစ်သက်သော မြန်မာဆန်ဆန် ကျက်သရေရှိရှိ ဝတ်စားပြင်ဆင်စေလေသည်။

"သားငယ်ကလည်း ဒေလီယာ့လို မိန်းကလေးမျိုးနဲ့ ချစ်သူတွေဖြစ်ပြီး မာမီမနှစ်သက်ပေမယ့် သူငယ်ချင်းရဲ့သမီး ဖြစ်နေတော့ ချွေးမအဖြစ် လက်ခံခဲ့ရတယ်၊ မာမီစိတ်မကောင်းဘူး၊ ကိုယ်နဲ့ ထပ်ပြီး တောင်းဆိုတော့ သားမှာချစ်သူရှိရင် ငြင်းလို့ရတယ်တဲ့၊ အခု ချွတ်ချွတ်ကူညီလို့ အရမ်းအဆင်ပြေတာပဲကွာ"

"ချွတ်ချွတ်ကတော့ သေချင်လောက်အောင် စိတ်ညစ်နေရတာပါနော်"

"ကျေးဇူးမမေ့ပါဘူး ချွတ်ချွတ်ရယ်၊ ဒီကျေးဇူးကို မင်းကျေနပ်တဲ့အထိ ဆပ်ပါ့မယ်"

ချွတ်ချွတ်လည်း မတတ်သာတော့သဖြင့် ရှေ့ဆက်ပြီး ဟန်ဆောင်ပေးဖို့ပဲ ဆုံးဖြတ်ထားလိုက်လေသည်။

၀ ၀ ၀



## အခန်း (၆)

"စိတ်မောလိုက်တာ၊ ဟူး အခုမှပဲ သက်သာတော့တယ်၊ ချွတ် မလိမ်ညာတတ်ဘူး၊ ဖေဖေကလည်း လိမ်ညာပြောဆိုတာကို ကြီးလေးတဲ့အပြစ်လို့ သတ်မှတ်တယ်လေ"

ချွတ်ချွတ်ကို မိုးသက်တင် ကြည့်နေမိလေသည်။ တကယ့်ကို ဖြူစင်ရိုးသားတာပဲ။ စောစောက ဣန္ဒြေသိက္ခာရှိရှိ ဝတ်စားပြင်ဆင်ထားတာတွေကို ဖျက်ပစ်လိုက်ပြီး သူမဝတ်ဆင်နေကျ ဂျင်းနံပင်နှင့် စပို့ရှပ်အပျော့စားလေးကို ဝတ်ဆင်လေသည်။ ချွတ်ချွတ်က မြင်သူငေးကြည့်လောက်အောင် ဖွဲ့ဆောင်မှုရှိနေသူပဲ။ ယုန်ကလေးတောင် ချောမောလှပနေပေမယ့် တစ်ခုခု လိုအပ်နေသလို ပေါ့ပျက်ပျက်နေသေးသည်။

"ရှင့်မာမီကိုတော့ ချွတ်ချွတ် ခဏခဏမတွေ့ချင်ပါဘူး နော်ကိုမိုးသက်၊ စိတ်ညစ်တယ်၊ လက်ထပ်ဖို့ကိစ္စလည်း အချိန်ဆွဲထားပါနော်၊ ရှင်နဲ့လက်ထပ်သင့်တာက ယုန်ကလေးပဲလေ"

ယုန်ကလေးကတော့ ကိုမိုးသက်နဲ့ လက်ထပ်ထားပြီးသားတဲ့။ ချွတ်ချွတ်ကတော့ စိတ်မဝင်စားပါဘူး။ ဆရာကြောင့် ကူညီတာပဲ။

"ချွတ်ချွတ်"

"ရှင်"

"မင်းက ကိုယ့်ရဲ့ကိုယ်ရံတော်နော်"

"အဟက်"

"မရယ်နဲ့"

"ရှင့်လိုလူမျိုးမှာ ဘာအန္တရာယ်တွေ ရှိနေမှာလဲ၊ မလိုအပ်ဘဲနဲ့တော့ ရှင့်အနားမှာ မနေချင်ပါဘူး"

"ကိုယ့်မှာ အန္တရာယ်ဆိုတာရှိတယ်၊ မင်းမသိပါဘူး၊ ချွတ်ချွတ် ကိုယ်ကလည်း အကြောင်းမရှိပဲ မင်းကို ကိုယ့်အနားမှာ မခေါ်ထားပါဘူး၊ ဒီကိစ္စတွေအားလုံး မင်းဖုံးကွယ်ပေးထားပါ၊





အထူးသဖြင့် ယုန်ကလေး မသိစေချင်ဘူး"

"ချွတ် နားလည်ပါတယ်၊ ရှင့်ကျေးဇူးတွေ ဆရာ့ဆီမှာ အများကြီးရှိနေတယ်ဆိုလို့ ချွတ် ကူညီတာပါ"

"ကျေးဇူးပါပဲ ချွတ်"

ချွတ်ချွတ် သူ့အနားမှာရှိနေတာက သူ့စိတ်တွေ လုံခြုံပြီး အားတက်နေလေသည်။ ချွတ်ချွတ်ရဲ့ အစွမ်းတွေပဲ အမြဲတမ်း တက်ကြွပြီး အခက်အခဲ အကြပ်အတည်းမှာ ဖြေရှင်းရန် ဆုံးဖြတ်နိုင်စွမ်းရှိသူပင်။

"ကိုမိုးသက်"

"ပြော"

"ချွတ်ချွတ်တို့ ကုမ္ပဏီကို သွားကြမလား"

"အင်း"

"မန်နေးဂျင်း"

"အိုကေ"

သူတက်ကြွနေလေသည်။ ချွတ်ချွတ်က ကိုယ့်အဖော်ပဲ။ မိတ်ဆွေသူငယ်ချင်းလို ဖြစ်နေရ၏။ သူ့ရင်ထဲက မွန်းကြပ်နေမှုတွေ

ကိုလည်း ရင်ဖွင့်လို့ရနေလေသည်။

"ချွတ်ချွတ် ကုမ္ပဏီလိုက်စရာမလိုတော့ဘူးလေ ပြန်တော့၊ မင်းအရမ်းပင်ပန်းနေပြီပဲ၊ ကိုယ်လိုက်ပို့ပေးမယ်"

"အိုကေ နားလည်ပါတယ်နော်၊ အခုလို အချိန်မှာတော့ ချွတ်ချွတ်တို့က မလိုအပ်တော့ဘူးပေါ့နော်"

"ကိုယ်က ချွတ်ချွတ်ကို နားစေချင်တာပါ"

"ဟုတ်ပါပြီ"

ကားနှင့် ချွတ်ချွတ်ကို သူလိုက်ပို့လေသည်။ ချွတ်ချွတ် ကားပေါ်မှ ဆင်းသွားတော့ သူ့ရင်ထဲမှာ ဟာသွားရလေသည်။ ကိုယ့်ဘဝမှာ အမြဲတမ်း မွန်းကြပ်နေရပြီး ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတဲ့လူတွေကို ညှာတာထောက်ထားမှုတွေပဲ ရှိနေတာပါ။ ကုမ္ပဏီကို သူပြန်လာခဲ့လေသည်။

"ကိုကို"

"ဟင်"

"ယုန်က ညစာစားဖို့စောင့်နေတာလေ၊ ယုန့်ကို အသိမပေးဘဲ ဘယ်တွေသွားနေတာလဲ"





မာမီနဲ့ တွေ့ဖို့ဆိုတာ ယုန်ကလေးအတွက် မဖြစ်နိုင်ပေ။ မာမီက ယုန်ကလေးကို လုံးဝလက်မခံပေ။

"ယုန်ကလေး အမေက မာမီတို့အိမ်နီးနားချင်းပဲ၊ အကျင့်စရိုက်မကောင်းဘူး၊ သူ့အမေက ဖဲအရမ်းရိုက်တာပဲ၊ သား လုံးဝမပတ်သက်နဲ့နော်၊ ကင်းကင်းနေ"

ယုန်ကလေးတို့ သူနှင့်လာပြီး အဆက်အသွယ်လုပ်တာ မာမီသိသွားတော့ ကင်းကင်းရှင်းရှင်းနေဖို့ သတိပေးထားလေသည်။

"ကိုကို"

"ဟင်"

"ယုန် စိတ်ပူနေတယ်၊ ယုန့်ကို ပစ်ခွာမသွားပါနဲ့ ကိုကိုရယ်နော်"

ယုန့်လက်ကလေးက သူ့ခန္ဓာကိုယ်အား ရစ်သိုင်းဖက်တွယ်လာလေသည်။ သူနှင့်ယုန် ချစ်သူမက ချစ်ခင်ကြင်နာယုယခဲ့ကြတာ နှစ်လကျော်လောက်ရှိလာခဲ့၏။ ယုန်ကပဲ သူ့ကို အစွမ်းကုန်လိုက်လျောမှုတွေ ပြုခဲ့တာပါ။ မာမီက မသိပေ။ ယုန့်ကို အလုပ်ခန့်ထားတာလည်း မာမီမသိ။

"ကိုကိုနော် ယုန့်ကို စိမ်းကားရက်စက်သွားမယ်ဆိုရင်တော့ ယုန့်အစ်ကိုတွေက သည်းခံနေမှာမဟုတ်ဘူးနော်၊ ဟိုက လူမိုက်တွေသိလား"

ယုန်ကလေးက နှုတ်ချောမောသလောက် စိတ်ကမာကျောကြောင်း မိုးသက် သိလာရသည်။ ငယ်စဉ်လေးထဲက ယုန်နှင့် သူ အိမ်နီးနားချင်းတွေပါ။ နောက်ပိုင်း မိုးသက်မာမီက လူငယ်ချင်း နီးစပ်သွားမှာစိုး၍ ရန်ကုန်ကို ပြောင်းရွှေ့လာခဲ့သည်။ ငါးနှစ်လောက် ကွဲကွာသွားပြီးမှ ပြန်၍ဆုံမိကြ၍ ယုန်ကလေးက လာရောက်ဆက်သွယ်ခြင်းဗင်။

"ကိုကိုက ယောက်ျားကောင်းတစ်ယောက်ပါ ယုန်ရယ်၊ တာဝန်ယူရဲတဲ့သတ္တိရှိပါတယ်"

"ကိုကိုရယ်"

ယုန်ကလေးကတော့ ယောက္ခမလောင်းကြီး ဒေါ်စောနန်းရာဇာက သဘောမတူ၍ မကျေမနပ်ဖြစ်နေရလေသည်။ ဒါကြောင့်လည်း ကိုကို့အား အမိအရ တွယ်ကပ်ထားရလေသည်။ ကိုကို့မာမီက ယုန့်ကို မတူမတန်သလို လုပ်နေတာပဲ မကျေနပ်မိ။





"ယုန်က ကိုကိုရဲ့ ပုန်းလျှိုးကွယ်လျှိုး ချစ်သူအဖြစ် တစ်သက်လုံးနေရတော့မှာလားဟင်၊ ပြီးတော့ ဟို ချွတ်ချွတ်ချော ဆိုတဲ့ ဟာမလေးကရော ကိုကို့လက်ထောက်အဖြစ် ဘာဖြစ်လို့ ရှိနေရတာလဲ၊ ယုန်ရှိနေပြီပဲဟာ"

"ယုန်ရယ် ကျေးဇူးပြုပြီး ခဏလေးသည်းခံစောင့်ပေးပါကွာ၊ ကိုကို့မှာ ကိစ္စလေးနည်းနည်းရှိနေလို့ပါ၊ ယုန့်ကို လုံးဝပြစ်ပယ်မထားပါဘူးကွာ၊ ယုန်က"ကိုယ့်ဇနီးလောင်းပါပဲ"

မာမီ နေမကောင်းဖြစ်နေတာ ကင်ဆာဖြစ်နေတာတွေ အသိမပေးချင်ပေ။ မာမီ ကျန်းမာရေး ချို့တဲ့နေတဲ့ အချိန်ကာလဲတွေမှာ စိတ်ချမ်းသာစေချင်နေမိလေသည်။ ယုန်ကလေးနှင့် ချစ်သူတွေဖြစ်နေတာ မာမီ့ကို အသိပေးလိုက်ရင် အရမ်းပဲ စိတ်သောကတွေ ခံစားရမှာပါ။

"ယုန်ကလေး မိဘတွေ အကျင့်စာရိတ္တ ပျက်ပြားတာနဲ့ ယုန့်ကိုပါ ဒီလိုသတ်မှတ်တာတော့ လွန်ပါတယ်ကိုကိုရယ်၊ ဒါပေမယ့် ကိုကို့ကို ယုန်ချစ်တယ်၊ စောင့်နေမှာပါ၊ အချိန်ဘယ်လောက်အထိပဲ စောင့်နေရပါစေ ယုန် စောင့်နေမှာပါနော်"

“ကျေးဇူးပါပဲ ယုန်ရယ်”

သူ့ ဘယ်လောက်ပဲ လုပ်ငန်းတွေ အောင်မြင်နေပါစေ စည်းစိမ်ချမ်းသာတွေနှင့် ပြည့်စုံနေပါစေ စိတ်မသက်မသာ သောကဝေဒနာတွေ ခံစားနေရသည်။ မာမီ့ကျန်းမာရေးကြောင့်ရော ချစ်သူယုန်ကလေးရဲ့ အကြပ်ကိုင်တောင်းဆိုနေမှုတွေရော ဒေလီယာရဲ့ သည်းသည်းမည်းမည်း ထိုးနက်တိုက်ခိုက်လာမည့် အန္တရာယ်တွေရော ရင်ဆိုင်နေရတာ မွန်းကြပ်နေ၏။ ချွတ်ချွတ်ရယ် မင်း ကိုယ့်ဆီ ရောက်လာလို့ တော်သေးတာပေါ့။ မင်းမှာ အင်အားတွေရှိနေသလိုပဲ။ ကိုယ့်ကို နွေးထွေးတဲ့ လုံခြုံမှုတွေ အားပေးနှစ်သိမ့်မှုတွေ ပေးစွမ်းနိုင်မှုတွေ ရှိနေတယ်လို့ ကိုယ်ယုံကြည်နေတယ်။

“ကိုကို”

“ဟင်”

“ယုန့်ကိုချစ်ရဲ့လားဟင်”

“ချစ်ပါတယ် ယုန်ကလေးရယ်၊ ကိုယ်က ယောကျ်ားကောင်းတစ်ယောက်ပါကွာ၊ ကိုယ်တာဝန်ယူမှာပါ”

ယုန့်စိတ်ထဲမှာ ချွတ်ချွတ်ချောကို မနာလိုဝန်တိုနေမိလေ





သည်။ မိန်းကလေးချင်းတောင် နှစ်ခါပြန်ငေးမောကြည့်ရမည်။

စွဲမက်စရာအလှတွေကို ပိုင်ဆိုင်ထား၏။ ကိုကိုက ဘာသားနဲ့ ထုထားလို့လဲ။ ချွတ်ချွတ်ချောကို လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်စေသည့် အကြောင်းရင်းက ကိုကို့ကို အကာအကွယ်ပေးဖို့တဲ့။ လူသိထင်ရှား ယောကျ်ားကိုယ်ရံတော်တွေ မထားချင်လို့တဲ့လေ။ အကြောင်းပြချက်က ခိုင်လုံလို့လား။

“ချွတ်ချွတ်က ကိုယ်ခံပညာတွေ တတ်ကျွမ်းတယ်၊ ယောကျ်ားတစ်ယောက်လိုပဲ ကိုယ့်မှာ မမြင်ရတဲ့အန္တရာယ်တွေ ရှိနေလို့ပါ ယုန်ရယ်”

ယုန်ကတော့ နည်းနည်းလေးမှ မကျေနပ်ပေ။ ချွတ်ချွတ်နဲ့ ငြိစွန်းနေတာများလား။ မယုံရဘူး။ ချွတ်ချွတ်ချောက ကျားကျားယားယားနေတတ်ပေမယ့် အရမ်းချောတဲ့ ကောင်မလေးပဲ။ ဟွန်း ကိုကိုက ယုန့်ကို အကြောင်းရိုက်တာလား။

“ချွတ်ချွတ်ကို အလုပ်ကနေ ထုတ်ပစ်လိုက်ပါနော်”

“မဖြစ်ဘူး ယုန်ကလေး၊ ကိုယ့်ရဲ့စီးပွားရေးကိစ္စတွေမှာ ထိခိုက်မပါစေချင်ဘူးကွာ”

မာမီက ချွတ်ချွတ်ကို ချစ်နေသည်။ ကျေနပ်ပျော်ရွှင်နေ၏။ အန်တီမာဂရက်လည်း ဘာမှမပြောနိုင်တော့ပေ။ မာမီအသက်ရှင်နေရတဲ့ အချိန်လေးမှာ စိတ်ချမ်းသာပျော်ရွှင်စေလိုသည်။

“ယုန်”

“ကိုကို”

“ပြန်ကြရအောင်”

“ဟင့်အင်း”

“မာမီက ကိုယ့်ကို စောစောပြန်လာဖို့ ပြောထားလို့ပါကွာ”

သူ့ရင်ခွင်ထဲမှာ ရှိနေတဲ့ ချစ်သူယုန်ကလေးအား ကျေနပ်စေရန် နှုတ်ခမ်းသားလေးအား တယုတယနှင့် နမ်းရှိုက်လိုက်မှ ယုန်က ကျေနပ်စွာဖြင့် ထလေသည်။

“ယုန် ညစာတောင်မစားရသေးဘူး၊ ကိုကို့ကို စောင့်နေတာလေ”

“မာမီ သိပ်နေမကောင်းလို့နော် ယုန်၊ ဒီညစာတော့ ယုန့်အခန်းမှာပဲ ပြန်စားလေ”





“ဟင့်အင်း မရဘူးကွာ၊ ယုန်က ကိုကို့နဲ့ပဲ စားတတ်တာ၊ ယုန့်ကိုတော့ ဒီလောက်လေး အခွင့်အရေးပေးပါ”

ယုန်ကလေးက သူ့ကို အမြဲတမ်း အနိုင်ကျင့်နေကျ ဖြစ်လေသည်။ သူ ချွတ်ချွတ်နဲ့ ညစာစားပြီးပြီ။ မာမီနေမကောင်း၍ စောစောပြန်ချင်နေ၏။ ယုန်ကလက်မခံ၍ သူ ညစာထပ်စားပြီးမှ ပြန်ရလေ့သည်။ တစ်ခါတစ်ရံ ယုန်ကလေးက သူ့အပေါ် နားလည်မှု မရှိဘူးဟုပဲ ထင်မိနေရ၏။

“ယုန့်ဆန္ဒတွေကို အမြဲတမ်း ဖြည့်စွမ်းပေးတတ်တဲ့ ကိုကို့ကို အရမ်းချစ်တယ်၊ ယုန်လေးဘဝမှာ အားကိုးတွယ်တာရာက ကိုကိုပါပဲကွယ်”

သူ ယောကျ်ားပီသစွာဖြင့် ချစ်သူယုန်ကလေးကိုလည်း စိတ်ချမ်းသာပျော်ရွှင်စေရန် တာဝန်ယူချင်မိသည်။ ဒါပေမယ့် ချွတ်ချွတ်အနားမှာ ရှိနေတာလောက် စိတ်ပျော်ရွှင်ကျေနပ်မှုမရှိဘဲ ဖြစ်နေရ၏။ ချွတ်ချွတ်ရဲ့ နားလည်သိတတ်မှုလေးပဲ သတိရတမ်းတနေမိလေသည်။

○ ○ ○

# အခန်း (၇)

"သား"

"မာမီ"

"မင်းလူရွေးမှန်တယ်ကွယ်၊ ချောချောလေးက မိန်းကလေးပီသပြီး ကျက်သရေရှိလိုက်တာကွယ်၊ မာမီတော့ အရမ်းချစ်နေပြီ၊ မာမို့အနားမှာတောင် အမြန်ဆုံးရှိနေစေချင်တယ်၊ သားတို့ အမြန်ဆုံးလက်ထပ်ကြပါတော့လားကွယ်"

"မာမို့ကျန်းမာရေးပဲ ဂရုစိုက်ပါ၊ သားနဲ့ချောက ဘယ်တော့မှ လက်တွဲမဖြုတ်ကြပါဘူး၊ သံယောဇဉ်ကြီးပြီး အချစ်ကြီးချစ်ကြတဲ့ ချစ်သူတွေပါ"

"သမီးလေးချောချောရဲ့ အလှကို မာမို့မျက်စိထဲကကို

မတွက်တာ၊ မာဂရက်ကလည်း ချီးကျူးတယ်၊ အရမ်းလှပပြီး ကျက်သရေရှိတာတဲ့"

မာမို့မျက်ဝန်းတွေက ကျေနပ်ပျော်ရွှင်မှုတွေနှင့် အရောင်တွေတောက်ပလင်းလက်နေလေသည်။ ချွတ်ချွတ်ကို သဘောတူနေပြီး လက်ထပ်စေချင်နေ၏။

"သား"

"မာမီ"

"ယုန်ကလေးနဲ့တော့ မပတ်သက်မိစေနဲ့နော်၊ ရုပ်ရည်ချောမောတာထက် မျိုးရိုးသွေးက အရေးကြီးတယ်၊ မိဘကလည်း မျိုးရိုးမကောင်း၊ အစ်ကိုတွေကလည်း လူမိုက်တွေ"

မာမီက ငွေကြေးဂုဏ် မောက်မားထောင်လွှားတာ မဟုတ်ပေမယ့် မျိုးရိုးအကျင့်စရိုက်ကိုတော့ အဓိကထားသည်။

"ဒေလီယာ့ကို မာမီ သဘောမကျပေမယ့် မာဂရက်က သူငယ်ချင်းဆိုတော့ လက်ခံခဲ့ရတယ်၊ သားငယ်က အရမ်းပဲ နှစ်သက်မြတ်နိုးနေတာပဲလေ"

သားကြီးကိုတော့ ဒေါ်စောနန်းရာဇာ တားဆီးပိတ်ပင်ရ





မယ်လေ။ သားငယ်က ဒေလီယာမှ ဒေလီယာ ဖြစ်နေ၍ လက်ခံလိုက်ရသည်။ အခု မာဂရက်က သားကြီးနှင့် ဆက်ပြီး လက်ထပ်ပေးဖို့ တောင်းဆိုတော့ မိမိအငြင်းရခက်နေစဉ် သားကြီးမှာ ချစ်သူရှိနေ၍ စိတ်အေးသွားရသည်။

"သားကြီးချစ်သူ အရွေးတော်လို့ မာမီစိတ်ချမ်းသာရတယ်လေ၊ ချွေးမလေးက ကျက်သရေရှိလိုက်တာကွယ်၊ ငွေကြေးကလည်း ချမ်းသာတယ်၊ မျိုးရိုးကလည်း ကောင်းတယ်၊ အင်း မာမီ အသက်ဆက်ရှင်ချင်သေးတယ်"

"မာမီရယ် ဘာမှမတွေးပါနဲ့တော့၊ သားအတွက် မာမီ စိတ်အေးရပြီပဲ ချောနဲ့သား တကယ်တော့ မခွဲကြစတမ်း သစ္စာဆိုထားကြတာပါ၊ အသက်ရှင်ခြင်း မရှင်ခြင်းက ကံကြမ္မာပဲလေ၊ ဘယ်သူက ဘာတတ်နိုင်မှာလဲ၊ ညီတောင် ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားရတာပဲလေ"

"အင်း...ဟုတ်ပါတယ်လေ၊ သားကြီးအတွက် မာမီ စိတ်အေးပါပြီ၊ ချောချောကိုတော့ မာမို့ဆီ မကြာခဏ အလည်ခေါ်လာပေးပါကွယ်"

"ချောကလည်း လုပ်ငန်းတွေရှိနေတော့ အလုပ်များတယ်လေ မာမီ၊ လာမှာပါ၊ မာမို့ကိုလည်း အရမ်းပဲလေးစားနေတယ်"

"အေးကွယ် မာမီစိတ်ချမ်းသာလိုက်တာ၊ သားကြီး လိမ္မာပါတယ်"

"မာမီ အနားယူတော့နော်၊ သားလည်း အနားယူတော့မယ်"

"အေး အေး"

မာမို့ကို နှုတ်ဆက်အနမ်းလေးပေးပြီး မိုးသက် အပေါ်ထပ်သို့ တက်လာခဲ့လေသည်။ သူ့ခြေလှမ်းတွေ နှေးကွေးလေးလံနေသလိုပင် အခန်းထဲရောက်တော့ ယုန်ငုလေးဆီမှ ဖုန်းလာသည်။

"ကိုကို့ကို နှုတ်ဆက်တာလေ၊ အခန်းထဲရောက်ပြီလား"

"အင်း"

"ယုန်လေးလည်း အခန်းထဲရောက်နေပြီ၊ အစ်ကိုလေးကလေ ကိုကိုနဲ့ ယုန်တို့အခြေအနေကို မေးနေတယ်"

"ယုန်လေး ဘာပြောလိုက်လဲ၊ ကိုကို့ကို ယုံပါကွာ၊ ကိုကို လက်ထပ်မယ့် မိန်းကလေးက ယုန်လေးပါပဲ"





"ကိုကို့ကို ယုံပါတယ်နော်၊ ဒါပေမယ့် အစ်ကိုလေးက စိတ်ပူနေလို့လေ"

သူ့စိတ်တွေ မွန်းကြပ်ကြပ်ကြီး ဖြစ်လာရသည်။ ချွတ်ချွတ်ကို သူ့ဇနီးလောင်းအဖြစ် မာမို့ဆီ ခေါ်သွားခဲ့တာသာ ယုန်ကလေးသိရင် မလွယ်ဘူး။

"ကိုကို"

"ဟင်"

"အစ်ကိုလေးက စကားနဲနဲပြောချင်လို့တဲ့"

ယုန်ကလေးအစ်ကိုငယ်က လူမိုက်တစ်ယောက်ဖြစ်နေသည်။ ယုန်ကလေးနဲ့ ချစ်သူတွေဖြစ်မှ သိတာပါ။

"မိုးသက်လား"

"ဟုတ်ကဲ့"

"ငါ့ညီမလေးနဲ့ မင်းက ချစ်သူရည်းစားအဆင့်တောင် ကျော်နေပြီဆို"

"ဗျာ"

"ပြီးတော့ လက်ထပ်ထားကြတယ်မဟုတ်လား"

“ဗျာ”

“ဟော့ကောင် မင်းက ဘာအူကြောင်ကြောင်လုပ်နေရတာလဲကွ၊ ဒီအခြေအနေရောက်မှ ငါ့ညီမကို စွန့်ပစ်ထားခဲ့လို့ကတော့ မောင်ရင် မလွယ်ဘူးမှတ်”

“ကျွန်တော် ယုန်ကလေးကိုချစ်ပါတယ်၊ မာမီ့ကြောင့်ပါ၊ ခဏလေးစောင့်ပေးဖို့ပြောထားတာပါ”

“မင်းအမေက ငါ့ညီမနဲ့ သဘောမတူရအောင် ငါ့ညီမက ဘာဖြစ်နေလို့လဲကွ၊ အေးလေ အရေးကြီးတာက မင်းတာဝန်ယူဖို့ပဲ”

“စိတ်ချပါ အစ်ကိုလေး၊ ကျွန်တော် လူကြီးလူကောင်း သားသမီးပါ၊ မိန်းကလေးတစ်ယောက်ကို အရှက်တကွဲဖြစ်အောင် မလုပ်ပါဘူးဗျာ”

“ကောင်းပြီ၊ ငါ့ညီမက ငါတို့ဘဝပဲ၊ မင်းအလေးအနက်ထားပါ”

ယုန် ဘာဖြစ်လို့ အစ်ကိုနဲ့တွေ့ပေးပြီး သူ့ကို ခြိမ်းခြောက်ရတာလဲ။ သူ့စိတ်ဆန္ဒတွေက ယုန်ကလေးအား စွန့်ပစ်ထားရန် မရှိပေ။ ယုန်ကလေးနဲ့ တရားဝင်လက်ထပ်မှာပါ။ မာမီကြောင့်ပါပဲ။

“ကိုကို”





“ဟင်”

“ဆောရီးနော်၊ ယုန် နဲနဲမှိုင်နေလို့ အစ်ကိုလေးက ကိုကို့ကြောင့်လို့ထင်ပြီး ဝင်ကြိမ်းသွားတာပါ”

“ရပါတယ် ယုန်ရယ်၊ အခုက ကိုကို့ကို ယုံကြည်ပေးစမ်းပါကွာ၊ ကိုကိုက တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပါ”

“အင်းပါ၊ ယုန်က နဲနဲတော့ စိတ်ပူတာပေါ့နော်၊ ကိုကို့မာမီကလည်း သဘောမှမတူတာပဲ၊ ယုန်ကတော့ ကိုကိုရင်ခွင်ထဲမှာ ထာဝရမှားခိုချင်နေပါပြီ”

“ယုန်ရယ်”

သူ့စိတ်တွေ တကယ်ပဲ မသက်မသာ ဖြစ်နေရသည်။ ယုန်ကလေးနှင့် မာမီက ဘယ်လိုမှ သဘောတူမှာမဟုတ်ပေ။ မာမီ ကင်ဆာရောဂါ ခံစားနေရတာလည်း ယုန်လေးအား မပြောပြချင်ပေ။ မာမီ လူ့လောကကြီးထဲကနေ ထွက်ခွာသွားစေချင်နေပေလိမ့်မည်။

စိတ်မောလိုက်တာကွာ။ ယုန်လေးက ဖုန်းထဲမှာ အနမ်းတွေပေးပြီး ဖုန်းချသွားသည်။ မိုးသက် မင်းဘာဖြစ်နေတာလဲ။

ယုန်လေးကို စကားပြောချင်စိတ်တွေ ကုန်ခမ်းနေရတာမျိုး မဖြစ်သင့်ပါဘူး။ ယုန်လေးကိုပဲ မင်းဘဝတစ်သက်တာလုံး လက်ပွဲရတော့မှာလေ။ သူအိပ်၍မရ။ မျက်လုံးတွေ ကြောင်နေလေသည်။

"မင်း လူရွေးတော်တယ် သားကြီး၊ ချောချောက ချစ်စရာကောင်းတယ်၊ ကျက်သရေရှိတယ်၊ မာမီတော့ ချစ်သွားပြီ"

မာမီ့စကားတွေကို ကြားယောင်မိပြီး သူ့ရင်ထဲမှာ ကျေနပ်ပီတိတွေ ဖြစ်သွားရလေသည်။ အဲဒါ မဖြစ်သင့်တာပဲ။ ချောချောက သူချစ်သူမှမဟုတ်တာပဲ။ ယုန်ကလေးနှင့်သာ တကယ်တမ်းလက်ထပ်ရမယ့် ချစ်သူတွေပါ။

"ချောချောလေးကို မာမီ့ဆီ မကြာခဏ လာပေးဖို့ပြောပေးပါ၊ ဒီကလေးမလေးမျက်နှာ ကြည့်ရတာ စိတ်ချမ်းသာလို့ပါ"

ချွတ်ချွတ်ကို မာမီချစ်နေပြီပဲ။ ချွတ်ချွတ်နေရာမှာယုန်လေးဆိုရင် ဘယ်လောက်ကောင်းမလဲ။ သူ့ရင်တွေ ပူလောင်နေသည်။ ယုန်လေးအစ်ကိုတွေကလည်း မလွယ်ဘူး။ မာမီ့ကိုတော့ယုန်ကလေးနဲ့ ချစ်သူတွေဖြစ်နေတာ၊ လက်ထပ်မှာတွေ သိမသွားစေချင်ပေ။ သူ့စိတ်တွေ လေးလံရှုပ်ထွေးနေသဖြင့် ချွတ်ချွတ်ဆီဖုန်းဆက်လိုက်မိလေသည်။





"ချွတ်"

"မန်နေးဂျင်းပါလား၊ မအိပ်သေးဘူးလားဟင်"

"အိပ်မရလို့"

"ယုန်လေးကြောင့်လား"

"ချွတ်"

"ပြော"

"ကိုယ့်ရင်တွေ ပူလောင်နေလို့လေ"

"ကိုမိုးသက် မာမီရော နေကောင်းရဲ့လား၊ ချောလေအန်တီစောနန်းအပေါ် ချွတ်မေမေနဲ့ ကိုယ်ချင်းစာမိပြီး အရမ်းစိတ်မကောင်းဖြစ်နေရတယ်၊ ချွတ် မေမေလည်း ကင်ဆာရောဂါဝေဒနာနဲ့ ကွယ်လွန်သွားရတာလေ"

ချွတ်ချွတ်လည်း အိပ်စက်လို့မရပေ။ အန်တီစောနန်းရာဇာလိုပဲ မေမေလည်း ကင်ဆာရောဂါဝေဒနာနဲ့ သေဆုံးသွားရတာပါပဲ။ မေမေ့ကို သတိရတမ်းတနေမိလေသည်။

"မန်နေးဂျင်း"

"ဟင်"

"အိပ်တော့လေ၊ အလုပ်တွေအရမ်းများတဲ့လူဆိုတာ အအိပ်အစားလေးတော့ မှန်အောင်ဂရုစိုက်စမ်းပါ၊ သေခြင်းတရားဆိုတာ ဘယ်သူမှ ရှောင်လွှဲလို့မရတာပဲ၊ ချွတ်မိဘတွေဆို နှစ်ယောက်စလုံး မရှိကြတော့ဘူးလေ"

ကိုယ်အိပ်လို့မရတာက မာမီ့ကြောင့်ထက် ကိုယ့်ကို ခြိမ်းခြောက်အကြပ်ကိုင်နေတဲ့ လူတွေကြောင့်ပါပဲ။ ကိုယ်ယောက်ျား တစ်ယောက်အနေနဲ့ ဘာကိုမှ မကြောက်ပေမယ့် မာမီ မကွယ်လွန်ခင်မှာ ကိုယ့်ကို စိတ်မချနိုင်တဲ့ အခြေအနေတွေ ဖြစ်ပေါ်မလာစေချင်တာပဲ။

"မန်နေးဂျင်း"

"ဟင်"

"အန်တီ့အခြေအနေ မကောင်းလို့လား၊ မယုန်ကလေးနဲ့ရော အဆင်ပြေရဲ့လားဟင်"

"မာမီက မင်းကို တွေ့ချင်နေတယ်၊ မာမီ့ကို အားပေးနှစ်သိမ့်ပေးဖို့ မင်းလာခဲ့ပါလား"

"မနက်ဖြန်လား"





"အင်း"

"စိတ်ညစ်တယ်၊ ချွတ်က အဲဒီလိုကြီး ဟန်ဆောင်နေရတာ စိတ်အိုက်လို့ပါ၊ အသက်ရှူလို့တောင်မရဘူး"

"ချွတ်"

"ဟင်"

"ဆက်ပြီးသရုပ်ဆောင်ပေးပါ၊ ကိုယ့်မာမီရဲ့ နောက်ဆုံးဖြတ်သန်းရမယ့် အချိန်တိုင်းမှာ စိတ်အေးချမ်းပျော်ရွှင်မှုတွေပဲ ဖြစ်နေစေချင်လို့ပါ"

"ကဲ မန်နေးဂျင်း အိပ်ပါတော့၊ ကျွန်မ အစွမ်းကုန် သရုပ်ဆောင်ပေးပါ့မယ်နော်၊ ဦးနှောက်ခြောက်စရာတွေ ဘာမှ မတွေးနဲ့နော်၊ စိတ်ရောဂါအထူးကုဆေးရုံကြီး ရောက်နေဦးမယ်၊ စိတ်ချ ချွတ်ကူညီမယ်၊ အန်တီစောနန်းရာဇာကိုလည်း စိတ်ချမ်းသာစေချင်ပါတယ်လေ"

ချွတ်ချွတ်နှင့် စကားပြောလိုက်ရမှ သူစိတ်သက်သာရာရသွားပြီး အိပ်ပျော်သွားရလေတော့သည်။

ဝ ဝ ဝ

# အခန်း (၈)

“မမလေး”

“ဟင်”

“အရမ်းလှတာပဲ”

“မမလေးတော့ စိတ်အရမ်းအိုက်တာပဲ၊ ဒီလိုတစ်ခါမှ မလုပ်တတ်ဘူး၊ သေချင်တာပဲ”

မတော်ရတဲ့ ယောက္ခမကြီးရှေ့ကို သွားရမည်ဖြစ်၍ ချွတ်ချွတ် မိန်းမပီပီသသလေး ပြင်ဆင်နေရသည်။ ဒေါ်စောနန်းရာဇာကို ချွတ်ချွတ် ကိုယ်ချင်းစာနာပြီး သနားနေမိလေသည်။ မေမေ့ကို သတိရနေမိ၏။ ကင်ဆာရောဂါဝေဒနာနှင့် ကွယ်လွန်သွားတဲ့ မေမေနှင့် ကိုယ်ချင်းစာပြီး ပြုစုယုယမှုပေးချင်နေမိသည်။

"မမလေး ဘာဖြစ်လို့ ဒီလိုအဝတ်အစားတွေ ဝတ်သွားရတာလဲ၊ ဘာအလုပ်မို့လို့လဲဟင်"

"ကောင်မလေး မစပ်စုစမ်းနဲ့၊ မမက မော်လ်ဒယ်လေ"

"ဟင် ဟုတ်လား"

"အင်း"

"မမလေး အရမ်းလှတာပဲ၊ ဘယ်လိုပဲကြည့်ကြည့်ကျက်သရေကိုရှိနေတာပဲ"

"ကောင်မလေး"

ကိုမိုးသက် လာကြိုနေမည်ဖြစ်သည်။ ရုံးပိတ်ရက်ဖြစ်နေ၍ မာမီ့အနားမှာ ပြုစုပေးဖို့ဖြစ်၏။ ချွတ်ချွတ်လည်း အမှန်တကယ်ပဲ ဒီလိုအလုပ်မျိုးတွေကို မလုပ်ချင်ပါဘူး။ ကိုမိုးသက်က ဖွတ်ကြီး အကူအညီတောင်းနေ၍ဖြစ်၏။ ခဏကြာတော့ ကိုမိုးသက် ရောက်လာသည်။

"ချွတ်ချွတ် အရမ်းလှတာပဲ၊ မင်းက ဒီလိုလေးနေတာ အရမ်းကျက်သရေရှိတယ်"

"တော်ပါပြီ၊ ချွတ် အရမ်းစိတ်ညစ်နေတာသိလား"





ယောကျ်ားလေးတစ်ယောက်လို ကျားကျားယားယားနေထိုင်လာရ၍ မိန်းကလေးပီပီသသ နေထိုင်ရတာ စိတ်အတော်လေး အိုက်နေရသည်။

"ချွတ်ချွတ်"

"ဟင်"

"ရော့"

"ဘာတွေလဲ"

"စိန်တွေ"

"ရှင်"

"ဝတ်ပါ၊ မင်းကိုချမ်းသာတယ် ပြောထားတော့ ဒီလောက်လေးဝတ်ထားသင့်ပါတယ်"

"ဟို ဟို ချွတ် မဝတ်ပါရစေနဲ့နော်၊ ချွတ်က ဒါတွေ မဝတ်တတ်ဘူးပြောလည်း ရပါတယ်"

"ဝတ်ပါ ချွတ်ချွတ်ရယ်၊ မာမီ့ကို စိတ်ချမ်းသာစေချင်တယ်မဟုတ်လား၊ ကိုယ်က ခဏငှားတာပါ၊ ဒါတွေအားလုံးဆုန်လေးအတွက် ကိုယ်ဝယ်ထားတာတွေပါ"

"အင်းလေ ဝတ်သင့်တယ်ဆိုရင်လည်း ချွတ် ဝတ်ပါ့မယ်၊ ချွတ်မှာက ရှိလည်းမရှိဘူး၊ ဝတ်လည်းမဝတ်ချင်ဘူးလေ"

"ဝတ်ပါ၊ မာမီရှေ့သွားရင်တော့ ဝတ်လိုက်နော်"

"အင်း"

သူမကတော့ ကိုမိုးသက် ဆန္ဒအတိုင်းပဲ စိန်တွေဝတ်လိုက်ရသည်။ မမက်မောပါဘူး။ မယုန်ကလေး ကံကောင်းပါစေ။

"သွားစို့"

"ဟုတ်"

"မာမီက ချွတ်ချွတ်ကို အရမ်းချစ်နေတယ်၊ ချွတ်ချွတ်အနားမှာရှိနေတာ အရမ်းအားတက်ရတယ်တဲ့လေ"

"ချွတ်လည်း မေမေ့ကိုသတိရပြီး အန်တီစောနန်းရာဇာကို ပြုစုပေးနေတာပါ"

"ကျေးဇူးပါပဲ ချွတ်ရယ်"

လောဘတွေမရှိဘဲ အေးဆေးတည်ငြိမ်တဲ့ ချွတ်ချွတ်ချောကို မိုးသက် သဘောကျနေမိလေသည်။ ဆရာကျော်ဇေ ရွေးချယ်ပေးတဲ့ မိန်းကလေးက တန်ဖိုးရှိနေ၏။ သူ့လို ချမ်းသာကြွယ်ဝတဲ့





ယောက်ျားတစ်ယောက်ကို ဖြားယောင်းမြူဆွယ်ခြင်း မရှိခဲ့ပေ။ ဘာလည်းမရှိ။ မထင်မှတ်လောက်အောင် ချွတ်ချွတ်က ရိုးသားဖြူစင်နေလေသည်။

"ချွတ်ချွတ်"

"ဟင်"

"ကျေးဇူးပဲ"

"ချွတ်က တာဝန်တစ်ခုကို ကျေပြွန်အောင် ထမ်းဆောင်တာပါနော်"

"မင်းက အရမ်းဖြူစင်ရိုးသားတာပဲ"

"အဟက်"

ယုန်ကလေးဘက်မှ သူ့အပေါ် အကြပ်ကိုင် အနိုင်ကျင့်ချင်သည်ဟု ထင်မိလေသည်။ ချွတ်ချွတ်ကဲ့သို့ မဖြူစင်ပေ။

"မာမီ့ကို စိတ်ချမ်းသာအောင် ပြည့်စွမ်းပေးပါနော်၊ ကိုယ့်ဘမီ အသက်ရှင်နေရတဲ့ အချိန်လေးတွေမှာ ကျေနပ်ပျော်ရွှင်နေစေချင်ပါတယ်"

"စိတ်ချပါ ကိုမိုးသက်တင်၊ ချွတ်အမေလည်း ကင်ဆာ

ရောဂါနဲ့ ဆုံးရတာပါ၊ ဖေဖေရော ချွတ်ရော မေမေ့လိုအင်ဆန္ဒတွေ ပြည့်ဝအောင် အစွမ်းကုန်လုပ်ပေးခဲ့ကြတာပါ"

"မာမီက အတ္တကြီးပြီး မောက်မာတာမျိုး မရှိဘူး၊ ဒါပေမယ့် မျိုးရိုးနဲ့ ကိုယ်ကျင့်တရားတွေကိုတော့ အစွမ်းကုန်တန်ဖိုးထားတာပါ"

"လူကြီးတွေကို ချွတ် နားလည်ပါတယ်၊ မာမ့်အတွက် အတတ်နိုင်ဆုံး ကူညီမှာပါ"

"ကျေးဇူးပါပဲ ချွတ်ရယ်"

ကားလေးက ကိုမိုးသက်တင်တို့ ခြံဝင်းထဲ ဝင်သွားတော့ ချွတ်ချွတ် စိတ်တွေ လှုပ်ရှားနေရလေသည်။ ဟန်ဆောင်လိမ်ညာနေရတာ ချွတ် အမုန်းဆုံးပဲ။ စိတ်ရှုပ်ထွေးနေရ၏။

"ချွတ် စိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ကိုယ်က အကူအညီတောင်းတာပဲဟာ မင်းမှာအပြစ်မရှိပါဘူး ချွတ်ရယ်"

မာမ့်ရှေ့ ဝင်ရတော့မည်ဖြစ်၍ ချွတ်လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ ချွတ် အထိတ်တလန့်နှင့် ရုန်းလိုက်မိ၏။

"အို"





"မာမီ ကြိုနေမယ်လေ၊ ကိုယ်တို့နှစ်ယောက် အရမ်းချစ်မြတ်နိုးတဲ့ပုံစံ ပေါက်အောင်လေ၊ စိတ်ချပါ ချွတ် ကိုယ်က မင်းအပေါ် နဲနဲလေးမှ မပြစ်မှားပါဘူး"

"အဟက်"

ချွတ် ရှိန်းတိမ်းတိမ်းမဖြစ်တော့ပါဘူး။ ကိုမိုးသက်တင်ကလည်း ရိုးသားတည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ပဲဟာ အိမ်ထဲရောက်တော့ မာမီက ဆီးကြိုနေလေသည်။

"သမီးလေးရောက်လာပြီလားကွယ်၊ မာမီ အစောကြီးထဲက စောင့်နေတာပါ"

"မာမီရယ် အိပ်ရာထဲမှာ လှဲနေရောပေါ့၊ ချောလာမှာပါ၊ အလုပ်တွေများနေလို့လေ၊ မာမ့်ဘေးမှာ အမြဲတမ်းနေပြီး ပြုစုနေချင်တာပါ"

"သမီးလေးရယ်"

မာမ့်ကို ချော သနားနေမိလေသည်။ ယဲ့ယဲ့ပဲရှိတော့၏။ ကင်ဆာရောဂါဝေဒနာအား ပြင်းပြစွာ ခံစားနေရရှာသည်။

"ချော"

"မာမိ"

"ချောကို မာမီလက်ဆောင်တစ်ခုလောက် ပေးစရာရှိလို့"

"ရှင်"

"ဒီမှာလေ မာမီမင်္ဂလာဆောင်တုန်းက ဝတ်တဲ့ စိန်တစ်ဆင်စာပါ"

"ရှင်"

"ယူပါကွယ်၊ မာမီက သမီးကိုချစ်လွန်းလို့ပါကွယ်၊ အမွေပစ္စည်းတွေအားလုံး သားပဲရမယ်ဆိုပေမယ့် မာမီက သီးသန့် သမီးကို ပေးချင်လို့ပါ"

"မာမီရယ်"

"လက်ခံပေးပါနော်၊ မာမီစေတနာပါ၊ သားကိုလည်း ဘယ်တော့မှ မခွဲပါနဲ့လို့ မာမီတောင်းဆိုချင်ပါတယ်"

"စိတ်ချပါ မာမီရယ်၊ ကိုကိုနဲ့သမီး ဘယ်တော့မှမခွဲပါဘူး"

"သမီးလေးနဲ့သားကို မာမီမသေခင် လက်ထပ်ပေးထားခဲ့ချင်တယ်၊ မာမီ့သမီးလေးကို ပိုင်ဆိုင်ထားချင်တယ်"





"ချောက လက်ထပ်လို့မဖြစ်သေးလို့ပါ မာမိ၊ လုပ်ငန်းသဘောအရပါနော်၊ ဘာမှစိတ်မပူပါနဲ့ မာမီရယ် ချောက ကိုကိုနဲ့ ဘယ်တော့မှမခွဲပါဘူး၊ နော် ကိုကို"

"ဟုတ်ပါတယ် မာမီ၊ ဘာမှမပူပါနဲ့နော်၊ သားနဲ့ချောက ဘယ်တော့မှ မခွဲနိုင်တဲ့ချစ်သူတွေပါ"

ကိုမိုးသက်က မာမီ့ရှေ့မှာ သူမလက်လေးကို ဆုပ်ကိုင်လိုက်သဖြင့် သူမ ရှန်းဖယ်ဖို့ပြင်ဆင်လိုက်ပြီးမှ သတိရသွားသဖြင့် ငြိမ်နေလိုက်ရသည်။ ဘုရားရေ ချောက ယောက်ျားလေးတွေနှင့် အထိအတွေ့ရှိတာမဟုတ်။ ယောက်ျားလေးစိတ်နှင့်နေ၍ အချစ်ဆိုတာလည်း ဘယ်တော့မှ မစဉ်းစားခဲ့ပေ။ အခု ကိုမိုးသက်က သူမရဲ့ ပထမဆုံးယောက်ျားလေး တစ်ယောက်နဲ့ အနီးကပ်နေခဲ့ဘူးတာပဲ၊ ပြီးတော့ ကိုမိုးသက်က ယုန်ကလေးနှင့် လက်ထပ်ထားသူ။

"သမီးလေး လက်ခံပါ၊ အမှတ်တရသိမ်းထားနော်၊ သားနဲ့ မင်္ဂလာဆောင်တဲ့အခါ ဝတ်ရမယ်"

"ဟုတ်ကဲ့"

စိန်တွေက အတော်လေး အရည်အသွေးကောင်းပြီး တန်ဖိုး

ကြီးမည်ဟု တွေးနေမိလေသည်။ မာမီ ကျေနပ်အောင်လက်ခံပြီးမှ ကိုမိုးသက်အား ပြန်ပေးလိုက်မယ်။

“မာမီ”

“ဟင်”

“ချော မီးဖိုခန်းထဲ ဝင်မယ်နော်၊ အဒေါ်ကမှ မရှိတာပဲ၊ မာမီ့အတွက် ဘဲပေါင်းကြံမဆိုင်ဟင်းချိုလေး လုပ်ပေးမယ်နော်”

ဘဲပေါင်းကြံမဆိုင်ဟင်းချိုလေးကို မာမီ ကြိုက်နှစ်သက်သည်ဟု ကိုမိုးသက်က ပြောထားသည်။

“သမီးချက်တတ်လား”

“ဟုတ်ကဲ့”

“သားလည်း ချက်တတ်တယ်၊ အင်း နှစ်ယောက်ချက်ကြ၊ မာမီလည်း သောက်ချင်တယ်၊ သမီးလေးရောက်လာတော့မှ မာမီလည်း စားချင်သောက်ချင်စိတ်တွေ ဖြစ်လာပြီး နေလို့ထိုင်လို့ ကောင်းနေသလိုပဲ”

“ခဏလေးနားနေဦးနော် မာမီ၊ ချော ချက်ပေးမယ်”

“အင်း”





မာမီ့ကိုထားခဲ့ပြီး ချွတ်ချွတ် မီးဖိုခန်းထဲ အမြန်ဝင်လာရလေသည်။ သေချင်တာပဲ။ စိတ်တွေအိုက်ပြီး ကုလားထိုင်ပေါ်မှာ ထိုင်လိုက်၏။

“ချွတ် ဘာမှမချက်တတ်ဘူးနော်၊ လိုက်ကူညီမယ်၊ ချွတ် ဘယ်လောက်အထိ စိတ်မောနေရလည်း သိလား၊ သေတော့မယ်”

“ချွတ်”

“ဟင်”

“ကျေးဇူးပါပဲ”

“ရပါတယ်”

“ကိုယ့်မာမီ အရမ်းပျော်နေတယ်၊ ကိုယ်စိတ်ချမ်းသာလိုက်တာ၊ မာမီ့လက်ထပ်မင်္ဂလာပွဲတုန်းက ဝတ်တဲ့ စိန်တွေကို မာမီအရမ်းချစ်ခင်မြတ်နိုးတဲ့ ချွေးမကိုပဲ ပေးမယ်တဲ့လေ၊ ချွတ်ကို အရမ်းနှစ်သက်လို့ပဲ ဒေလီယာ့ကို ချွေးမအဖြစ် လက်ခံရပေမယ့် မနှစ်သက်ဘူး”

“မာမီ စိတ်ချမ်းသာတယ်ဆိုရင်ပဲ ချွတ် ကူညီရကျိုးနပ်ပါပြီလေ”

နှစ်ယောက်သား ဘဲပေါင်းကြံမဆိုင်ချက်ဖို့ ပြင်ဆင်နေကြလေသည်။ ကိုမိုးသက်က ချက်နည်းတွေကို ပြပေးနေ၏။ ချွတ်က ကူညီရုံပဲ ရှိနေလေသည်။

၀ ၀ ၀



## အခန်း (၉)

ချွတ်ခန္ဓာကိုယ်လေး ရုတ်တရက် သူ့ရင်ခွင်ထဲ ရောက်သွား၍ ချွတ် အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်လိုက်မိလေသည်။ ဟင်းအိုးတောင် မပြင်ရသေးဘူး သူက သူမအား ဆွဲယူပွေ့ဖက်လိုက်သဖြင့်လည်း အထိတ်တလန့် ဖြစ်သွားရ၏။

"မာမီလာနေတယ်၊ ကိုယ်တို့နှစ်ယောက် အခြေအနေကို လာကြည့်နေတာပဲဖြစ်မယ်၊ အသာလေးငြိမ်နေပါ"

ခြေသံကြား၍ မိုးသက်လက်တွေက ချွတ် ကိုယ်လေးအား အမှတ်မထင် ပွေ့ဖက်လိုက်ရသည်။ မာမီခြေသံကြား၍ ဖြစ်၏။ သူ ရိုးရိုးသားသား ပွေ့ဖက်လိုက်ပေမယ့် သူ့စိတ်တွေလည်း အတော်လေး လှုပ်ရှားသွားရသည်။

""သားနဲ့သမီးကို မာမီလာကြည့်တာလေ၊ ဟင်းချက်နည်းလေးတွေ သင်ပေးမလို့ပါ၊ သားအကြိုက်တွေလေ""

""မာမီရယ် အနားယူပါ၊ ကိုကို့အကြိုက်တွေ ချွတ်အားလုံး သင်ထားပါတယ်၊ မာမီ အိပ်ရာထဲမှာပဲ လှဲနေပါနော်""

ချွတ်ချွတ်က ဘာမှချက်ပြုတ်တတ်တာ မဟုတ်။ အန်တီစောနန်းရာဇာက ဝင်လာ၍ အခက်တွေ့နေရလေသည်။

""မာမီက သားအကြိုက်တွေကို သမီးလေးမသိမှာ အရမ်းစိုးရိမ်နေတာပါ၊ အတော်ပဲကွယ် မာမီသင်ပေးမယ်လေ""

""ကဲ မာမီသဘောပါပဲလေ၊ ချော သင်ယူထားပါ့မယ်၊ မာမီမောနေမှာပဲ အရမ်းစိတ်ပူတာပါ""

""ရပါတယ်ကွယ်၊ မာမီက သေလူပါ၊ တစ်ဦးတည်းသောသားအတွက် ကြိုတင်ပြင်ဆင်သင့်တာတွေကို သင်ပေးရမှာပဲလေ""

ချွတ်ကတော့ စိတ်ညစ်နေမိလေသည်။ ဟင်းတွေ ထမင်းတွေကို ချွတ် ဘယ်တော့မှ မချက်ပေ။ စိတ်လည်းမဝင်စားမိ။ အခုမှ သင်ချင်လာရသည်။ ကိုမိုးသက် ကြိုက်နှစ်သက်တဲ့ အစားအစာတွေက ဘာတွေလဲ။ အန်တီစောနန်းရာဇာက ကိုမိုးသက်





အကြိုက် အစားအစာတွေကို ပြောပြနေ၏။

""သားက ဝက်စတူးကိုကြိုက်တယ်၊ ငါးခေါင်းချဉ်ရည်ကို ကြိုက်တယ်၊ ဟိုလေ ချော ယိုးဒယားငါးခေါင်းဟင်းချို မဟုတ်ဘူးနော်၊ ငါးရံ့ခေါင်းတို့ ငါးဘတ်ခေါင်းတို့ကို မြန်မာဆန်ဆန် ချဉ်ရည်ဟင်းလေး ချက်တာပဲ""

""ဟုတ်ကဲ့""

""မာမီ့အကြိုက်ဆိုရင်လည်း သားက မှတ်သားထားပြီး ချက်ပေးတယ်၊ သားအကြိုက်နဲ့ မာမီ့အကြိုက်လည်းတူတယ်""

သားကို ချစ်လွန်းတဲ့ မိခင်တစ်ယောက် လူ့လောကကြီးထဲမှ ထွက်ခွာသွားရတော့မည်။ ဘယ်လောက်များ ကြေကွဲထိခိုက်စရာ ကောင်းနေပြီလဲ။

""မာမီက ရောဂါသည်လေ၊ သေခြင်းတရားဆိုတာ အချိန်စောင့်နေတတ်တာမှမဟုတ်တာပဲ၊ မာမီ စိတ်ကူးရပြီးလာတာပါ""

""မာမီရယ်""

သားကြီးကြိုက်နှစ်သက်တာတွေ၊ သားကြီးအမူအကျင့်တွေ၊ စိတ်နေသဘောထားတွေ တတွတ်တွတ် သင်ပေးရင်း မောပန်း

နှမ်းနယ်လာ၍ အခန်းထဲလိုက်ပို့ပေးလိုက်ရသည်။

“မာမီ အနားယူပါနော်၊ ချောပဲ အားလုံးစီစဉ်ပါ့မယ်၊ ကိုကို့အကြိုက်တွေကို မာမီ့ထက်ပိုသိအောင် ချော ကြိုးစားနေပါတယ်”

“ချော”

“ရှင်”

“သားကို ယုယကြင်နာပါ၊ သည်းခံပေးပါ၊ နောက်ပြီး မာမီစိတ်အပူဆုံးက ယုန်ကလေးဆိုတဲ့ မိန်းကလေးနဲ့ နီးစပ်သွားမှာပဲ”

“စိတ်ချပါ မာမီရယ်၊ အားလုံးစိတ်ချပါ၊ အရေးကြီးတာက အရာအားလုံး ဖြစ်ပျက်ပဲ ရှုမှတ်နေပါနော်၊ ဒါမှ ဘဝကူးကောင်းမှာလေ မာမီ”

“အင်း မာမီသိပါတယ်၊ ကံကံရဲ့အကျိုးတွေကိုလေ၊ ဒါပေမယ့် သားကြီးအတွက်တော့ ရင်လေးတယ်၊ ယုန်ကလေးဆိုတဲ့ မိန်းမက သားကိုကပ်ဖို့ ကြိုးစားနေတယ်လေ”

“ကိုကိုက ချောကလွဲပြီး ဘယ်သူ့ကိုမှ စိတ်ဝင်စားမှာ





မဟုတ်ပါဘူး”

“ယုန်ကလေးက အရမ်းချောတယ်လေ၊ သူ့အစ်ကိုတွေကလည်း လူမိုက်တွေပဲ၊ အားလုံး အကျင့်စရိုက်တွေ မကောင်းကြဘူ”

“မာမီအနားယူတော့နော်၊ ချော ဟင်းတွေ သွားစီစဉ်ဦးမယ်၊ နောက်မှ ဖြည်းဖြည်းချင်း မာမီမှာခဲ့ချင်တာတွေမှာပါ”

“အေးကွယ်”

မာမီ့ကို အတော်လေး နှစ်သိမ့်အားပေးပြီး ထွက်လာခဲ့မိသည်။ စိတ်မသက်သာလိုက်တာ။ မာမီ့ကို အရမ်းသနားတာပဲ။ အထီးကျန်ဖြစ်ရတော့မယ့် သားကြီးအတွက် စိတ်မအေးနိုင်အောင် ဖြစ်နေသည်။

“ကိုမိုးသက်”

“ဟင်”

စားသောက်ခန်းထဲမှာ ကိုမိုးသက်က ဘဲပေါင်းကြော်မဆိုင်ဟင်း ချက်နေလေသည်။ စီးပွားရေးလုပ်ငန်းကြီးတွေ ပိုင်ဆိုင်ထားတဲ့ မန်နေးဂျင်းဒါရိုက်တာ တစ်ယောက်က အိမ်မှာနေတော့လည်း

ကလေးတစ်ယောက်လိုပါပဲလား။ ခမ်းနားကြီးကျယ်မှုတွေ ကင်းမဲ့နေလေသည်။

"မယုန်ကလေးနဲ့ နီးစပ်သွားမှာ မာမီက အရမ်းကြောက်နေသလိုပဲ"

"ဟုတ်တယ် ချစ်၊ ယုန်ကလေးအပေါ် မာမီ လုံးဝမကြည်ဖြူဘူး၊ အဲဒီမိသားစုအသိုင်းအဝိုင်းထဲကို ကိုယ်ဝင်သွားမှာ အရမ်းစိုးရိမ်နေတယ်"

"ကိုမိုးသက်နဲ့ မယုန်ကလေးတို့ကတော့ အရမ်းချစ်နေကြပုံပဲနော်"

"ကိုယ်လက်ထပ်ရမှာက ယုန်ပဲ၊ မလွဲမသွေလေ၊ ချစ်ချစ်ကို စောစောက ကိုယ်စော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်ကွာ"

"ရပါတယ် ကိုမိုးသက်ရယ်"

ချစ်လည်း စိတ်မသက်မသာဖြစ်နေရလေသည်။ ကိုမိုးသက်ကို သနားသလိုပဲ။ ကုမ္ပဏီမှာသာ ကြီးကျယ်ခမ်းနားတဲ့ လူတစ်ယောက် ဖြစ်နေရတာပါ။ မိခင်အတွက် သောကတွေ





ကြီးမားရောက်နေရလေသည်။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးကို မိခင်က လက်မခံတော့လည်း ရှင်ဘယ်လောက်များ စိတ်ရှုပ်ထွေးနေမလဲ။

"မာမီရေ"

"အနားယူနေတယ်"

"ကျေးဇူးပဲ"

"ရှင်"

"ကိုယ့်မာမီကို နှစ်သိမ့်အားပေးနိုင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေလို့လေ၊ ကိုယ်အရမ်းဝမ်းသာမိတယ်၊ ယုန်ကလေးနဲ့ ကိုယ့်ကို နီးစပ်မှာ အရမ်းစိတ်ပူပြီး ဒေလီယာနဲ့ လက်ထပ်ပေးဖို့တောင် စိတ်ကူးတာ"

သူ့မှာ ချစ်သူရှိနေတယ်ပြောလိုက်၍ မာမီက စိတ်အေးသွားသည်။ ချစ်ချစ်ကိုလည်း သဘောကျနှစ်သက်နေ၍ မာမီ ပျော်ရွှင်နေလေသည်။

"မင်းကိုတွေ့ရတာ ကိုယ်အရမ်းကံကောင်းတာပဲ၊ တကယ့်ကို ကံကောင်းခြင်းလက်ဆောင်ပါပဲ"

"ကျွန်မ ကူညီမယ်၊ မာမီ့ကို သနားလို့ပါ၊ ကျွန်မမာမီလည်း ကျွန်မအတွက် အရမ်းစိတ်ပူခဲ့တာပါပဲ၊ ဖေဖေရှိနေပေမယ့် စိတ်မအေးနိုင်ဘူး၊ ကျွန်မကို လူလားမြောက်အောင် စောင့်ရှောက်ဖို့ ကတိတွေ အထပ်ထပ်တောင်းနေခဲ့တာလေ"

ကိုမိုးသက်ကိုယ်တိုင်လည်း ဘယ်လောက် ခံစားနေရမလဲ ဆိုတာ ချွတ် ကိုယ်ချင်းစာမိနေလေသည်။ ဆရာကျော်ဇေ အကူအညီတောင်းစဉ်က ခပ်ပေါ့ပေါ့လေးပဲ ထင်ခဲ့ပေမယ့် အခုတော့ ခံစားမှုတွေက လေးနက်လွန်းလာရ၏။ စေတနာမေတ္တာတွေ ရောင်ပြန်ဟပ်နေလေသည်။

"မာမီ အမြဲတမ်း ပျော်ရွှင်ကျေနပ်နေအောင် ချွတ် အစွမ်းကုန် ကြိုးစားပေးပါ့မယ်၊ ဘယ်လိုအကျိုးအမြတ်မှ မလိုချင်ပါဘူး၊ ကျွန်မအမေလိုပဲ သဘောထားမိလို့ပါနော်"

"ကျေးဇူးပါပဲ ချွတ်ချွတ်၊ မင်းကို ဒီလောက် စိတ်သဘောထား နူးညံ့ဖြူစင်လိမ့်မယ်လို့တောင် မထင်ထားမိဘူး၊ မာမီကံကောင်းတာပဲ"

စားသောက်ခန်းထဲမှာ ပြင်ဆင်နေကြတုန်း ဖုန်းဝင်လာ၍





သူဖွင့်ပြီး နားထောင်လိုက်လေသည်။

"ဟဲလို"

ချွတ်ချွတ်က မသိဘဲ ကိုမိုးသက်ရေ တော်ပြီလားဟု မေးလိုက်စဉ် ဖုန်းဖွင့်ထား၍ အသံက ဝင်သွားလေသည်။

"ကိုကို ဒါဘယ်သူ့အသံလဲ၊ ချွတ်ချွတ်ချောအသံ မဟုတ်လား၊ ကိုကိုနဲ့အတူ ရှိနေတာပေါ့လေ၊ ဒီနေ့ပိတ်ရက်ပဲဟာ"

မိုးသက်ရော ချွတ်ချွတ်ပါ အထိတ်တလန့် ဖြစ်သွားရလေသည်။

"ယုန် ဒီနေ့ ချွတ်ချွတ်ချောနေတဲ့ တိုက်ခန်းကို ရောက်ခဲ့ပြီးပြီ၊ ချွတ်ချွတ်မရှိဘူးတဲ့၊ ကိုကိုနဲ့အတူတူ ရှိနေတာပဲကိုး"

"မဟုတ်ပါဘူး ယုန်၊ ကိုယ့်အိမ်မှာပါ၊ မာမီ နေ့နေမကောင်းလို့လေ၊ စောစောက ကိုယ့်အစ်မဝမ်းကွဲတစ်ယောက်ပါ"

"အန်တီစောနန်းရာဇာ နေမကောင်းဖြစ်နေလား၊ ဘာဖြစ်တာလဲဟင်၊ ယုန်လာကြည့်သင့်တယ်ထင်တယ်၊ မာမီ့ကိုခေါ်ပြီးလေ၊ မိတ်ဆွေတွေဟာ လူမမာရေးအရတော့ လာမေးသင့်တယ်မဟုတ်လား ကိုကို"

"မဖြစ်ဘူးထင်တယ် ယုန်"

"နေပါဦး မိတ်ဆွေအဖြစ်နဲ့တောင် ကိုကို့မာမီက အတွေ့မခံနိုင်ဘူးလား၊ အဖြစ်သည်းနေလိုက်တာကိုကိုရာ ယုန်တို့က ဘာဖြစ်နေလို့လဲ"

"ယုန်ရယ် မာမီကိုယ်တိုင်က ဧည့်သည်လက်မခံချင်တာပါ၊ ဖျားနေတယ်၊ အိမ်ကအခေါ်ကြီးမရှိလို့ ကိုယ့်အစ်မဝမ်းကွဲတွေက လာကူညီနေတာပါ"

"ကိုကို အိမ်မှာတကယ်ရှိလို့လား၊ မယုံဘူးနော်၊ စောစောက ချွတ်ချွတ်အသံလိုပဲ၊ ကိုကို အိမ်မှာရှိနေတာ ဘယ်လိုသက်သေပြမလဲ"

"ကိုယ့်ကိုယုံပါကွာ၊ တကယ်အိမ်မှာပါ၊ ကိုယ် ဟင်းဝင်ချက်ပေးနေတာ၊ ကို ဟင်းချက်တတ်တာ ယုန်သိတာပဲ၊ အိုးတွေခွက်တွေအသံ နားထောင်"

ယုန် အထင်မလွဲစေရန် သူ အိုးတွေခွက်တွေ တီးပြလိုက်ရလေသည်။

"ကိုကိုနဲ့ တွေ့ချင်တယ်၊ ညစာလိုက်ကျွေး"





"ဒီမှာ မာမီအရမ်းနေမကောင်းဖြစ်နေလို့ပါ"

"မရဘူး၊ ကိုကိုလာခဲ့၊ စားနေကျ ထမင်းဆိုင်မှာ စောင့်နေမယ်၊ အါပဲ"

ယုန်ကလေးက ဖုန်းပိတ်လိုက်လေသည်။ သူ စိတ်မောသွားရ၏။

မာမီရဲ့ စိတ်ချမ်းမြေ့ပျော်ရွှင်မှုတွေကို မဖျက်စီးချင်ပေ။ ယုန် အရမ်းလွန်တယ်ကွာ။ နေ့တိုင်း တွေ့နေချင်တော့တာပဲ။

"ကိုမိုးသက်"

"ဟင်"

"မာမီက"

"ချွတ် စောင့်နေပါ့မယ်၊ အလုပ်ကိစ္စအရေးကြီးလို့ဆိုပြီးသွားလေ"

"သွားရမှာပဲလေ၊ ယုန်က စောင့်နေပြီ၊ ကျေးဇူးပဲ ချွတ်ချွတ်"

"မာမီ့ကိုစိတ်ချပါ၊ ရှင် ပြန်မလာမချင်း စောင့်နေပေးပါ့မယ်"

"ကိုယ်အမြန်ဆုံး ပြန်လာမှာပါ"

"စိတ်ချသွားပါ"

မာမှီကိုပြောပြီး မိုးသက် ထွက်လာခဲ့လေသည်။

o o o



## အခန်း (၁၀)

"သားက ဘာဖြစ်လို့များ ဒီလောက်အထိ ကြာနေရတာလဲ၊ သမီးလေးကို အားနာလိုက်တာကွယ်၊ စောင့်နေရပြီ၊ မာမီက ရပါတယ်"

"ကိုကိုက အလုပ်ကိစ္စတွေ အရမ်းများပါတယ် မာမီ၊ စိတ်မပူပါနဲ့နော်၊ ချော စောင့်နေမှာပါ"

ချောဆိုတဲ့နာမည်ကို အတော်လေး သတိထားပြီး ပြောနေရသည်။ မာမှီအနားမှာနေရတာ ချွတ် စိတ်ပျော်ရွှင်ပေမယ့် ဟန်ဆောင်နေရတာ စိတ်က မလုံပေ။ ပြန်ချင်နေပါပြီ။ ကိုမိုးသက် ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်နေရပြီလဲ။ ယုန်ကလေးက ဇွတ် အတင်းခေါ်ထား၍ပဲ ဖြစ်နိုင်သည်။ ညဦးနက်တော့မည်။ မာမှီကို

ထားခဲ့ပြီးလည်း မပြန်ချင်။ မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလောက်အထိ ယောကျ်ားလေးအိမ်မှာ မနေသင့်ပေ။

"မာမီ အိပ်တော့နော်၊ ချောအတွက် စိတ်မပူပါနဲ့၊ မာမ့်ကို ဆေးလိမ်းပေးမယ်လေ"

"ချောရယ် အားနာလိုက်တာကွယ်၊ သားဆီ ဖုန်းဆက်လေ၊ ပေး မာမီဆက်မယ်"

"ရပါတယ်၊ ချော ဆက်ကြည့်ပြီးပါပြီ၊ အစည်းအဝေး လုပ်နေလို့တဲ့၊ မာမ့်ကို စောင့်ရှောက်ပေးထားပါတဲ့"

"သမီးပြန်သင့်နေပြီ"

ကိုမိုးသက်တင်ဆီ မဆက်ရဲပေ။ မယုန်ကလေးရှိနေသည်။ မာမ့်အား နှစ်သိမ့်ပြီး အိပ်ပျော်စေရန် ဆေးလိမ်းပေးနေမိ၏။

"မနက်ဖြန်လောက်ဆိုရင်တော့ အိမ်ကအဒေါ်ကြီး ရောက်လာမှာပါ၊ ကောင်မလေးတစ်ယောက်လည်း ပါလာမယ်"

"မာမ့်မှာ ဆွေမျိုးတွေ မရှိဘူးလားဟင်"

"အင်း အားလုံးနိုင်ငံခြားမှာလေ၊ မာမီက ဒီမှာပဲ ခေါင်းချချင်တယ်၊ ကိုယ့်မွေးရပ်မြေလေ"





ကိုမိုးသက် ဘာတွေဖြစ်နေပြီလဲ။ ပြန်လာသင့်ပါပြီ။ မယုန်ကလေးအား ချစ်မြတ်နိုးပုံပင်။ မာမီက နည်းနည်းမှ မနှစ်သက်ပေ။ သဘောမကျ။ ကိုမိုးသက်ရယ် ရှင့်အတွက် ချွတ် စိတ်မောလိုက်တာနော်။

"ချော"

"ရှင်"

"သားကို သိပ်ပြီး လွှတ်ပေးမထားနဲ့နော်၊ မာမီ စိတ်ပူတယ်၊ အလုပ်များတာက များတာပဲပေါ့ကွယ်၊ ယုန်ကလေးဆိုတဲ့ ဟာမလေးက သားကို ကပ်ချင်နေတယ်၊ သားနဲ့ အဆက်အသွယ်ရှိတယ်လို့ ထင်တာပဲ"

"မရှိပါဘူး မာမီ၊ ချောတော့ တစ်ခါမှ ပြောသံမကြားဖူးပါဘူး၊ ငယ်သူငယ်ချင်းတွေလားဟင်"

"ဟုတ်တယ်၊ အိမ်နီးနားချင်းတွေပါ၊ မာမီက အတွေကြီးတာ မဟုတ်ပါဘူးနော်၊ သင်းတို့တစ်မိသားစုလုံး အကျင့်မှမကောင်းကြတာပဲ မာမီက သားစဉ်မြေးဆက်မှာ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ မျိုးဆက်ပဲ ဖြစ်ထွန်းစေချင်တာပါ"

ကိုမိုးသက်က မယုန်ကလေးကိုပဲ လက်ထပ်မှာဖြစ်လေသည်။ မာမီ့အတွက်တော့ စိတ်မကောင်းပါဘူးလေ။ ချွတ်လည်း ဘယ်လိုတားဆီးပေးရမလဲ။ မာမီ အသက်ရှင်နေသရွေ့တော့ စိတ်ချမ်းမြေ့စေဖို့ပဲ ချွတ် ကူညီနိုင်ပါတယ်။ အဲဒါတောင် အခြေအနေက ပေးပါ့မလား။

"မာမီ အိပ်ပါတော့နော်၊ ဘာမှမပူပါနဲ့လေ၊ ကိုကိုက လိမ္မာတဲ့သားပါ၊ ချောလည်း ရှိနေတာပဲလေ"

ချွတ်ချွတ် ပြန်သင့်နေပေမယ့် မာမီ့ကိုသနားနေမိလေသည်။ ကိုမိုးသက် အခက်အခဲကိုလည်း သိနေမိလေသည်။ မယုန်ကလေး အလိုဆန္ဒတွေ ပြည့်အောင် လိုက်လျှောနေတာပဲ ဖြစ်နိုင်သည်။ မာမီအိပ်သွား၏။ ညဉ့်နက်မှ ကိုမိုးသက် ပြန်ရောက်လာ၏။

"ချွတ်ချွတ် မင်းမပြန်ရသေးဘူးလား၊ ကိုယ့်မာမီကို အခုလိုစောင့်ပေးထားတာ ကျေးဇူးတင်ပါတယ်"

"ချွတ် ပြန်တော့မယ်"

"ဒီမှာပဲ အိပ်လိုက်ပါလား ချွတ်"

"ဟင့်အင်း"





"ကိုယ်လိုက်ပို့ပေးမယ်"

"အင်း"

ချွတ်ချွတ်ကိုတော့ မိုးသက် လေးစားနေမိလေသည်။ မထင်မှတ်လောက်အောင် ရိုးသားဖြူစင်နေတဲ့ မိန်းကလေးပဲ။

"ကိုမိုးသက်တင်"

"ဟင်"

"ရော့"

"ချွတ်"

"ပြန်ယူထားပါ၊ ချွတ် အခန်းက စိတ်မချရဘူး၊ အိမ်ဖော်ကောင်မလေးတစ်ယောက်ပဲ ရှိတာပါ"

"ချွတ်"

"ဟင်"

"မင်းကို မာမီပေးထားတာပဲ၊ ကိုယ်ပြန်မယူထားချင်ဘူး၊ မာမီက မေတ္တာလက်ဆောင်အဖြစ် ပေးတာပဲ"

"ဒါက ချွေးမလောင်းထင်လို့ ပေးတာပဲဟာ၊ ချွတ်က မာမီ့ချွေးမမှ မဟုတ်တာပဲ၊ အားလုံး ပြန်ယူထားပါ"

ချွတ်ချွတ်က ဖွတ်အတင်း ပြန်ပေးနေ၍ မိုးသက် ပြန်ယူထားရလေသည်။ သူ ချွတ်ချွတ်ကို အိမ်ပြန်ပို့ပေးရ၏။

"ချွတ်"

"ဟင်"

"ကိုယ် မင်းကို အရမ်းလေးစားတယ်"

"မာမီ အသက်ရှင်နေသရွေ့ ချွတ် ကူညီနေမှာပါ၊ တစ်ခုတော့ရှိတယ်၊ နောက်ကိုမိုးသက် မယုန်ကလေးနားလည်သဘောပေါက်အောင်တော့ ပြောပြထားသင့်တယ်ထင်တယ်"

ယုန်ကလေးကိုတော့ ပြောပြလို့မဖြစ်ပေ။ သူ့ကို ပြဿနာရှာနေသည်။ အိမ်မပြန်စေဘဲ နှစ်ယောက်တည်း အတူနေချင်တယ်ဆို၍ မိုးသက် နေရသေး၏။ အထူးသဖြင့် ချွတ်ချွတ်ပဲ။ ဘယ်လိုအကြောင်းတွေနဲ့ အလုပ်ခံနေရတာလဲဆိုတာ မိုးသက် ရှင်းပြနေရလေသည်။

"ချွတ် သွားပြီနော် ကိုမိုးသက် စိတ်ချပါ"

ချွတ်ချွတ်ကိုပို့ပြီး မိုးသက် ပြန်လာခဲ့လေသည်။ မာမီနှစ်မြိုက်စွာ အိပ်စက်နေဆဲမှာပင် ချွတ်ချွတ်အနားမှာ ရှိနေ၍ မာမီ





စိတ်ချမ်းသာနေပုံပင်။ သူ အိပ်ခန်းထဲဝင်လာခဲ့သည်။ သူ့စိတ်တွေမှုန်ကြုပ်နေ၏။

"ကိုကိုနော် ချွတ်ချွတ်နဲ့ ဓာတ်ရှင်မယ်တော့မကြံနဲ့၊ ယုန်တို့အသိုင်းအဝိုင်းအကြောင်းကို သိတယ်မဟုတ်လား"

ယုန်ကလေးရဲ့ ခြိမ်းခြောက်စကားတွေကို သူ ထိတ်လန့်နေခဲ့ရလေသည်။ သူ့ဂုဏ်သိက္ခာတွေ၊ သူ့အရှက်တွေအတွက် ယုန်ကလေးဆန္ဒတွေအတိုင်းသာ နေရမည်ဖြစ်၏။ မာမီရယ် သားမှားပါပြီ။ အရမ်းကို မှားသွားရတာပါ။

"ကိုကို နောက်တစ်နှစ်အတွင်း ယုန့်ကို လက်ထပ်ဖို့စဉ်းစားထားပါ၊ ယုန် အကြာကြီးတော့ စောင့်မနေနိုင်ပါဘူး၊ ယုန်ကမိန်းကလေးနော်၊ ပတ်ဝန်းကျင်က မေးငေါ့တာတွေ မခံနိုင်ဘူး"

"အင်းပါယုန်ရယ် ကိုယ်လက်ထပ်မှာပါ၊ ခဏလေးစောင့်ပေးပါကွာ၊ မာမီ့ကြောင့်ပါ"

"ကိုကို့မာမီ အသက်ရှင်နေသ၍ ယုန်က အရှက်သိက္ခာမဲ့ နေရမှာလားဟင်၊ ယုန် စိတ်မချတော့ဘူး၊ ကိုကို့အနားမှာချွတ်ချွတ် ရှိနေတာလည်း ယုန်အရမ်းစိတ်ပူတာပဲ၊ ဘာကြောင့်

ဒီဟာမလေးကို အလုပ်ခန့်ထားရတာလဲဟင်၊ ပြောစမ်းပါ၊ ယုန်စိတ်ပူနေလို့ပါ၊ ကိုကို့ကို ချစ်လို့ပါ၊ မခွဲနိုင်လို့ပါ"

နာမည်ကသာ ယုန်ကလေး လူက ကြမ်းလွန်းနေသည်၊ ယုန်ကလေးဆိုတဲ့နာမည်က ဟန်ဆောင်မှုတစ်ခုပဲမဟုတ်လား။ သူတဖြည်းဖြည်း သဘောပေါက်လာရ၏။ ယုန်ကလေးနှင့် ချစ်သူဖြစ်ပြီး မကြာခင် ယုန်ကလေးတို့ မိသားစုအတွက် တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီး ဝယ်ပေးခဲ့ရသည်။ လစဉ်ငွေကြေးထောက်ပံ့မှုတွေကလည်း များပြားလွန်း၏။

"ယုန်ကလေး မင်းက ရိုးသားချင်ယောင်ဆောင်နေတာပဲ ကိုကို့အပေါ် နားလည်မှုမရှိဘူး၊ မင်း စည်းစိမ်ဥစ္စာတွေကိုပဲ မက်မောနေတာပါ"

မိုးသက် စိတ်တွေ အတော်လေး ရှုပ်ထွေးနေလေသည်၊ မာမှီအတွက်လည်း အတော်လေး စိတ်ပူပင်နေရ၏။ ယုန်ကလေးတို့ မိသားစုရဲ့ အကြပ်ကိုင်မှုတွေကိုလည်း ခံနေရသည်။ မိုးသက် အမိက ကြောက်တာက ယုန်ပဲ။ ချွတ်ချွတ်သာ မာမှီချွေးမအဖြစ် ဟန်ဆောင်နေတာသိရင် မလွယ်ဘူး။ သူ ညဥ့်အတော်နက်မှ





အိပ်ပျော်သွားရသည်။

"သား မိုးသက်"

"သားကြီး"

"ဒေါက် ဒေါက်"

"ဟင်"

အပြင်မှ မာမှီအသံကြောင့် သူ ကပျာကယာ ထလိုက်ပြီး တံခါးဖွင့်ပေးလိုက်လေသည်။

"မာမီ"

"သား မနိုးသေးလို့ မာမီလာနှိုးတာလေ၊ ညက မင်း ဘယ်အချိန်ရောက်လဲ၊ ချောချောလေးရော မင်းပြန်ပို့လိုက်လား"

"ဟုတ်တယ် အမေ၊ သား ညှော်ခံပွဲမှာ ညဥ့်နက်သွားတာပါ၊ ချောကိုလည်း ပို့လိုက်ပါတယ်"

"အေးကွယ် သမီးလေးကို သနားလိုက်တာ၊ သဘောကောင်းပါတယ်၊ တကယ့်ကို စိတ်သဘောထား ဖြူစင်လိုက်တာ"

"မာမီ"

"ဟင်"

"နေကောင်းလားဟင်"

"ကောင်းလာတယ်၊ သမီးလေးချောကြောင့်လား မသိဘူး အရမ်းနေကောင်းသွားသလိုပဲ"

"မာမီရယ်"

"သားရယ် မာမီကတော့ သားတို့မင်္ဂလာပွဲကို မာမီမသေခင် စီစဉ်ပေးခဲ့ချင်တယ်"

"သားတို့မင်္ဂလာပွဲအတွက် မာမီ စိတ်မပူပါနဲ့၊ နေကောင်းအောင်ပဲနေပါ မာမီရယ်"

"မဟုတ်သေးဘူးလေ၊ မာမီက စိတ်အေးချင်တယ်၊ ဒီထိမိန်းကလေးမျိုးနဲ့သားကို ရစေချင်တာပါ"

"ချောနဲ့သားက ဘယ်တော့မှ မကွဲကွာပါဘူး မာမီရယ် စိတ်ချစမ်းပါ၊ ချောမှာလည်း နည်းနည်းအခက်အခဲ ရှိနေလို့ပါ မာမီ နေကောင်းနေတာ မြင်ရတော့ သားစိတ်ချမ်းသာလိုက်တာ"

မာဗိုကိုကြည့်ရတာ လန်းဆန်းနေသည်။ စိတ်ချမ်းသာမှုရဲ့ ဖြစ်နိုင်၏။ မာမီရယ် ချွတ်က မာမ့ိချွေးမ ဖြစ်မလာနိုင်ပါဘူး ယုန်ကလေးက မာမ့ိချွေးမပါ။ သူစိတ်ထိခိုက်ကြေကွဲနေရလေသည်။





"သားမျက်နှာသစ် သန့်ရှင်းရေးလုပ်တော့၊ မာမီ ဒီနေ့ နေကောင်းလို့ သားအတွက် မနက်စာစီစဉ်ပေးမယ်နော်"

"မလုပ်ပါနဲ့ မာမီ၊ သားနဲ့ချော မနက်စာစားဖို့ ချိန်းပြီးသားပါ၊ အိမ်ဖော်အဒေါ်ကြီးလည်း ပြန်ရောက်တော့မှာပါ၊ မာမီ အနားယူပါနော်"

"ဒေလီယာကိုရော ယုန်ကလေးကိုရော သားနဲ့နှီးစပ်သွားမှာ မာမီအကြောက်ဆုံးပဲလေ၊ ချောချောလေးနဲ့ပဲ လက်ထပ်စေချင်တော့ပြီကွယ်"

ချောနဲ့ပဲ လက်ထပ်မယ့်အကြောင်း မာမီ စိတ်ချယုံကြည်စေရန် ကတိတွေ အထပ်ထပ်ပေးနေရလေသည်။

ဝ ဝ ဝ

## အခန်း (၁၁)

"ချွတ်ချွတ်"

"ကိုယ်တို့ မန္တလေးကို သွားရမယ်၊ ငွေတွေ ပို့စရာရှိလို့"

"ဘဏ်ကနေလွှဲလိုက်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး၊ ငွေကလွှဲလို့ရပေမယ့် စာရင်းရှင်းစရာတွေ ရှိသေးတယ်၊ ကိုယ်ကိုယ်တိုင်သွားမှ ဖြစ်မယ်"

"ချွတ်တို့နှစ်ယောက်တည်းလားဟင်"

"အင်း"

"ယုန်ကလေးကရော"

"ဒီမှာ ကုမ္ပဏီကိစ္စတွေ ရှိသေးလို့ ယုန်ကလေးနေရမယ်"

"တော်ကြာ"

"မင်းဟ ကိုယ့်ရဲ့ ကိုယ်ရံတော်လေ"

"မယုန်ကလေးက ချွတ်ကို ကြည်တာမဟုတ်ဘူးနော်၊ ချွတ် နေခဲ့ရင်ကောင်းမယ်ထင်တယ်"

"လိုက်ခဲ့ရမယ် ချွတ်၊ ကိုယ့်စီးပွားရေးကိစ္စတွေ ယုန်ကလေး ဝင်ပြီးစွက်ဖက်ခွင့်မရှိဘူး၊ ကိုယ်ကလည်း လက်မခံဘူး"

ချွတ်ချွတ်ကို သူခေါ်သွားတာ အကြောင်းရှိလေသည်။ ချွတ်ချွတ်ကလည်း ယောကျ်ားလေးတစ်ယောက်ကဲ့သို့ အားကိုးရ၏။ ယောကျ်ားလေးတစ်ယောက်အား ကိုယ်ရံတော်အဖြစ် ထားလျှင် စီးပွားရေးသမားအချင်းချင်း ကြီးကျယ်ခမ်းနားရာ ရောက်နေမည်စိုး၍ ဖြစ်၏။ ချွတ်ချွတ်က ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အသုံးချ၍ ရနိုင်နေသည်။

"ချွတ်"

"ဟင်"

"မနက်ဖြန်ညနေ ထွက်မယ်၊ မင်းအဝတ်အစား အသုံးအဆောင်တွေ ယူခဲ့ပါ"





"ဟုတ်ကဲ့"

"ကိုယ်တို့က ကားနဲ့ပဲသွားမယ်၊ ထင်ပေါ်ကတော့ ရထားနဲ့လိုက်လာလိမ့်မယ်၊ ထင်ပေါ်ကိုတော့ ကြိုတင်လွှတ်မှာလေ"

"ဒီမှာ"

"ပြော"

"ရှင် ဒီလောက် ငွေကြေးတွေ ချမ်းသာနေတာ ဘာဖြစ်လို့ စီးပွားရေးကို ဒီလောက်အထိ လုပ်နေရတာလဲ"

"ဒါကတော့ ကိုယ့်ရဲ့ဝါသနာပဲလေ၊ စီးပွားရေးလောကမှာ ကိုယ်အအောင်မြင်ဆုံး ဖြစ်ချင်တာပါ"

"မယုန်ကလေးက ရှင့်အတွင်းရေးမှူးမလေးပဲ၊ သူ့ကိုပါ ခေါ်သွားသင့်တယ် ထင်တယ်လေ"

"မင်းမစပ်စုသင့်ဘူး ချွတ်ချွတ်၊ ခရီးသွားဖို့ပဲ ပြင်ဆင်ပါ"

"ကောင်းပါပြီ"

သူ လူတစ်ယောက်နဲ့ တွေ့ဖို့ရှိနေလေသည်။ အဲဒီလူက သူ့ကို ငွေညှစ်နေ၏။ မာမို့ကို ယုန်ကလေးနှင့် ပတ်သက်နေကြောင်း

မပြောစေချင်လျှင် ငွေသိန်းငါးဆယ်ပေးဖို့ပင်။ ယောကျ်ားကလေး အဖော် မခေါ်ခဲ့ရဘူးတဲ့။ ဒီလူက ဘယ်သူလဲ။ ယုန်ကလေးအစ်ကို တွေလားပဲ။ ဖြစ်နိုင်တာက ယုန်ကလေးနှင့် ပတ်သက်တဲ့ အသိုင်း အဝိုင်းပဲ ဖြစ်နိုင်သည်။ ဘယ်သူ့ကိုမှ မပြောနဲ့ဆို၍ မပြောရဲပေ။ မာမီ အသက်ကြီးပါပြီ။ ကင်ဆာရောဂါဝေဒနာကိုလည်း ခံစားနေရ၏။ သူ့အတွက် မာမီက အရေးအကြီးဆုံးပဲ။

"တစ်ခုတော့ရှိတယ် ချွတ်ချွတ်၊ ကိုယ့်အနားမှာ မင်းရှိနေရင် ကိုယ်အားရှိနေတယ်၊ မင်းမှာ စွမ်းအင်တစ်မျိုးရှိနေနိုင်တယ်"

"အဟက်"

"မရယ်ပါနဲ့ ချွတ်ချွတ်၊ ကိုယ်တကယ်ပဲပြောတာပါ၊ မာမီဆိုရင် မင်းကို အရမ်းချစ်ခင်နှစ်သက်နေတယ်"

မာမို့ကိုတော့ ချွတ် သနားကြင်နာနေမိလေသည်။ ချွတ်လည်း ကူညီမှာပါ။ ဆရာကျော်ဇေကိုယ်တိုင်လည်း ချွတ်ကို အစွမ်းကုန် အကူအညီပေးဖို့ ပြောထား၏။

"ညနေစာ ကိုယ်တို့အိမ်မှာစားနော်၊ မာမီက မင်းကို အရမ်းချစ်တာ"





"ချွတ် သွားတော့မယ်"

"အင်း"

ချွတ်ချွတ် ထွက်သွားတာကို သူ ငေးမောကြည့်နေမိလေသည်။ ဆတ်ဆတ်ကြဲ ခပ်စွာစွာ ကောင်မလေးတစ်ယောက် ဖြစ်ပေမယ့် စိတ်သဘောထား ဖြူစင်ရိုးသား၏။ သူ့စိတ်ထဲမှာ ချွတ်ချွတ်ကိုပဲ နှစ်သက်နေမိသည်။ အမြဲတမ်းလည်း သတိရနေ၏။ ယုန်ကြောင့်ပါ။ သူ့စိတ်တွေ အနှောင့်အယှက်ဖြစ်နေရတာ ယုန်ကလေးပဲ။ သူ ကုမ္ပဏီရုံးခန်းကို ပြန်လာခဲ့သည်။

"ကိုကို"

"ဟင်"

"ယုန်တို့အိမ်မှာ ငွေပြတ်နေပြီလေ"

"ယုန့်ငွေစာရင်းထဲမှာ ပိုက်ဆံတွေထည့်ပေးထားတာပဲ ထုတ်သုံးလေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ယုန်ရယ်"

"ယုန့်နာမည်နဲ့ထားတာတွေ ထုတ်မသုံးချင်ပါဘူး၊ စုထား

တာတွေလေ"

"ကဲပါ ယုန်ရယ်၊ ကိုကို့ဘဏ်စာရင်းကပဲ ထုတ်သွားပါ၊ ကိုကိုလည်း မနက်ဖြန်ည ခရီးထွက်စရာရှိတယ်လေ"

သူနှင့် ထင်ပေါ်က အလုပ်ကိစ္စနှင့် ခရီးထွက်နေကျဖြစ်သည်။ တစ်ခါတစ်ရံ ယုန်ကလေးလည်း လိုက်တတ်၏။

"ဟင် ဟုတ်လား၊ နှစ်ယောက်တည်းလား ကိုကို"

"အင်း"

"ဟိုဟာမလေးရော"

"ချွတ်ချွတ်လား"

"အင်း"

"မလိုက်ပါဘူး"

"တကယ်နော်"

"တကယ်ပါ ယုန်"

"သွားလေ"

ယုန်ကလေးက ငွေတွေအရမ်းသုံးဖြုန်းနေသည်ဟု ထင်မိသည်။ မိသားစုတွေကလည်း သုံးဖြုန်းနေကြ၏။ မာမီသဘောမတူ





တာလည်း အပြစ်မရှိပေ။ သူသာ ယုန်ကလေးရဲ့ ညွတ်ကွင်းထဲ မဆင်မခြင် တိုးဝင်ခဲ့ရသည်။

"ကိုကို"

"ဟင်"

"ကိုကို့ကို ယုန် ချစ်တယ်"

"ကိုကိုကလည်း ယုန်ကိုချစ်ပါတယ်ကွာ"

"ယုန် အရမ်းအားငယ်နေမိတယ်၊ ကိုကိုနဲ့ ဝေးရမှာ ကြောက်တယ်၊ ကိုကို့ကို အရမ်းချစ်လို့ပါနော်"

ကိုကို့မာမီက ယုန့်ကို သဘောမတူတာ နည်းနည်းလေးမှ မကျေနပ်မိပေ။ ချွတ်ချွတ်နဲ့ တွဲနေတာလည်း မသင်္ကာဘူး။ အခြေအနေကို အကဲခတ်နေမိသည်။ ကိုကို့ကို လက်လွှတ်ခံလို့မဖြစ်ဘူး။ အရယူရမယ်။ ကိုကိုက တစ်ဦးတည်းသောသား၊ စည်းစိမ်ဥစ္စာတွေ အများကြီး။ ဟိုအဘွားကြီး ဒေါ်စောနန်းရာဇာက မသေနိုင်ဘူး။ ယုန်တို့မိသားစုအား အထင်သေးနေသည်။ သိမယ် ယုန်ကလေးဆိုပြီး ဖြူစင်ပျော့ညံ့နေမယ်မထင်နဲ့ ကိုကို့ကို ယုန်ကလေးပဲ ပိုင်ဆိုင်စေရမယ်။

"ကိုကို"

"ဟင်"

"အခုတလော ကိုကို့ကိုကြည့်ရတာ အေးစက်နေသလိုပဲ ကွာ၊ ဘာလဲ ယုန့်ကို စိတ်ကုန်နေပြီလားဟင်"

"ယုန်ရယ် ကိုကို အလုပ်တွေရှုပ်နေလို့ပါကွာ၊ မနက်ဖြန်လည်း ကိုကို ခရီးထွက်ရမယ်၊ ကိုကိုတို့ အိမ်ပြန်ကြရအောင်"

"ဟင့်အင်း"

"ယုန်ရယ်"

"ကိုကိုနဲ့ အချိန်တိုင်း အတူတူနေချင်တယ်၊ မလွဲသာ မရှောင်သာလို့မှ ပြန်ချင်တာ"

"ကိုကို့မှာ အလုပ်ကိစ္စတွေ ရှိသေးတယ် ယုန်"

"ဟင့်အင်း"

ယုန်ကလေးက သူ့လက်တွေကို ဖက်တွယ်ရင်း သူ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားတော့သည်။ သူ့စိတ်တွေက အေးစက်နေ၏။ မာမီ့အတွက်ရော အလုပ်ကိစ္စတွေအတွက်ရော စိတ်ရှုပ်ထွေးနေ၏။ အချစ်တွေကို မခံစားချင်ပေ။ ယုန်ကလေးလက်တွေက သူ့ခန္ဓာ





ကိုယ်အား ပွတ်သပ်နေသည်။

"ကိုကို့ကို ချစ်တယ်၊ အရမ်းချစ်တာပဲ၊ ယုန့်ကိုတော့ ပြစ်ပယ်မသွားပါနဲ့နော်"

ယုန်ဘက်မှ အချစ်သက်သေတွေ ပြနေပေမယ့် သူ့ဘက်က စိတ်မသက်မသာကြီး ဖြစ်နေရလေသည်။ ချွတ်ချွတ်ကို သတိရနေမိ၏။ စားသောက်ခန်းထဲမှာ ချွတ်ချွတ်ကိုယ်လုံးလေးအား ရုတ်တရက် ပွေ့ဖက်မိစဉ် သူ့စိတ်တွေ အတော်လေး လှုပ်ရှားသွားခဲ့ရသည်။ မေ့လို့မရခဲ့။ ယုန်နှင့်ပတ်သက်ပြီး သူ့နှလုံးသားတွေ အေးစက်နေတာ ကြာပါပြီလေ။

"ကိုကို့ရင်ခွင်ကပဲ ယုန့်အတွက် နားခိုရာပါနော်။ ကိုကို မချစ်တော့မှာကို ယုန်အကြောက်ဆုံးပဲ"

ယုန်ကိုယ်လေးအား သူ ပွေ့ဖက်လိုက်လေသည်။ ယုန့်ကို မချစ်တော့တဲ့ အရိပ်လက္ခဏာတွေကို မပြရဲပေ။

သူ့ကို ထိုးနှက်လာမှာ သေချာနေသည်။ မာမီက လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မှာပါ။ မာမီ့ကို မနှောင့်ယှက်စေလိုပေ။ ထို့ကြောင့်ပင် ယုန်ကလေးတို့မိသားစု ဆန္ဒတွေကို

သူ ဖြည့်ဆွမ်းပေးနေခဲ့ရ၏။

"ချစ်တယ်ကိုကိုရယ်၊ အရမ်းချစ်တာပဲသိလား"

"သိပါတယ် ယုန်ရယ်၊ ကိုကိုသိပါတယ်၊ ယုန်ကိုလည်း ကိုကိုအရမ်းချစ်ပါတယ်"

အချစ်ရေယာဉ်ကြောမှာ နစ်မျောသွားရပြန်သည်။ ယုန်ဟာ သူလက်ထပ်ရမယ့် မိန်းကလေးဆိုတာ သူ့နှလုံးသားတွေထဲမှာ သံမှိုစွဲထားသလို စွဲထင်နေသည်။ ယုန့်ဆန္ဒက သူ့ဆန္ဒပဲ။ ယုန် ကျေနပ်စေရန် အနမ်းမိုးလေး ရွာသွန်းဖြိုးခဲ့ရ၏။ ငွေကြေးကိုလည်း လိုသလောက် ထုတ်ပေးခဲ့ရသည်။ ယုန့်ကို အကြင်နာတွေ အယုယ တွေ ပေးရမြဲပင်။

"တော်ပါတော့ကွယ် နော် ယုန်၊ ကိုကို့မှာ ကိစ္စရှိနေသေး တယ်၊ ဒီနေ့တော့ အိမ်ကိုပဲ စောစောပြန်ကြရအောင်ပါ"

"ဟွန်း ကိုကိုနော် ချွတ်ချွတ်ဆိုတဲ့ ဟာမလေးနဲ့တော့ ခြေပုန်းခုတ်ဖို့ မကြိုးစားပါနဲ့နော်၊ ယုန်က မိုးကိုမီးနဲ့တက်ရှို့ပစ်လိုက် မှာ"

"ချွတ်ချွတ်က ကိုယ့်ရဲ့လက်ထောက်အဖြစ် လိုအပ်နေလို့





ယုန်ရယ်၊ နားလည်ပေးပါကွာနော်"

"အင်းပါ၊ ရိုးရိုးသားသားဆိုပြီးရောနော်"

"စိတ်ချပါ ယုန်၊ ကိုကိုလက်ထပ်မယ့် မိန်းကလေးက န်လေးကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ပါဘူး"

ယုန်က ကိုကို့ကို ထိန်းချုပ်ထားနိုင်ဖို့အတွက် တစ်ခါတစ်ရံ ားလုပ်မိစေရန် ချွတ်ချွတ်လိုကောင်မလေးမျိုးနဲ့ လွှတ်ပေးထား က်လေသည်။ ယောက္ခမလောင်းကြီးက မတူမတန်သလို က်ဆံနေတာလည်း ထောက်ကွက်တစ်ခုအနေနှင့် အမြဲတမ်း ကြပ်ကိုင်ထားခဲ့သည်။

"ယုန် ပြန်တော့နော်"

"အင်း"

ယုန်ကလေးမှာ သူဝယ်ပေးထားတဲ့ ကားရှိနေ၍ လိုက်မပို့ တော့။ ယုန်ကလေး ပြန်သွားမှ သူ စိတ်သက်သာရာရပြီး ပြန်လာခဲ့ သည်။ သူ ခရီးထွက်ရမယ်။ မဖြစ်မနေ သွားရမှာပဲ။ ချွတ်ချွတ် ငအတူ သွားရမှာဖြစ်၍ ရင်တော့ နဲနဲလေး ခုန်နေမိသည်။ ရောက်တော့ အိမ်ဖော်အဒေါ်ကြီးက ကောင်မလေးတစ်ယောက်

ခေါ်လာ၍ စိတ်အေးနေရ၏။ အိမ်ပြန်ရောက်တော့ မာမီ
ချွတ်ချွတ်နှင့် လက်ထပ်ဖို့ပဲ ပြောနေလေသည်။ ယုန်ကလေး
နီးစပ်မှာ ကြောက်နေ၏။ မာမီက မာမီ့သားကို မျိုးရိုးဇာတိကောင်း
မိန်းကလေးတစ်ယောက်ကိုပဲ လက်ထပ်စေချင်တယ်လေဟု ပြော
လေသည်။ ယုန်ကလေးကိုတော့ ချွေးမအဖြစ် ဘယ်လိုနည်း
လက်ခံမှာမဟုတ်ပေ။ သူ စိတ်မောနေရလေသည်။

၀ ၀ ၀



## အခန်း (၁၂)

"ကိုမိုးသက်"

"ဟင်"

"ရှင် ဘာဖြစ်လို့ ချွတ်ကိုခေါ်ပြီး ခရီးထွက်ရတာလဲ"

"မင်းသိစရာမလိုပါဘူး"

"အဟက်"

သူမငြိမ်သွားလေသည်။ ချွတ်က ဒီလိုကျတော့လည်း ကျားကျားယားယားနှင့် သူ့ကို အကာအကွယ်ပေးဖို့ အဆင်သင့်ဖြစ်နေ၏။ ချွတ် အရမ်းမိုက်နေသည်။ တောင့်၏။ ဖြောင့်လွန်း၏။ အရမ်းကို စိတ်ဝင်စားစရာကောင်းနေလေသည်။ သူ ချွတ်ကို ရင်ဖွင့်လိုက်ရင် ကောင်းမလား။ ချွတ်က တိုင်ပင်သင့်တဲ့သူပဲ။

“ကိုမိုးသက်”

“ဟင်”

“ကျွန်မ ကားမောင်းပေးလို့ရတယ်နော်”

“ချွတ်”

“ပြော”

“မင်းကိုတော့ ကိုယ် တိုင်ပင်စရာတစ်ခုရှိတယ်”

“ပြောပါ”

“မင်းကိုယုံတယ် ချွတ်ချွတ်၊ မင်းကို အရမ်းအားကိုးတယ်၊ ကိုယ့်ကို နားအလည်ဆုံးက မင်းပဲထင်တယ်”

“ပြောပါ၊ ကျွန်မကိုလည်း သိပ်မယုံနဲ့နော်၊ မပြောသင့်တဲ့စကားတွေကိုတော့ ဖွင့်မပြောပါနဲ့ဦးနော်”

“ကိုယ် မင်းကိုယုံတယ်”

“အဟက်”

ချွတ်ချွတ် မင်းအလှတွေက တက်ကြွလန်းဆန်းနေတယ်။ မင်းစိတ်သဘောထားတွေက မထင်မှတ်လောက်အောင် ရိုးသားဖြူစင်နေတယ်ကွာ။ ချွတ် မင်းအလှတွေက တကယ့်ကို စွဲမက်စရာ





ကောင်းလောက်အောင် ညှို့ယူနိုင်စွမ်းရှိနေတယ်။ ကိုယ်နဲ့မင်းရဲ့တွေ့ဆုံမှုက နောက်ကျလွန်းနေတယ်။ ချွတ်ချွတ် မျက်တောင်ကော့ကော့လေးတွေ တဖျတ်ဖျတ်ခတ်ပြီး သူ့ကို ငေးမောကြည့်နေသည်။

“ချွတ်”

“ရှင်”

“ကိုယ့်မာမီက ယုန်လေးကို ဘယ်လိုမှ လက်မခံနိုင်တာ မင်းသိတယ်နော်”

“အင်း”

“ကိုယ်လက်ထပ်မှာက ယုန်ကလေးကိုပဲ”

“အင်း”

“ဒီစာကို မင်းဖတ်ကြည့်ပါ ချွတ်”

သူပေးတဲ့စာကို ဖတ်လိုက်လေသည်။ ကိုမိုးသက်ကို အကြင်နာမျက်ဝန်းတွေနှင့် ကြည့်မိသွားရ၏။

“ကိုယ် အဲဒီကိစ္စအတွက် သွားရမှာ၊ ယုန်ကလေးနဲ့ ကိုယ် ချစ်သူတွေဖြစ်နေကြောင်း မာမီသိလို့မဖြစ်ဘူး၊ အရမ်းစိတ်သောကတွေ ရောက်သွားမှာပဲ၊ ကိုယ့်ကို တစ်သက်လုံး စိတ်ချမှာ

မဟုတ်တော့ဘူး''

ချွတ်ရင်ထဲမှာ ကိုမိုးသက်အတွက် နာကျင်ထိခိုက်တဲ့ ဝေဒနာတွေ ခံစားနေရလေသည်။

''ကိုယ့်ကို ခြိမ်းခြောက်အကြပ်ကိုင်တာ ယုန်ကလေး အစ်ကိုတွေပဲထင်တယ် ချွတ်''

''ရှင့်ပိုက်ဆံတွေ သွားပေးမလို့လားဟင်''

''အင်း''

''ရှင် ကျွန်မနဲ့တွဲလာတာကို ယုန်ကလေး အသိုင်းအဝိုင်းတွေ သိသွားရင်ရော''

''ကိုယ်ဘာမှမတွေးချင်ဘူး၊ ကိုယ့်အနားမှာ ချွတ် ရှိနေစေချင်လို့ပါ၊ ကိုယ်လက်ထပ်မှာက ယုန်ကလေးပဲလေ၊ ဒါပေမယ့် လောလောဆယ်တော့ မင်းပဲရှိနေစေချင်တယ် ချွတ်ရယ်''

ချွတ် မျက်နှာလေးက တည်ငြိမ်နေလေသည်။ နှုတ်ခမ်းသားလေးကို တင်းတင်းလေး စေ့ပြီး မျက်ဝန်းလေးတွေထဲမှာ ဝမ်းနည်းကြေကွဲရိပ်လေးတွေ လွှမ်းနေသည်။ ဒါပေမယ့် သူမက တည်ငြိမ်နေခဲ့၏။





''ကိုယ့်ကို မင်းအားပေးစမ်းပါ၊ ကာကွယ်ပေးစမ်းပါ''

''အင်း''

''ဘာအင်းလဲ''

''အကာအကွယ်ပေးမယ်လို့ ပြောတာပါ''

ကားလေးက တရိပ်ရိပ်ပြေးနေလေသည်။ ချွတ်ချွတ်ကိုယ်[illegible] နောက်ကိုမှီပြီး မျက်ဝန်းတွေကို မှိတ်ပစ်လိုက်တော့၏။ [illegible]မိုးသက်နဲ့ အလုပ်သဘောအရပဲ ပတ်သက်ချင်တာပါ။ ချွတ်က [illegible]ကို ရိုးသားဖြူစင်စွာနဲ့ပဲ ရင်သန့်ဖြတ်သန်းချင်တာပါ။ ယောက်ျား [illegible]ယောက်ကို ငွေကြေးအတွက် မြူဆွယ်ဖျားယောင်းတာမျိုး ချွတ် [illegible]ယ်တော့မှ မလုပ်ဘူး။ ဆရာကျော်ဇေကြောင့် ရှင့်ကို အကူအညီ [illegible]ခဲ့တာပါ။

''မာမီမဆုံးမချင်း ကိုယ်ခြိမ်းခြောက်ခံရမှာပါ၊ ကိုယ် [illegible]သောကတွေ ရောက်ရတော့မယ်''

ငွေကြေး စည်းစိမ်ဥစ္စာတွေနှင့် ပြည့်စုံနေပေမယ့် သူ့စိတ်[illegible] မပျော်ရွှင်နိုင်ပေ။ ခြိမ်းခြောက်မှုတွေနှင့် အမြဲတမ်း ရင်ဆိုင်[illegible]ရသည်။

"ကိုယ့်မာမီ မကွယ်လွန်ခင်မှာ မာမီမဖြစ်ချင်တဲ့ အ
အနေတွေ မဖြစ်စေရဘူး၊ ကိုယ့်မာမီက ကိုယ့်ကို သားလိ
တစ်ယောက်အဖြစ်ပဲ မြင်တွေ့သွားချင်တယ် ချွတ်"

"ကိုမိုးသက် အစောကြီးထဲက စဉ်းစားသင့်တာပဲ၊ ခုတော
မိန်းကလေးဘက်က နစ်နာရမှာပေါ့၊ မှားတယ်မှန်တယ်လို့ မစဉ်းစာ
စေချင်ပါဘူး၊ မာမီ့အတွက်တော့ အကောင်းဆုံးဖြစ်အောင် လုပ်
ရမှာပဲလေ၊ ချွတ်လည်း ဘာတတ်နိုင်မှာလဲလို့"

"ချွတ် မင်းနဲ့ကိုယ် အစောကြီးထဲက ဘာဖြစ်လို့မျ
မဆုံခဲ့ရတာလဲ၊ ယုန်ကလေးနေရာမှာ မင်းဆိုရင်"

"အို"

ကားလေးက လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားသဖြ
သူမ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး အထိတ
တလန့်နှင့် ကြည့်မိသွားရသည်။

"ဆွားစက်ရပ်သွားလို့၊ ဆီပိတ်သွားတယ်ထင်တယ်"

သူကပြောပြီး ကားစက်ကို နှိုးကြည့်နေလေသည်။
မဖြစ်နိုင်တာပဲ။ ဒီလောက် ကားအကောင်းကြီးဟာကိုး။ ကိုမိုးသက





ဉာဏ်များတာလား။ ချွတ် မယုံသင်္ကာနှင့် သူမကိုယ်သူမ ကာကွယ်ရန် အသင့်အနေအထား ပြင်လိုက်သည်။

"ချွတ်က ကိုယ့်ကို မယုံလို့လား၊ မင်းလည်း ကားမောင်းတတ်တာပဲ၊ လာပြီး စက်နှိုးကြည့်လေ"

ဟုတ်သားပဲ။ ချွတ် စိတ်လျော့သွားရတာပါ။ ကားစက်အကြောင်း ချွတ်သိသည်။ ရှင် လိမ်ညာဟန်ဆောင်ပြီး ပေါက်ကရတွေ ကြံစည်ဖို့တော့ မစဉ်းစားနဲ့နော်။ ကိုမိုးသက် ဘာကြီးပဲဖြစ်နေပါစေ ချွတ် အထင်မကြီးဘူး။ ရှင်က မယုန်ကလေးရဲ့ ချစ်သူပဲ။

"ရော့လေ ချွတ်ချွတ် ကားသော့၊ မင်းစက်နှိုးကြည့်လေ"

"ပေး"

ချွတ်ချွတ် ကားသော့ကိုယူပြီး စက်နှိုးကြည့်သည်။ မရပေ။ အမှန်တကယ်ပဲ ကားစက်နှိုးလို့မရတာပါ။ သူ့ကို အထင်လွဲမိတာ စိတ်မကောင်းဖြစ်သွား၏။

"မင်းက ကိုယ့်ကိုတောင် မယုံတော့ဘူးလား ချွတ်ချွတ်၊ ကိုယ်က ယောကျာ်းကောင်းတစ်ယောက်ပါကွာ၊ ကိုယ်လက်မထပ်နိုင်တဲ့ မိန်းကလေးတစ်ယောက်အပေါ် ဘယ်တော့မှ ယုတ်မာ

ကောက်ကျစ်တဲ့ အကြံအစည်တွေကို မကြံစည်ပါဘူး''

''ဆောရီး''

''ချွတ်''

''ဟင်''

''ကားပြင်တတ်လား''

''အင်း''

''အဟုတ်''

''အင်း''

''အိုကေ''

ချွတ်ချွတ် ကားစက်ဖုံးဖွင့်ပြီး ပြင်နေလေသည်။ သူကား စက်အကြောင်း ဘာမှမသိ။ တပည့်ထင်ပေါ်ပဲ ကားပြင်၏။ ချွတ်ချွတ်က ယောကျ်ားလေးတစ်ယောက်လို ကားကို စိတ်ဝင်တစား ပြင်နေလေသည်။ ချွတ်ချွတ် မင်းက ထူးချွန်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပဲ။ သူမပေါင်တံလေးတွေက ဖြောင့်စင်း တောင့်တင်းနေသည်။ ဖြူစင်ဝင်းအိနေတဲ့ အသားအရေလေးက သူမဝတ်ဆင်ထားသော အနက်ရောင် စပို့ရှပ်လေးနှင့် လိုက်ဖက်နေ





သည်။ မိုးသက်တင် အကြည့်ကို လွှဲပစ်လိုက်၏။ မင်းစိတ်တွေကို ထိန်းချုပ်စမ်းပါ။ မိုးသက်တင် မင်းလက်ထပ်ရမှာက ယုန်ကလေး ပဲ။

''ဝူး''

''ဟာ''

''ရပြီ''

''ချွတ်''

''ပြော''

''မင်းက အရမ်းအားကိုးရတာပဲ''

''ဖေဖေ့ကျေးဇူးတွေလေ၊ ချွတ်ကို အားလုံးနားလည် အောင် လေ့ကျင့်သင်ကြားပေးခဲ့တာပဲ''

ကားလေးက တရိပ်ရိပ်ပြေးနေလေသည်။ မိုးသက်စိတ် တွေကို ကားစက်ီယာရှင်ပေါ်မှာပဲ အာရုံစိုက်ထားလိုက်၏။ ချွတ်ကိုပဲ မြင်ယောင်နေသည်။ အားပါး မျက်စိထဲကကို မထွက် တော့ပါလား ချွတ်ချွတ်ရျာ။

''ချွတ်''

"ဟင်"

"ထမင်းစားကြမယ်၊ ခဏနားကြရအောင်နော်"

"အင်း"

"မင်း စိမ်းလှချည်လား ချွတ်ချွတ်ချော၊ ကိုယ့်ဘေးနားမှာ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေတာပါလား"

"အဟက်"

"မရယ်နဲ့"

နှစ်ယောက်သား အနားယူဖို့ ဆွေးနွေးနေစဉ်မှာပင် ကားတစ်စီးက သူမတို့ကားရှေ့မှာ ဝိတ်ကာရပ်လိုက်လေသည်။

"ဂျို"

"ဟင်"

"ဘာဖြစ်တာလဲ ကိုမိုးသက်"

သူမကြည့်လိုက်တော့ ကားတစ်စီးပေါ်မှ လူနှစ်ယောက်ဆင်းလာလေသည်။ ခပ်ဆိုးဆိုးမိုက်မိုက် လူတွေဖြစ်ကြ၏။

"ဦးမိုးသက်တင်လား"

"ဟုတ်ပါတယ်"





"ငွေပါလား"

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ခင်ဗျား ငွေပေးရမယ့်လူတွေပဲ"

"ငွေက ကျုပ်တပည့်ထင်ပေါ် ယူလာမှာ"

"ခင်ဗျားမှာပါလာသလောက်ပေး"

"နေပါဦး၊ ကျုပ်ကို ဒီလိုခြိမ်းခြောက်ပြီး ငွေတောင်းတာ ဘယ်သူလဲ"

"သိဖို့မလိုပါဘူး၊ အရေးကြီးတာက ခင်ဗျားဆီက ငွေနဲ့ ခင်ဗျားတပည့်ကျော်ပေးမယ့်ငွေ နှစ်ဖွဲ့ခွဲလက်ခံမှာ"

မိုးသက်တင်ကတော့ ငွေပေးလိုက်ရုံကလွဲပြီး ဘာမှမရှိတော့ပေ။ သူတို့တွေနဲ့လည်း အခြေအတင် ပြောမနေချင်တော့။ ငွေပဲပေးလိုက်သည်။

"နေပါဦး ရှင်တို့က ငွေယူပြီး ထပ်မခြိမ်းခြောက်တော့ပါဘူးလို့ ဘယ်သူက ဂရမ်ဒီပေးမှာလဲ"

"အဲဒီကိစ္စ မင်းနဲ့မဆိုင်ဘူးထင်တယ်"

"ကျွန်မက သူ့ရဲ့လက်ထောက်ပဲ၊ ပြောရေးဆိုခွင့်ရှိ

တယ်''

''အရမ်းချောတဲ့ကောင်မလေးပဲ၊ တောင့်ဖြောင့်ပြီး စမတ်ကျလိုက်တာ၊ မင်းကဘယ်သူလဲ ဦးမိုးသက်တင်ရဲ့ အငယ်အနှောင်းလား''

''မိုး''

''ဒုတ်''

''အား''

''ဒုတ် ဒုတ်''

ချွတ်ချွတ်ရဲ့ ခြေထောက်တွေက မြန်သည်။ လက်တွေက သွက်၏။ စော်စော်ကားကား ပြောလိုက်တဲ့ လူ့ရဲ့ခြေထောက်နှင့် ခန္ဓာကိုယ် မြေကြီးပေါ် ကို့ရို့ကားယားဖြင့် ကျသွားလေသည်။

''ဘုတ်''

''အင့်''

''ချွတ်ချွတ်''

ကျန်နေတဲ့လူတစ်ယောက်ရဲ့ လက်ကို လိမ်ချိုးထားလိုက်လေသည်။





''ပြောလေ ဒီလိုခြိမ်းခြောက်ငွေညှစ်တာ ဘယ်သူလဲ၊ ပြောနော်၊ မပြောရင် ဟိုမှာတွေ့လား''

''အမလေး နာလိုက်တာ မမလေးရယ်၊ မလုပ်ပါနဲ့တော့ ပြောပါ့မယ်''

''ပြော မြန်မြန်ပြောနော်''

''ကိုကျွဲကြီးပါ''

''ယုန်ကလေးရဲ့အစ်ကိုလား''

''ဟုတ်ပါတယ်''

''တောက်''

မိုးသက်ပင် ဒေါသတကြီးနှင့် တောက်ခေါက်ပစ်လိုက်မိလေသည်။ တော်တော်လောဘကြီးတဲ့ဟာတွေပဲ။ မာဓီက ကိုယ်ကျင့်တရား ပျက်ယွင်းကြ၍ ယုန်ကလေးအသိုင်းအဝိုင်းထဲကို မဝင်စေချင်ပေ။

''ကိုမိုးသက် ငွေပေးစရာမလိုပါဘူး၊ ဒါ ခြိမ်းခြောက်ငွေညှစ်တာပဲ၊ ကိုမိုးသက်ပေးနေရင် ငွေညှစ်လို့ဆုံးမှာမဟုတ်တော့ဘူးနော်''

"ပေးလိုက်ပါ ချွတ်"

"ဟင်"

"ပေးလိုက်ပါ"

လှမိုက်နှစ်ယောက်က ငွေတွေကိုယူပြီး ကားထဲထည့်လိုက်ကြတော့သည်။ နှစ်ယောက်သား ဘာမှစောဒကမတက်ရဲကြတော့ဘဲ ကားမောင်းထွက်သွားကြလေသည်။

၀ ၀ ၀



## အခန်း (၁၃)

"ချွတ်ချွတ်"

"ဟင်"

"မင်း အရမ်းတော်တယ်၊ ကိုယ်ခေါ်လာ့စိတာ မှန်သွား ဒါကြောင့် ဆရာကျော်ဇေက မင်းက ယောကျ်ားလေးငါးယောက် ာက်နဲ့ ညီမျှအောင် အားကိုးရတယ်တဲ့"

"ကိုမိုးသက်"

"ပြော"

"ဘာဖြစ်လို့ ပိုက်ဆံကို ပေးလိုက်ရတာလဲ၊ ဒါ သက် ငွေညှစ်တာပဲ၊ အမြဲတမ်း ငွေညှစ်ခံနေရတော့မှာပဲ"

"မပေးရင်လည်း ပြဿနာက ပိုပြီးကြီးထွားလာနိုင်လို့

လေ''

''ကိုမိုးသက်ရယ်''

''ယုန်ကလေးကိုလည်း ကိုယ်လက်ထပ်ရမှာပဲ၊ ကိုယ်ပေး ဆပ်ရတော့မယ်၊ ကိုယ် ယောကျ်ားပီသစွာနဲ့ပဲ တာဝန်ယူရမယ်''

ယုန်ကလေးရဲ့ အစ်ကိုလုပ်ရပ်တွေအတွက် သူသဘော မကျမိပေ။ အနိုင်ကျင့် ဗိုလ်ကျလွန်းနေသည်ဟု ထင်မိသည်။ မတတ်နိုင်ဘူး။ ပေးရမှာပဲ။ သူရုန်းထွက်လို့မှ မရတော့တာပဲ၊

ယုန်ကလေးရဲ့ ဖြားယောင်းသွေးဆောင်မှုတွေကို ခံခဲ့ရတာ ပဲ။ ယုန်ကလေးဆိုတဲ့ နာမည်တောင် ဖျားယောင်းသွေးဆောင် တွေပဲ။

''ချွတ်တို့ မန္တလေးကို ဆက်သွားဖို့ လိုအပ်သေးလို့လား ဟင်''

''သွားရမယ်၊ ထင်ပေါ်နဲ့ တွေ့ရမယ်၊ ငွေကြေးကိစ္စ အဆင်ပြေအောင် ကိုယ်ရှိမှဖြစ်မယ်''

''နောက်ထပ်ခြိမ်းခြောက်ပြီး ငွေတောင်းနေရင်ရော''

''ပေးရမှာပဲ''





''ရှင်''

''ကိုယ့်မာမီအတွက် စည်းစိမ်ဥစ္စာတွေ ကုန်ရင်လည်း ကိုယ်ပေးမှာပဲ''

''စိတ်ပျက်လိုက်တာ''

သူမအား ကိုမိုးသက်ရဲ့ အမြှောင်ဟု ပြောလိုက်၍ ဒေါသ တွေမထိန်းနိုင်အောင် ဖြစ်သွားရလေသည်။ တော်တော်ဆိုးတဲ့ လူတွေပဲ။ ကိုမိုးသက်ရဲ့ စိုးထိတ်ကြောက်ရွံ့မှုတွေကို အခွင့်ကောင်း ယူနေကြသည်။ စိတ်မကောင်းစရာပဲ။ ချွတ်လည်း ဘယ်လိုမှ မကူညီနိုင်ခဲ့ပေ။ ကိုမိုးသက်က ကြောက်ရွံ့နေ၍ သူ့ကိုပါ အန္တရာယ် ပေးချင်နေသည်။

လူဆိုးတွေ နှောင့်ယှက်မှုကြောင့် ညအမှောင်အောက်ကို ရောက်လာရလေသည်။ တော်တော်မှောင်နေပြီ။ ကိုမိုးသက်က တော့ ကားကိုပဲ အာရုံစိုက်ပြီး မောင်းနေလေသည်။

''ကို''

''ဟင်''

''ဘာဖြစ်တာလဲဟင်၊ ကားဘာဖြစ်သွားလို့လဲ''

"စက်သေသွားတာပဲ ချွတ်၊ ပျက်ပြန်ပြီထင်တယ်ကွာ"

ကားလေးက လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားလေသည်။ အမှောင်ထုက လွှမ်းနေ၍ ကိုမိုးသက်က မျက်နှာပျက်နေ၏။

"ချွတ် ဖြစ်ပါ့မလား၊ ကိုယ်စိတ်ပူနေတယ်၊ မင်းအတွက်ပါ"

"မပူပါနဲ့ ချွတ် အစွမ်းအစကို သိတယ်မဟုတ်လား ဘာမှမကြောက်ပါဘူး၊ ချွတ် ကားကိုကြည့်ဦးမယ်"

ညက အေးစက်ချမ်းစိမ့်နေလေသည်။ လမ်းပေါ်မှာ ကားက ပြတ်နေ၏။ ညဉ့်နက်လာ၍ သူစိတ်ပူနေရ၏။ ချွတ်က မိန်းကလေးပဲ။ သူ့ကြောင့် တစ်ခုခုဖြစ်သွားရမှာ စိုးရိမ်မိနေ၏။ ချွတ်က တကယ့်ကို ယောကျ်ားလေးတစ်ယောက်လိုပဲ ကားစက်ကို ပြင်နေသည်။

"ချွတ်"

"ဟင်"

"ဖြစ်မလား"

"အင်း"





"ဒုက္ခပဲကွာ၊ ကိုယ်စိတ်လောပြီး ထွက်လာခဲ့တာ ကားကို မစစ်ဆေးခဲ့ရဘူး"

"စိတ်မပူပါနဲ့၊ ကားကို ပြင်လို့မရဘူးဆိုရင်လည်း ဒီမှာပဲ အိပ်ကြမယ်"

"ကိုထင်ပေါ်ဆီ ဖုန်းဆက်ရင်လည်း ဒီကောင်က ရထားပေါ်မှာပဲ"

"ကိုမိုးသက် စိတ်မပူပါနဲ့၊ ချွတ် ရှိပါတယ်"

ကားကား ပြင်မရပေ။ ချွတ် စိတ်ပျက်သွားရလေသည်။ ကိုမိုးသက်မျက်နှာက သိသိသာသာပင် စိုးရိမ်ပူပင်မှုတွေ ဖြစ်ပေါ်နေသည်။

"ချွတ်တို့ကားပေါ်မှာပဲ အိပ်ရတော့မယ်ထင်တယ်"

"ချွတ်"

"ဟင်"

"ကားကို ဒီမှာပဲရပ်ထားလိုက်တော့မယ်၊ ကိုယ်နဲ့ချွတ် အားကြိုးလိုက်သွားမယ်၊ နောက်မှ ထင်ပေါ်ကို လာယူခိုင်းမယ်"

"ကားကာ စိတ်မချရဘူး၊ ထားခဲ့လို့မဖြစ်ဘူးထင်တယ်"

“ကိုယ်ကတော့ ချစ်ချက် ဘာကိုမှ တန်ဖိုးမထားနိုင်ဘူး၊ ကားထားခဲ့မယ် ချစ်၊ မင်းတစ်ခုခုဖြစ်သွားမှာ ကိုယ်အရမ်းစိတ်ပူတယ်”

“ကားကတော့ ချစ် ပြင်လို့မရတော့ဘူး ကိုမိုးသက်၊ ချစ်တို့ ကားပေါ်မှာပဲ အိပ်ကြမယ်”

“နေဦးလေ ကိုယ် ကားကြုံရှာဦးမယ်၊ ချစ်နဲ့ကိုယ် မန္တလေးကို လိုက်သွားမယ်၊ ကားပျောက်သွားလည်း ကိုယ်စိတ်မပူဘူး”

ကားကြုံတားပေမယ့် ကားတွေက ရပ်မပေးပေ။ ကားပေါ်မှာအိပ်ဖို့ပဲ ရှိတော့သည်။

“ကိုယ်တို့ပြန်ကြမယ် ချစ်ချစ်၊ ကားထားခဲ့မယ်၊ ဒီနေရာက လူပြတ်တယ်၊ ကားအဆက်အသွယ်လည်း ပြတ်တယ်၊ မင်းကိုစိတ်ပူတယ်”

“ရပါတယ်၊ ချစ်က ရှင့်ရဲ့ ကိုယ်ရံတော်လေ၊ ရှင့်ကို ကာကွယ်စောင့်ရှောက်ပေးရမှာပဲ၊ ဒီမှာပဲ အိပ်ကြတာပေါ့”

“ချစ်ချစ်”





“အဟက်”

“မင်းကို ကိုယ်စိတ်မချဘူး”

သူမက ပခုံးလေးကို ဆတ်ခနဲ တွန့်ပစ်လိုက်သည်။ အမြဲတမ်း တက်ကြွပြီး သွက်လက်ဖြတ်လတ်နေသော ချစ်ချစ်အားသူ ငေးမောကြည့်မိနေ၏။ စိတ်သဘောထား ဖြူစင်ပြီး စေတနာမေတ္တာ ကြီးမားလွန်းတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်သည်။ ယုန်ကလေးနဲ့တော့ တခြားစီပဲဟု ထင်မိ၏။ နာမည်ကသာ ယုန်ကလေး လူကတော့ အတ္တတွေ၊ လောဘတွေနှင့် ပြည့်နှက်နေလေသည်။

“ရှင်အိပ်တော့”

“ဘာကွ”

“ကားထဲမှာ ဝင်ပြီးအိပ်ပါ”

“ချစ်ချစ် မင်းကိုယ်မင်း ဘာထင်နေလို့လဲ၊ မင်းက မိန်းကလေးလေ”

“ရှင့်ကို ကျွန်မက ကိုင်ပေါက်လို့ရတယ်နော်၊ စောစောက ဟိုလူတွေကိုတောင် ကိုင်ပေါက်ပစ်လို့ရတယ်”

မင်း ကိုယ့်အနားမှာ ရှိနေတာ ကိုယ်အရမ်းအားအင်တွေ ပြည့်နေသလိုပဲ။ မင်းမျက်ဝန်းတွေထဲမှာ စွမ်းအင်တွေနဲ့ ပြည့်နေ တယ်။ တောင့်ဖြောင့်ချောမော အိစက်နေတဲ့ မိန်းကလေးပါပဲ။

“ကားထဲဝင်ပါ”

“မင်းဝင်”

“ရှင်အနားယူလိုက်ပါ”

“ကိုယ်က ယောကျ်ားပဲ”

“ရှင်က ကိုယ်ခံပညာတွေတတ်လို့လား”

“ဘာပဲဖြစ်ဖြစ် မင်းကိုတော့ ကာကွယ်နိုင်ပါတယ် ကိုယ်က ယောကျ်ားလေ”

“အဟက်”

သူမ အရမ်းချစ်စရာကောင်းတဲ့ မိန်းကလေးပဲ။ ကိုယ့်ရင် ထဲမှာ မြတ်နိုးစွာ ထွေးပွေ့ထားလိုက်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာ ရသည်။ သူ ယုန်ကလေးကို လက်ထပ်ရမယ်။ ရှောင်လွှဲလို့မရစေ ယုန်ကလေးရဲ့ အသိုင်းအဝိုင်းကို သူ ရင်ဆိုင်ဖို့ ခက်၏။ အကြီး အကျယ်ပြဿနာရှာနေကြသည်။ မာမီက ဒါကြောင့် ယုန်ကလေး





အသိုင်းအဝိုင်းနဲ့ မဆက်ဆံစေချင်တာပဲ။ ချွတ်ချွတ်ကတော့ မျက်ဝန်း လေးဖွင့်ပြီး ပတ်ဝန်းကျင်ကို ကြည့်နေသည်။ မအိပ်ပေ။ သူ့ကိုစိတ် ပူပြီး ကာကွယ်စောင့်ရှောက်နေသည်။

“ချွတ်”

“ဟင်”

“အိပ်လေ”

“ရှင်အိပ်ပါ”

“မအိပ်ဘူး”

“မနက်ကျရင် ရှင်ကားမောင်းရမှာ”

“ကိုယ်လေ”

“အင်း”

“မင်းနဲ့စောစော တွေ့ချင်တယ်”

“အဟင်”

“တကယ်”

“ကိုယ်လေ”

“တော်ပါတော့”

ရှင် ယုန်ကလေးကိုပဲ လက်ထပ်ရမယ်မဟုတ်လား။ ရှင် ယုန်ကလေးကြောင့် စိတ်သောကတွေ ရောက်နေရတာလည်း ကျွန်မ သိပါတယ်။ ရှင့်မာမီ ကွယ်လွန်သွားတာနဲ့ ကျွန်မက ရှင့်အနားက နေ ထွက်ခွာသွားခဲ့ရမှာပါလေ။ အဲဒီအချက်ကို ရှင် ရှောင်လွှဲလို့ မရဘူးမဟုတ်လား။

“ရှင်အိပ်ပါတော့”

“မင်းအိပ်နေတာ ကိုယ်ကြည့်ချင်တယ်”

“ရှင်ပဲအိပ်”

“ဒါဆို နှစ်ယောက်စလုံး အတူတူအိပ်မယ်”

ချွတ် ဘယ်သူ့အပေါ်မှ အကြင်နာတွေ မထားချင်ဘူး။ အချစ်တွေ ဖြစ်ထွန်းပေါ်ပေါက်လာမှာလည်း ချွတ် အကြောက်ဆုံး ပဲ။ အထူးသဖြင့် ရှင်ကိုပေါ့။ ကျွန်မ ရှင့်ကိုချစ်ရမှာ ကြောက်တယ်။ ရှင့်မှာ ယုန်ကလေးဆိုတဲ့ ဇနီးလောင်း ရှိနေတယ်လေ။ သူမ မျက်လုံးလေးတွေကို မှိတ်ထားပစ်လိုက်သည်။ သူ စူးစိုက်ကြည့်နေ မလားပဲ။

မျက်ဝန်းလေးတွေကို ဖွင့်ကြည့်ရမှာ ကြောက်နေသလိုပဲ။





မျက်ဝန်းတွေခြင်း ဆုံမိသွားမှာစိုးလို့ပါနော်။ ချွတ်ချွတ် မျက်ဝန်း လေးတွေ မှတ်ထားမိပေမယ့် ကိုမိုးသက်ကိုပဲ မြင်နေသည်။ ဖျောက်ဖျက်ပစ်လို့ မရဘဲ ဖြစ်နေရ၏။ စိတ်ညစ်လိုက်တာ။ သူ့ကို ချွတ် နှလုံးသားထဲမှာ ထည့်မထားသင့်ပါဘူးလေ။ မောင်းထုတ်ပစ် ရမှာပါ။ လေငွေ့နွေးနွေးလေးက ရုတ်တရက် သူမပါးပြင်လေး ပေါ် လာရောက်ထိတွေ့နေလေသည်။ ရင်ထဲမှာ ထိတ်ခနဲခုန်သွားရ ၏။ ကိုမိုးသက်မျက်နှာက သူမပါးပြင်လေးနှင့် ထိကပ်နေသည်ကို သူမသိလိုက်သည်။ ဘုရားရေ သူက သူမကို နမ်းရှိုက်တော့မှာ လား။ မဖြစ်ဘူး၊ အဲဒါ လုံးဝမဖြစ်သင့်တာပဲ။ တားဆီးပစ်ရမယ်။ ချွတ် အတတ်နိုင်ဆုံး တားဆီးရမှာပဲ။ မှိတ်ထားသော မျက်ဝန်း လေးကို ဖျတ်ခနဲ ဖွင့်လိုက်လေသည်။

“ဟင်”

“ချွတ် မင်းပါးပြင်ပေါ်မှာ အမှုန်တွေကျနေလို့ ကိုယ် ဖယ်ရှားပေးမလို့ပါ”

“ဟုတ်လား ရပါတယ်၊ ကျွန်မ ဖယ်ပစ်လိုက်မယ်လေ”

သူက မျက်နှာကို ဖယ်ခွာမသွားပေ။ သူမ အထိတ်တလန့်

နှင့် ကိုယ်လေးကို တည့်မတ်လိုက်သည်။

"ချွတ်"

"ဟင်"

"ဆောရီးပဲ"

"ကိုမိုးသက်"

"ပြော"

"ယုန်ကလေးကို ရှင်လက်ထပ်ရမယ်လေ၊ အဟက် ချွတ်က် ယောကျ်ားလေးဆန်တယ်၊ တကယ့်ကို မိန်းကလေးစိတ် မရှိတာပါနော်" ၊

သူမကားတံခါးကို ဖွင့်ပြီး အောက်သို့ဆင်းလိုက်သည်။ ပြင်ပလေကို တစ်ဝကြီး ရှူသွင်းပစ်လိုက်၏။ ရင်ထဲမှာ နာကျင် လေးလံနေသလိုကြီးပဲ။ ကိုမိုးသက်အနားမှာ နေမိတာ မှားနေပြီ လား။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ပတ်ဝန်းကျင်ကပင် ချွတ်ချွတ်ရဲ့ စိတ်တွေကို မတည်မငြိမ်ဖြစ်စေရန် နှိုးဆော်ပေးသလို ဖြစ်နေလေ သည်။

o o o



## အခန်း (၁၄)

မနက်မိုးလင်းတော့ ထင်ပေါ် ကားတစ်စီးနှင့် ရောက်လာ သည်။ အရင်ကလို ချွတ်ကို ပြုံးတူးပြတဲ့နှင့် မကြည့်တော့။ လေးစားနေသည်။ မျက်ဝန်းတွေနှင့် တရိုတသေကြည့်နေ၏။ ချွတ်ကတော့ ခပ်တည်တည်ပဲ။

"ငွေတွေပေးလိုက်ပြီ အာစရိ၊ သူတို့တွေက ရလောက်ပို လေ ဖြစ်နေပြီ၊ မင်းဆရာ ကောင်မချောလေးတစ်ယောက်နဲ့ တွဲနေ တာ သတိပေးလိုက်တဲ့"

"မင်းသွားတော့"

"ဆရာ"

"ကားထားခဲ့"

"မယုန်ကလေးရဲ့အစ်ကို"

"တော်တော့ကွာ"

ယုန်ကလေးနှင့် ပတ်သက်တာတွေ သူဘာမှမကြားလိုတော့ပေ။ ငွေတွေပေးရတာလည်း တနင့်တပိုးဖြစ်နေသည်။ မာမီ့ကို စိတ်ချမ်းသာစေချင်တာပါ။ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ့် မာမီ့စိတ်တွေ ကျေနပ်ပီတိတွေပဲ ခံစားသွားစေချင်ပါသည်။

"ကိုယ် ယုန်ကလေးတို့မိသားစု ကျေနပ်အောင် ဘာမဆိုလုပ်ပေးမယ်၊ ကိုယ့်စည်းစိမ်ဥစ္စာတွေ ပုံပေးမယ်၊ ကိုယ် အနူးအညွတ်တောင်းပန်မယ်၊ မာမီ့ကိုတော့ စိတ်ချမ်းသာစေရမယ်"

ကိုမိုးသက်အား ချွတ် မကြည့်ရက်တော့ပေ။ ကြေကွဲစို့နင့်နေတဲ့ သူ့အသံတွေလည်း မကြားလိုတော့ပေ။ ချွတ် နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ဖိကပ်ထားမိလေသည်။

"ချွတ်"

"ရှင်"

"ကိုယ့်ကိုကူညီပါ၊ အစွမ်းကုန် အကူအညီပေးပါ၊ ကိုယ့်





မာမီ စိတ်ချလက်ချနဲ့ လူ့လောကကြီးထဲကနေ ထွက်သွားပါစေ၊ ချွတ် အကူအညီပေးပါနော်"

"ကိုမိုးသက် မာမီရှိနေသ၍ပေါ့လေ၊ ဒါပေမယ့် ချွတ်အသားကိုတော့ နဲနဲလေးမှ လာထိလို့မရဘူးနော်"

ချွတ်ချွတ်ကိုတော့ သူ ငေးမောကြည့်မိသွားလေသည်။ ကိုယ် မင်းအစောကြီးထဲက တွေ့ဆုံသင့်တာပဲ။ ယုန်ကလေးရဲ့ မိသားစုက သူ့အပေါ် အနိုင်ကျင့်ဆက်ဆံနေတာကို သည်းမခံနိုင်တော့ပေ။

"သား ယုန်ကလေးနဲ့ လုံးဝမပတ်သက်မိစေပါနဲ့ကွယ်၊ သားရဲ့ မျိုးဆက်အထိ ကိုယ်ကျင့်တရားမကောင်းတဲ့ သွေးတွေအပါမခံနိုင်လို့ပါ"

မာမီ တားဆီးနေသည့်ကြားမှ ယုန်ကလေးနှင့် ချစ်သူတွေဖြစ်ခဲ့သည်။ မဖြစ်မနေ လက်ထပ်ရတော့မည်။ ယုန်ကလေးက သူလှုပ်လို့မရအောင် အကြပ်ကိုင်နေတော့၏။ ယုန်ကလေးအပေါ် သူ ချစ်မြတ်နိုးစွာ ဆက်ဆံခဲ့ပေမယ့် ယုန်ကလေးဘက်မှ မရိုးမသား အနိုင်ကျင့်အကြပ်ကိုင်တာတွေ များလာခဲ့လေသည်။

"နာမည်က ယုန်ကလေးပဲ၊ တကယ်တော့ မြေခွေးမ ထက်တောင် ကြောက်စရာကောင်းတယ် သား"

သူ မိုက်မဲခဲ့တာပဲ။ ယုန်ကလေးရဲ့ မာယာထောင်ချောက် ထဲ သူတို့ သက်ဆင်းခဲ့မိသွားရသည်။ ရင်ထဲမှာ မွန်းကြပ်နေရ၏။ မာမီဆုံးတော့မယ် လူ့လောကကြီးထဲမှာ နေရဖို့ အချိန်သိပ်မရှိတော့ ပါဘူး။ မာမီ့ကို သူ့ကြောင့် စိတ်သောကတွေ မခံစားစေချင်တော့ ဘူး။ သားလိမ္မာတစ်ယောက်အဖြစ်လည်း ထင်မြင်သွားစေချင်မိ လေသည်။

"ကိုမိုးသက်"

"ဟင်"

"ကားစက်နိုးလေ"

"အင်း"

ချွတ်ချွတ် အပြုံးလေးကို သူနှစ်သက်မိနေလေသည်။ ယောကျ်ားလေးတစ်ယောက်လို နေထိုင်ပေမယ့် မင်းက ချစ်စရာ စွဲမက်စရာကောင်းလွန်းတဲ့ မိန်းကလေးပါကွာ။ ကိုယ့်ကိုလည်း ကာကွယ်စောင့်ရှောက်ပေးဖို့ အမြဲတမ်း အသင့်အနေအထား ဖြစ်နေ တယ်။ မင်းဟာ စိတ်သဘောထားဖြူစင်နေတယ် ချွတ်ချွတ်ရယ်။





"သွားစို့"

"ချွတ်"

"ရှင်"

"ကိုယ်တို့ကမ္ဘာကြီးရဲ့ အပြင်ဘက်ကို ထွက်ပြေးကြရ အောင်"

"အဟက်"

"ကိုယ့်ဆန္ဒပါ"

"လုံးဝပဲ"

"ချွတ်"

"ကားပဲမောင်းပါ"

"ကိုယ်မှားသွားပြီ"

"ရှင်ယောကျ်ားတစ်ယောက်နော်၊ ကိုယ်လုပ်ထားတဲ့ အလုပ်အတွက် တာဝန်ယူရဲရတယ်"

ချွတ်ကတော့ သူမရဲ့ကိုယ်ကျင့်တရားတွေကို နဲနဲမှ အထိ ပါးမခံနိုင်ပါဘူးနော်။ လုံးဝပဲ။ မယုန်ကလေးက ရှင့်ဇနီးမယား ဖြစ်နေပြီပဲလေ။

"ကိုယ် ယုန်ကလေးကိုပဲ လက်ထပ်မှာပါ၊ ဟုတ်တယ်

ကိုယ် ယောကျ်ားပီသရမယ်၊ တာဝန်ယူရဲရမယ်"

"ထောက်ခံပါတယ်"

သူမ တက်တက်ကြွကြွ အားပေးလိုက်လေသည်။ ရင်ထဲ

မှာတော့ ဘာဖြစ်လို့များ နာကျင်သွားရတာလဲ။ ချွတ် မျက်နှာ

ပျက်မသွားအောင်တော့ ကြိုးစားနေရသည်။ ကိုမိုးသက်က ယုန်

လေးနှင့် လက်ထပ်ရမည့် ယောကျ်ားတစ်ယောက်ပဲလေ။

"မာမီရော နေကောင်းရဲ့လား မသိဘူးနော်၊ ကိုမိုးသ

ချွတ်က မိဘတွေမရှိတော့ သတိရလိုက်တာ"

"ကိုယ့်မာမီ အသက်ရှင်နေတဲ့ကာလအတွင်း မင်းရဲ့

သေးတာ ကံကောင်းခြင်းလက်ဆောင်ပဲလေ"

သူ့လက်ကိုင်ဖုန်းမှ အသံလေးမြည်လာလေသည်။ ဖွင့်

နားထောင်လိုက်တော့ ယုန်ကလေးဖြစ်နေ၏။

"ကိုကို"

"ဟင်"

"ကိုကို့ဘေးနားမှာ ဘယ်သူရှိနေလဲ"

"ချွတ်ချွတ်"

"ယုန်သိပြီးပါပြီနော်၊ အစ်ကိုဖုန်းဆက်ပြောတာ





"ယုန်"

"ကိုကို့ကိစ္စမှာ ယုန် ဝင်စွက်ဖက်တာတော့ မဟုတ်ဘူး

ော်၊ ချွတ်နဲ့ ခရီးထွက်သွားရတဲ့အထိတော့"

"ကိုကို့အတွက် လိုအပ်လို့ပဲယုန်၊ စီးပွားရေးကိစ္စမှာ မင်း

င်မစွက်ဖက်ပါဘူးလို့ ပြောထားခဲ့တာပဲ"

"ကိုကို"

"ပြော"

"ချွတ်ချွတ်က အရမ်းချောတယ်၊ ယောကျ်ားတစ်ယောက်

ကို ပစ်ကျသွားအောင် စွဲဆောင်နိုင်တယ်လေ"

"ကိုကိုအလုပ်မအားဘူး ယုန်၊ မင်းပြောစရာရှိရင်

ကိုယ်ပြန်လာမှပြောပါ"

"ကိုကို ဖုန်းကို ပိတ်မပစ်လိုက်နဲ့နော်၊ စကားကို ဆုံးအောင်

းထောင်ပါ၊ ပြောစရာရှိလို့"

ယုန်ကလေးက ဒေါသတကြီး အော်ဟစ်နေလေသည်။

ဖုန်းကို ပိတ်ပစ်လိုက်၏။ ယုန်ကလေးဘက်မှ ဒီလောက်အထိ

နိုင်ကျင့် ဗိုလ်မကျသင့်ဟုထင်မိလေသည်။

"ဦးမိုးသက်"

"ထားလိုက်ပါ"

"ယုန်ကလေးက ချွတ်ကို မယုံကြည်တာထင်တယ်"

"ကိုယ်ကတော့ မင်းကိုယုံကြည်တယ် ချွတ်"

"ချွတ်ကြောင့်တော့"

"မင်းက ကိုယ့်ဝန်ထမ်းပဲ"

ယုန်ကလေးတို့ဘက်မှ အကြပ်ကိုင်အနိုင်ကျင့်နေသည်ကို ချွတ် တွေ့မြင်နေရလေသည်။ ကိုမိုးသက်အတွက် သနားနေမိ... မယ့် ချွတ်နဲ့ဘာမှမဆိုင်ပါဘူးလေ။

"ချွတ်"

"ဟင်"

"ကိုယ့်အတွက် မခံစားပါနဲ့၊ ကိုယ့်အမှားတွေပဲ... ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်သင့်တာကိုတော့ လုပ်ရမှာပဲ"

မိုးသက်တင်ကတော့ မာမီအတွက် သူစည်းစိမ်ဉစ္စာ... ကိုပင် စွန့်လွှတ်ပစ်လိုက်ဖို့ ဆုံးဖြတ်ထားမိသည်။ သူက ယောကျ်ား... ပဲ ပြန်ကြိုးစားယူမယ်။ သူ ယုန်ကလေးကို ကွာရှင်းပြတ်စဲဖို့အင်...

...တ်ကူးမိနေလေသည်။

"ချွတ်...မင်းကြောင့် မဟုတ်ပါဘူး၊ ကိုယ်ဒဏ်မခံနိုင် ...တော့ဘူးထင်တယ်လေ"

"ချွတ် တောင်းပန်ပါတယ်နော်၊ ယုန်ကလေးကိုပဲ ...က်ထပ်ပါ၊ သူ့ဘက်ကလည်း စိတ်ဘယ်ချမ်းမလဲ ကိုမိုးသက် ...ယ်၊ ချွတ်က မိန်းကလေးချင်း ကိုယ်ချင်းစာပါတယ်"

"ချွတ်"

"ဟင်"

"မင်းဘာဖြစ်လို့များ ဒီလောက်အထိ သဘောထားပြည့်ဝ ...နေရတာလဲကွာ"

"ဟင်"

သူ့ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပစ်လိုက်လေ ...သည်။ ချွတ်ကို စိတ်ထိန်းချုပ်နိုင်စွမ်း မရှိတော့သလို ရူးသွပ်စွာ ...ဖက်ထားလိုက်မိလေသည်။ ရုတ်တရက် ဖြစ်သွား၍ သူ့ရဲ့ ...က်ရတွေကြားမှာ ချွတ် မလွန်နိုင်သာ မလူးသာ ဖြစ်သွားရတော့၏။

"ကိုယ့်ဘဝထဲမှာ မင်းရှိနေစေချင်တယ်၊ မင်းပဲ ကိုယ့်ကို

ပျော်ရွှင်ချမ်းမြေ့စေအောင် ပေးစွမ်းနိုင်မှာပါ၊ ကိုယ့်အနားမှာနေ
ပါနော် ချွတ်"

"လွှတ်ပါ၊ အဲဒီလိုမလုပ်ပါနဲ့ ကိုမိုးသက်ရယ်၊ ချွ
ရှင့်ကို ကိုင်ပေါက်ပစ်လိုက်လို့ရတယ်နော်"

သူမ ရုန်းပစ်လိုက်သည်။ ယောကျ်ားတစ်ယောက်
လုယူရတာမျိုး ဖြားယောင်းသွေးဆောင်တာမျိုး ချွတ် အမုန်းဆုံး

"လွှတ်ပါ၊ ရှင်က ကျွန်မကို အလွယ်တကူရမယ်ထင်
အခွင့်ကောင်းယူတာလား ကိုမိုးသက်"

သူမလေသံက နဲနဲလေး တင်းမာသွားရလေသည်
သူ့လက်တွေက ရုတ်ချည်း ခြေလျှော့သွားတော့၏။ ဆောရီး
တောင်းပန်သည်။ သူကားကိုပဲ ဆက်ပြီးမောင်းနေတော့၏။ ချွ
မကြည့်တော့။ ရှင်နဲ့ဝေးဝေးနေချင်တယ်။ အဝေးဆုံးမှာ နေချ
တယ်။ ကျွန်မကို အဲဒီလိုမဆက်ဆံပါနဲ့။ ကျွန်မ လက်မခံနိုင်
အပြုအမူတွေပါပဲ။

"ကိုမိုးသက်"

"ပြော"





"ချွတ်ကို မာမီ့ရှေ့မှာ ဟန်ဆောင်နေပေးရတာမျိုးပဲ
ဘာဝန်ပေးပါတော့၊ ရှင့်စီးပွားရေးကိစ္စတွေမှာ ကျွန်မ လုံးဝမပါနိုင်
တော့ဘူး"

ချွတ် ပြတ်ပြတ်သားသား ပြောလိုက်တော့ သူ့မျက်နှာပြင်
က ညှိုးရော်သွားလေသည်။ သူဘာမှမပြောဘဲ ကားကိုသာ
မောင်းနေ၏။ ချွတ်ဘက်က ပြတ်သားသင့်သည်ဟု ထင်မိ၏။

"မာမီ့အတွက်ပဲ ချွတ်ကူညီမယ်"

သူကတော့ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကားကို ဆက်
မောင်းနေသည်။ ချွတ်လည်း ကြေကွဲစိုးနင့်နေ၏။ ဘာဖြစ်လို့လဲ
ကိုမိုးသက်အနားမှာ ချွတ် မနေသင့်တော့ပါဘူး။ သံယောဇဉ်တွေ
ဒီထက်ပိုပြီး မငြိတွယ်သင့်တော့ဘူးထင်တာပဲ။ ဟုတ်တယ်၊ ချွတ်
ဘက်က ပြတ်သားရမယ်။ ရှောင်ရမယ်။ ချွတ်ကိုသာ သံယောဇဉ်
တွယ်နေရင် ရှင်ပိုပြီး ဒုက္ခရောက်လိမ့်မယ်။ သူ့အပေါ် ပြတ်ပြတ်
သားသား ဆက်ဆံဖို့ပဲ ချွတ် ဆုံးဖြတ်ထားမိလေသည်။

၀ ၀ ၀

# အခန်း (၁၅)

"ချော"

"ရှင်"

မာမီက ချွတ်ချွတ်ချောဆိုတဲ့ သူ့မနာမည်ကို ချောဟုပဲ သိနေလေသည်။ ဝေဒနာတွေ ပို၍ပြင်းထန်လာသော မာမီသည် အတော်လေး အင်အားတွေချိနဲ့နေရှာ၏။ သားအတွက် မာမီစိတ်ပူနေပုံပင်။ ချွတ်ချွတ်လည်း မာမို့အား စိတ်ချမ်းသာစေချင်သည်။ သားကိုလည်း လိမ္မာတဲ့သားတစ်ယောက်အဖြစ် မြင်တွေ့သွားစေချင်မိသည်။

"လူ့လောကကြီးထဲမှာ မာမီနေရမှာမဟုတ်တော့ဘူး၊ သားနဲ့သမီးကို လက်ထပ်ပေးသွားချင်တယ်ကွယ်"

"မာမီရယ် စိတ်ချပါနော်၊ ချောက ကိုကိုနဲ့ပဲ လက်ထပ်မှာပါ၊ လောလောဆယ် ချောမှာ အခက်အခဲလေးရှိနေသေးလို့ပါ၊ မာမီ့ဆန္ဒပြည့်ဝအောင် ချောနဲ့ကိုကို လက်မှတ်ထိုးထားမယ်၊ မင်္ဂလာပွဲကိုတော့ နောက်မှပဲ အေးအေးဆေးဆေး လုပ်ပါရစေ"

"အေးကွယ် ဒါဆိုလည်း မာမီစိတ်အေးပါတယ်လေ၊ ယန်ကလေးဆိုတဲ့ မိန်းကလေးက သားဆီလာပြီး ပတ်သက်ဆက်ဆံချင်နေတာ မာမီသိတယ်၊ အဲဒါကိုပဲ စိတ်ပူနေတာ၊ သမီးတို့ လက်ထပ်ပွဲကြီး မကျင်းပနိုင်သေးတာတောင် တရားဝင်လက်မှတ်ထိုးထားကြရမယ်"

မာမီက ယုံ့ယုံ့လေးပဲ ရှိနေတော့သည်။ ချောကတော့ မာမီစိတ်အေးသွားအောင် ဘယ်လိုပဲဖြစ်ဖြစ် ကူညီဖို့ ဆုံးဖြတ်ထားလိုက်မိ၏။ ကိုမိုးသက်အခန်းထဲ ဝင်လာသည်။

"ကိုကို"

"ဟင်"

"ကျွန်မတို့ လက်ထပ်ကြရအောင်နော်"

"ချော"





"တရားဝင်လက်မှတ်ထိုးထားကြမယ်လေ၊ မာမီစိတ်အေးအောင်ပါနော် ကိုကို"

"ဟုတ်တယ်သား၊ မာမီစိတ်အေးချင်ပါပြီ၊ သားတို့ လက်မှတ်ထိုးကြရမယ်၊ မင်္ဂလာပွဲလည်း တခမ်းတနား ကျင်းပကြမယ်၊ ဒါမှ မာမီသေပျော်မှာပါ"

"မာမီ့ဆန္ဒတွေအတိုင်း အားလုံးလုပ်ပေးပါ့မယ်နော်"

"သားက လိမ္မာလိုက်တာကွယ်၊ မာမီစိတ်အေးပါပြီ၊ သမီးလေးချောနဲ့ လက်ထပ်ပြီးရင် မာမီသေပျော်ပါပြီ"

ကိုမိုးသက် လက်မောင်းကို ချိတ်တွယ်ထားလိုက်လေသည်။ မာမီစိတ်အေးရအောင်လို့ပါ။ ချွတ်ချွတ်မှာ မိဘတွေမှ မရှိတော့တာပဲ။ ချွတ်ချွတ်မေမေလည်း ကင်ဆာရောဂါနဲ့ပဲ သေဆုံးရတာပါ။ မာမီ့အား မိခင်တစ်ယောက်လို သံယောဇဉ်တွယ်မိသွားရသည်။

"ကိုကို"

"ဟင်"

"မနက်ဖြန် တရားသူကြီးမမခင်ကို ချိန်းထားလိုက်နော်၊

ချောတို့ ဒီအိမ်မှာပဲ လက်မှတ်ထိုးပွဲလေး ကျင်းပကြမယ်၊ မကောင်းဘူးလား"

"ကောင်းတယ် ချော၊ အဲဒီလိုပဲ လုပ်ကြရအောင်"

"ကိုကို စီစဉ်လိုက်တော့နော်"

"အင်း"

"ဘုန်းကြီးငါးပါးလောက်လည်း ဆွမ်းကပ်မယ်၊ မင်္ဂလာဆွမ်းလေးပေ့ါ၊ မာမီလည်း သင်္ကန်းလှူချင်သေးတယ်"

"ကောင်းတယ် မာမီ၊ သား စီစဉ်လိုက်မယ်လေ"

"အေး အေး"

မာမီမျက်နှာပြင်ပေါ်မှာ ပျော်ရွှင်ချမ်းမြေ့နေသည့် အရိပ်လက္ခဏာတွေ လွှမ်းမိုးနေ၏။ ကိုမိုးသက်က ချွတ်ရဲ့ပခုံးလေးကို ဖက်လိုက်တော့ အထိတ်တလန့် ဖြစ်သွားရပြီး မာမှီအနားကနေ ခပ်မြန်မြန် ထွက်လာခဲ့မိတော့သည်။

"အဖြစ်သည်းမနေစမ်းပါနဲ့ ချွတ်ချွတ်၊ ကိုယ်က မာမီ ယုံကြည်အောင်ပါ"

"ချွတ်ကလည်း မာမှီကို ကူညီတာပဲ၊ တကယ်တမ်း





တော့ လုံးဝမရပါဘူးနော်၊ ချွတ်ဘဝမှာ တန်ဘိုးအထားရဆုံးက ကိုယ်ကျင့်တရားပဲ၊ ချွတ်ချွတ် မြတ်နိုးနှစ်သက်တဲ့ ယောကျ်ားက ကိုယ်ကျင့်တရားကောင်းရမယ်၊ တာဝန်ယူတတ်ရမယ်၊ ကြင်နာတတ်ရမယ်"

"တော်ပြီ ချွတ်"

"မာမီကျေနပ်အောင် လက်မှတ်ထိုးကြမယ်၊ ထပ်ပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးမယ်"

"ချွတ်"

"ပြော"

"ကိုယ့်ကိုမယုံလို့လား"

"အင်း"

"ဟာကွာ"

"အဟက်"

ကိုမိုးသက် အနားကနေ ချွတ်ချွတ် ထွက်လာခဲ့မိသည်။ ကျွန်မကိုယ်ကျွန်မလည်း မယုံကြည်လို့ပါ။ ကျွန်မဘဝမှာ ရှင်ဟာ ပထမဆုံးပတ်သက်ဆက်ဆံဖူးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေ

လို့ပဲလေ၊ ရှင့်အပေါ် သံယောဇဉ်တွယ်ငြိနေပြီ။ ချွတ် အဲဒီလိုမဖြစ်ချင်ပါဘူး။ ယုန်ကလေးနဲ့ ယှဉ်ပြိုင်ပြီး ယောကျ်ားတစ်ယောက်ကို မလုချင်ဘူး။

"ချွတ်"

"ဟင်"

"စိတ်သန့်သန့်နေထိုင်ပါ၊ ကိုယ် ယုန်ကလေးကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ပါဘူး၊ ကိုယ်တာဝန်ယူရဲတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ချင်တယ်၊ ဒါပေမယ့် မာမီ့ကို စိတ်ချမ်းသာအောင်တော့ ကိုယ်က နေထိုင်ရတာပါ"

"ရပါတယ်"

ချွတ်ချွတ်နှင့် မာမီ့ရှေ့မှာ တရားဝင်လက်ထပ်ရတော့မည်။ စိတ်ထဲမှာ လှိုက်ဖိုတုန်လှုပ်နေမိသည်။ ချွတ်ချွတ်က မိန်းကလေးလို ဣန္ဒြေရှိရှိ ဝတ်စားပြင်ဆင်နေတော့လည်း စွဲမက်ဖွယ်အလှပိုင်ရှင်မလေး ဖြစ်နေသည်။ ကိုယ်က ယုန်ကလေးကိုပဲ လက်ထပ်ရမှာပါ။ ကိုယ်တာဝန်ယူရဲတယ်။ မင်းအထင်ကြီးတဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်။

"ချွတ် ဘာမှမလုပ်တွတ်သေးပါဘူး၊ ကိုယ်ပိုင်းကူမယ်





လေ"

"ကျွန်မ ကြိုးစားမယ်"

"မလုပ်ပါနဲ့၊ မင်းက ယောကျ်ားလေးတစ်ယောက်လို ကျားကျားယားယား နေလာခဲ့တာပဲလေ၊ မင်းမလုပ်ပါနဲ့"

"ချွတ်လုပ်မယ်၊ ချွတ်လည်း မိန်းကလေးပဲ တတ်သင့်တာတော့ တတ်ထားရအောင်လေ"

ချွတ် ဘာဖြစ်လို့များ မိန်းမဆန်ချင်နေရလဲဆိုတာ မသိပါဘူး။ အိမ်မှုကိစ္စတွေမှာ စိတ်ဝင်စားနေမိလေသည်။ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားမိရင်း သူမ မိန်းမဆန်နေတာကို မကျေမနပ်လေး ဖြစ်နေရပေမယ့် သူမ မိန်းမဆန်ဆန် နေထိုင်ပြုမူချင်နေရတော့သည်။

"အမေ့"

"ချွတ်"

"ဟင်"

ချွတ် ကြက်သွန်နွှာရင်း ဓားထိသွားကာ သွေးတွေဖြာထွက်လာတော့သည်။ အိမ်ဖော်ကောင်မလေးက အိမ်သန့်ရှင်းရေးလုပ်နေ

၏။ ချွတ်က ထမင်းဟင်းကိစ္စ သူမပဲ စီမံမည်ဆိုပြီး အိမ်တော်စိုးကြီးကိုလည်း မာမို့အနားမှာပဲ နေစေသည်။

''ချွတ် ဘာဖြစ်သွားတာလဲ''

ချွတ်လက်လေးကို သူက ဆုပ်ကိုင်ပြီး စိုးရိမ်တကြီး မေးနေလေသည်။ ချွတ် ဘယ်တော့မှ အိမ်မှုကိစ္စတွေကို စိတ်မဝင်စားပါဘူး။ လုပ်လည်းမလုပ်တတ်။ ဖေဖေကလည်း ချွတ်ကို မိန်းမဆန်မှာစိုးရိမ်ပြီး ကိုယ်ခံပညာတွေ သင်ပေးပြီး ကျားကျားယားယားပဲ နေစေချင်သည်။

''ချွတ်''

''ဟင်''

''နာသွားလား''

''ဟင့်အင်း''

''သွေးတွေ''

''ရတယ်''

''ကိုယ်ဆေးထည့်ပေးမယ်''

''ရှင်က ဆရာဝန်မှမဟုတ်တာဘဲ၊ ကျွန်မဘာသာ ထည့်





မယ်''

''ပြစမ်း''

''ရှင်သွားပါ''

မီးဖိုခန်းထဲကို မာမီဝင်လာတော့ ချွတ် ဘာမှမပြောင်းဆန်ရဲတော့။ ကိုမိုးသက်က ကြင်ကြင်နာနာနဲ့ ချွတ်လက်လေးကို ဆုပ်ကိုင်ကာ ဆေးထည့်ပေးတော့၏။

''ရှေ့ သမီးလေး ဘာဖြစ်တာလဲ၊ မားထိတာထင်တယ်၊ မဖြစ်ပါဘူး မီးဖိုချောင်ကိစ္စ အိမ်တော်စိုးကြီးပဲ တာဝန်ယူပါစေ သမီးက လက်ထပ်တော့မှာ၊ သတို့သမီးလောင်းဆိုတာ အန္တရာယ်ရှိတယ်''

မာမီက ခန္ဓာယဲ့ယဲ့လေးကို အနိုင်နိုင်ထိန်းရင်း အခန်းထဲဝင်လာပြီး စိုးရိမ်တကြီး ပြောနေသည်။ မာမီက ချွတ်ကို အရိပ်လိုကြည့်နေတာပါ။

''ကိုကိုလာရှုပ်နေလို့လေ၊ ချော သတိလစ်သွားရတာ မာမီရေ၊ ကိုကိုထွက်သွားတာ ချောဘာမှမဖြစ်ပါဘူး''

အိမ်တော်စိုးကြီးက မာမို့ကို ထိန်း၍ခေါ်သွားလေသည်။

"မာမီ အနားယူနေပါ"

"သမီးကို စိတ်မချလို့လေ၊ လက်ထပ်ပွဲအတွက် စီစ
ကြဖို့ သတိလာပေးတာ၊ အခုတလော မာမီအရမ်းပဲ မောလာတယ်
စိတ်က သမီးတို့လက်ထပ်ပွဲဆီပဲ ရောက်နေလို့"

"မာမီရယ် သား အခုပဲ တရားသူကြီးဆီ သွားမလို့
မာမီ စိတ်အေးအေးနေပါနော်"

"ချော"

"ရှင်"

"ဆရာဝန်ခြေလိုက်"

"ဒဏ်ရာက နဲနဲလေးပါ၊ မာမီသွားပါတော့၊ အိပ်ရာ
မှာ လှဲနေပါမာမီရယ်"

"မမကြီးက စိတ်မြန်တယ်၊ ပြောလို့လည်းမရဘူး
ရယ်၊ လက်ထပ်ပွဲအကြောင်းပဲ တတွတ်တွတ်ပြောနေတော့တာပဲ"

အိမ်တော်စိုးကြီးက မာမီ့ကို ချော့မော့ခေါ်ဆောင်သွား
တော့သည်။ မာမီမရှိတော့မှ သူ့ရင်ခွင်ထဲမှ ချတ် ရုန်းထွက်လို
၏။





"ဖယ်ပါနော် မာမီ စိတ်အေးအောင် ရှင်လက်မှတ်ထိုးဖို့
ကိစ္စ စီစဉ်ပါ"

"ချတ်"

"ရှင်"

"ကျေးဇူးတင်ပါတယ်"

"မာမီ့ကြောင့်ပါ၊ ကျွန်မ မေမေလည်း ကင်ဆာရောဂါ
ဝေဒနာနဲ့ ကွယ်လွန်ရတာလေ"

"မင်းရဲ့ ဖြူစင်တဲ့ စိတ်သဘောထားကို ကိုယ် အရမ်း
အထင်ကြီးလေးစားပါတယ်၊ ကိုယ်အရမ်းလည်း ကျေးဇူးတွေတင်မိ
နေတယ်ကွာ"

သူမကတော့ မျက်နှာထားတင်းတင်းလေးနှင့်ပဲ လှည့်
ထွက်လာလေသည်။ ချတ် စိတ်တွေကို ထိန်းချုပ်ထားလိုက်၏။
ကိုမိုးသက်နှင့် အကင်းရှင်းဆုံးနေမှ ဖြစ်မှာပါ။ ချတ်မှာ မာနတော့
ရှိနေသည်။ ဘာပဲဖြစ်ဖြစ် မာမီ့ကိုတော့ ကူညီရမှာပဲ။ ကိုမိုးသက်
အား ခပ်ရှောင်ရှောင်ပဲ နေလိုက်လေတော့သည်။

○ ○ ○

# အခန်း (၁၆)

မာမီက ယှဲ့ယှဲ့လေးပဲရှိတော့လေသည်။ လက်ထပ်ပွဲကို
ည်း မဖြစ်မနေ လုပ်ရတော့မည်ဖြစ်၏။ ချွတ်စိတ်ထဲမှာ နာကျင်
ကြကွဲနေရသည်။ အိမ်ပြန်တော့ မာမီက တားနေ၏။ သမီးဒီမှာ
နေလိုက်ပါတော့လားတဲ့။ ကိုမိုးသက်တင်နှင့် အကြည့်ချင်းဆုံ
သွားရသည်။

"မဖြစ်သေးပါဘူး မာမီရယ်၊ ချော မနက်မှလာမယ်နော်၊
ပါနဲ့ ကိုကို့ကိုပဲ လက်ထပ်မှာပါ"

"မာမီစိတ်အေးချင်တယ်၊ ဟို ယုန်ကလေးဆိုတဲ့ ဟာမ
းက သားကိုအရယူဖို့ ကြိုးစားနေတာလေ၊ ဒီစိတ်နဲ့ မာမီသေရင်
ာင် အသေဖြောင့်မှာ မဟုတ်ဘူးထင်တယ်"

"ယုန်ကလေးဆိုတာနဲ့ ကိုကိုမှ မပတ်သက်တာပဲနော် ကိုကို"

"ဟုတ်ပါတယ် မာမီ"

မာမီ့ရှေ့မှာ ချွတ်လက်လေးက ကိုမိုးသက်တင် လက်မောင်းကို မလွှဲမရှောင်သာ ချိတ်တွဲလိုက်ရသည်။ အကြည့်ချင်းဆုံမိပြီး နွေးထွေးလိုက်ခါ သွားကြရပေမယ့် တကယ့်ချစ်သူတွေလိုပဲ တယုတယ ဆက်ဆံနေကြသည်။ မာမီပြုံးနေ၏။ သမီးလေး မနက်ဖြန်ကျရင် စောစောလာနော်တဲ့။ ချွတ်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ဝဲလာရသည်။

"ချွတ်"

"ဟင်"

"ကိုယ်တောင်းပန်ပါတယ်"

"ရှင်"

"မင်းကို ထိခိုက်နစ်နာစေလို့ပါ"

"ဟင့်အင်း ချွတ်ကို ဘာမှမထိခိုက်ပါဘူး၊ ကူညီတာပဲလေ၊ ချွတ်ကြောင့် လူသားတစ်ယောက် စိတ်ချမ်းသာရင် ပြီးတာ





ပဲလေ"

ချွတ်ဘာမှ မခံစားရသလို ကားထဲသို့ ခွေ့ခနဲဝင်လိုက်သည်။

"မာမီရှေ့မှာ မိန်းမပီပီသသ နေပြရတာ တကယ်စိတ်ကိုက်တယ်ဗျာ၊ ချွတ်က ယောကျ်ားလေးတစ်ယောက်လိုပဲ ကျားကျားယားယားနေချင်တာ"

ကားကိုမောင်းပြီး ထွက်လာခဲ့မိလေသည်။ ကိုမိုးသက်တင်ရှေ့မှာ ဘာမှမဖြစ်သလို ဟန်ဆောင်နေပြရပေမယ့် ချွတ်ရင်တွေထဲမှာ နာကျင်ကြေကွဲနေရသည်။ အဲဒီလိုကြေကွဲမှုတွေ မခံစားချင်ဘူး။ မာကျောခက်ထန်တဲ့ နှလုံးသားတွေပဲ ပိုင်ဆိုင်ထားချင်တာ ချွတ်ငယ်ငယ်လေးလေးထဲက ယောကျ်ားလေးတွေနဲ့ ရင်ဘောင်တန်းပြီး နေလာခဲ့တာပါ။ တစ်ကောင်ကြွက်မလေးဖြစ်၍ စိတ်တွေမာကျောအောင် လေ့ကျင့်ထားတာပါ။ ချွတ်ကားလေးက သူမနေထိုင်တဲ့ တိုက်ရှေ့မှာ ရပ်သွားလေသည်။ ကားပေါ်မှဆင်းပြီး လှေကားထစ်တွေအတိုင်း နှေးကွေးလေးလံစွာ အပေါ်ထပ်သို့တက်လာခဲ့၏။ အဖေ ချွတ်ပြောင်းလဲနေပြီလား မသိဘူး။ အချစ်ဆိုတာတွေ ခံစား

နေရတယ်။ အဲ့ဒီခံစားချက်ကြီးကို ချွတ်မုန်းလိုက်တာ။ သူမ အခန်း ရှေ့ရောက် သူမခြေသံကိုသိနေတဲ့ အိမ်ဖော်ကောင်မလေးက တံခါး ဖွင့်ပေးလေသည်။

"မမချွတ် ညှိသည်ရောက်နေပါတယ်"

"ဟင်"

"မယုန်ကလေးတဲ့"

"ဟင်"

ချွတ်အခန်းထဲရောက်တော့ ညှိခန်းထဲမှာ ယုန်ကလေး ထိုင်နေသည်။

"ချွတ်ချွတ် ရောက်ပြီလား"

"သြော် ယုန်လေး"

"တွေ့ချင်လို့လေ"

"အင်း"

"မနေ့က ခရီးထွက်ကြတာ အိုကေရဲ့လားဟင်"

"ရှင်"

"ယုန်သိပါတယ်၊ ရှင်နဲ့ကိုကို အရမ်းတွဲနေတာကိုလေ"





"ချွတ်က တာဝန်အရပါ"

ယုန်ကလေး မျက်ဝန်းအကြည့်တွေက ချွတ်မျက်ဝန်းတွေ ထဲ ထိုးဖောက်မတတ် စူးခနဲကျရောက်လေသည်။ ချွတ်စိတ်တွေ လှုပ်ရှားသွားရပြီး ချွတ်ရဲ့မာကျောတဲ့ မျက်ဝန်းတွေက ရင်မဆိုင် ရဲတော့လောက်အောင် ထူပူသွားရသည်။

"ကိုကိုက ယုန်လေးနဲ့ လက်ထပ်မယ်ဆိုတာ ချွတ်ချွတ် သိပါတယ်နော်"

"သိပါတယ်၊ ချွတ်နဲ့ ကိုမိုးသက်တင်က အလုပ်ရှင်နဲ့ ဝန်ထမ်း ဆက်ဆံရေးပါပဲ၊ ဒီထက်ပိုစရာ အကြောင်းမရှိပါဘူး မယုန်ကလေး"

"ဟုတ်လို့လား"

"ချွတ်ကို ယုံပါ၊ ချွတ်က ယောကျ်ားတွေကို စိတ်မဝင် စားပါဘူး"

"အဟက်"

မယုန်ကလေးက လှောင်ရယ်ရယ်လိုက်သဖြင့် ချွတ် ဒေါသတွေ ထောင်းခနဲ ထွက်သွားရသည်။ အရင်ကစိတ်နဲ့ဆို

ရှင်တကယ်မလွယ်ဘူး ဖြစ်သွားမှာနော် မယုန်ကလေး။ ချွတ်စိတ်တွေ အောက်တန်းမကျဘူး။ ချွတ် မျက်ဝန်းလေးတွေ တင်းမာသွားရလေသည်။

"မင်းကလည်း အရမ်းကို ချောမောလှပတဲ့ ကောင်မလေးတစ်ယောက်၊ ကိုကိုကလည်း အရမ်းကို ခန့်ညားလွန်းတဲ့ယောကျ်ား၊ မင်းတို့နှစ်ယောက် တတွဲတွဲလုပ်နေကြတာကို ဗုန်ကလက်ပိုက်ကြည့်နေရမှာလား"

"တာဝန်အရပဲ ပတ်သက်တာပါလို့ပြောတာ လက်မခံဘူးဆိုရင် ကျမ ဘာတတ်နိုင်မှာလဲ၊ ပြန်ပါတော့ မယုန်ကလေး"

"ချွတ်ချွတ် ကျုပ်မောင်တွေက ဘာတွေလည်းဆိုတာ ညည်းလေးသိတယ်နော်"

ချွတ်ပခုံးလေးကို တွန့်ပြလိုက်လေသည်။ ချွတ်က ကြောက်မယ်ထင်လို့လား။ စမ်းကြည့်လေ ချွတ်က ဘာကိုမှ ကြောက်တတ်တဲ့သူမှ မဟုတ်တာဘဲ။

"မယုန်ကလေး"

"ပြော"





"ချွတ်က အားလုံးကို စိန်ခေါ်တယ်လေ၊ ဘာကိုမှ မကြောက်တတ်ဘူး၊ မဟုတ်တာ မမှန်တာလည်း မလုပ်တတ်ဘူးနော်"

ချွတ်မျက်ဝန်းလေးတွေက တင်းမာနေလေသည်။ မယုန်ကလေးရဲ့ စွပ်စွဲပုတ်ခတ်မှုတွေကို လက်တုံ့ပြန်ပစ်လိုက်ချင်ပေမယ့် ကိုမိုးသက်တင်မျက်နှာကို ထောက်ထားနေလို့ပါ။

"မယုန်ကလေးပြန်ပါ"

"ညည်းလေးကို ပြောစရာရှိသေးတယ်"

"ကိုမိုးသက်တင် စွပ်စွဲပုတ်ခတ်တဲ့ စကားတွေတော့ ပြောရင် ချွတ်လက်မခံဘူးနော်"

ချွတ်ချွတ် မတ်တပ်ရပ်လိုက်ပြီး ဧည့်သည်အား ဆက်ပြီး ဧည့်မခံနိုင်တော့တဲ့သဘောမျိုး ပြလိုက်သည်။

"ကိုကိုနဲ့ငါက လင်မယားဆိုတာ ထပ်ပြီး အသိပေးတာပါ"

မယုန်ကလေးလည်း ထလေသည်။ ချွတ်ဒေါသတွေ ဖြစ်နေပေမယ့် ထိန်းချုပ်လိုက်သည်။ ကိုမိုးသက်တင်ကြောင့်ပါ။

ရှင်ဟာ ရုပ်ရည်လေးချောမောသလောက် တော်တော်လေး အတ္တကြီးမားတဲ့ မိန်းမပဲ။ နုနုဖတ်ဖတ် အေးအေးတဲ့ပုံ ဖမ်းနေပြီး မျက်ဝန်းတွေထဲမှာက အတ္တရမ္မက်တွေနှင့် ပြည့်လျှံနေလေသည်။

"ညည်းလေး ကိုယ့်ကိုယ်ကို အထင်ကြီးမနေနဲ့နော်၊ ကျုပ်အစ်ကိုတွေက ညည်းလေးကို ပြုတ်စားပစ်လိုက်လို့ရတယ် သတိထား"

"ဒီမှာ"

"ဘာလဲ"

"မယုန်ကလေးသိအောင်လည်း ပြောပြထားရဦးမယ်၊ ချွတ်ရဲ့ ကိုယ်ကျင့်တရားကိုတော့ တစ်စက်လေးမှ အထိမခံနိုင်ဘူးနော်"

"ညည်းတော်တော် အပြောကောင်းတာပဲ၊ စောင့်ကြည့်ရသေးတာပေါ့ ချွတ်ချွတ်ချော"

မယုန်ကလေး ထွက်သွားတော့ ဒေါသဖြစ်ပြီး ကျန်ခဲ့သည်။

"တောက်"





"ဝုန်း"

"မမလေး"

"တော်တော်စော်ကားချင်တဲ့ မိန်းမ၊ မုန်းလိုက်တာ"

တစ်လောကလုံးကို ချွတ်ချွတ် မကျေမနပ် ဖြစ်နေမိလေသည်။ မနက်ဖြန် ကိုမိုးသက်တင်နဲ့ လက်ထပ်ရမယ်။ မာဒီရဲ့ဆန္ဒအရပါပဲ။ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မယ့် လူသားတစ်ယောက်ရဲ့ ဆန္ဒပါ၊ ဟန်ဆောင်လက်ထပ်မှာပါ။

"မမလေး"

"ဟင်"

"ရေချိုးတော့လေ"

"အင်း"

"ကျွန်မ ညစာအတွက် ပြင်ဆင်မလို့ပါ"

"မစားတော့ဘူး"

"ဟင်"

"မမလေး အနားယူတော့မယ်၊ စားချင်တဲ့အချိန်မှစားမယ်"

"ဟုတ်ကဲ့"

ချစ်ချစ် အိပ်ခန်းထဲကို ဝင်လာခဲ့လေသည်။ အိပ်ရာပေါ် ပြစ်လှဲလိုက်မိ၏။ မာမီ့ကို မြင်ယောင်နေရသည်။ ပျော့တော့ချိုနေတဲ့ ခန္ဓာကိုယ်လေးက လူ့လောကကြီးထဲကနေ စောစီးစွာ ထွက်ခွာသွားရတော့မည့် လက္ခဏာပြနေ၏။ မယုန်ကလေးကို သားနှင့်လက်ထပ်လိုက်မှာ အစိုးရိမ်ကြီး စိုးရိမ်နေသူပါ။

"မာမီ လူ့လောကကြီးထဲကနေ ထွက်သွားပြီးရင် ကိစ္စတွေအားလုံး ပြီးပါပြီ ချစ်ချစ်၊ ကိုယ့်ဘဝကံကြမ္မာပဲလေ၊ ယုန်ကိုလက်ထပ်ရမှာပဲ၊ ကိုယ်ဘယ်လိုမှ ရှောင်လွှဲလို့မရတာပါ"

သူမနှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားမိလေသည်။ အိပ်လို့ပင်မရ။ ရင်ထဲမှာ ပြည့်နေ၏။ မယုန်ကလေးသာ သိသွားရင် မလွယ်ဘူးဆိုတာ သိနေသည်။ ချစ်မကြောက်ပါဘူး။ ရင်ဆိုင်ရဲပါတယ်။ ဒါပေမယ့် ကိုမိုးသက်တင်ကိုတော့ ပူပင်နေမိလေ၏။ သူ ယုန်ကလေးနဲ့ လက်ထပ်တော့မှာပဲ၊ ချစ်နဲ့ ဘာမှမဆိုင်ပါဘူးလေ မေ့ပစ်ထားလိုက်တာ အကောင်းဆုံးပါပဲ။ ချစ် အိပ်ရာပေါ်မှာ ပျော့ခွေကျနေရသည်။





"တီ တီ"

"ဟင်"

သူမလက်ကိုင်ဖုန်းလေးမှ အသံလေးမြည်လာသည်။ ချစ်က တခြားအသံတွေ ထည့်မထားချင်လို့ တီတီပဲ ထည့်ထား၏။

"ဟဲလို"

"ချစ်"

"ဟင် ကိုမိုးသက်တင်"

"မာမီမောနေလို့ မင်းလာခဲ့ပါလား၊ မင်းကိုတွေ့ချင်တယ်တဲ့"

"ဟုတ်လား"

"လာခဲ့ပါ ချစ်ရယ်၊ မာမီ့အတွက် ကိုယ်အရမ်းစိတ်ပူနေတယ်၊ ကိုယ့်ကို အားပေးပါဦး၊ ချက်ချင်းကြီးပြန်ခေါ်ရလို့ အားတော့နာပါတယ်၊ ကိုယ့်အနားမှာ ချစ်ရှိနေမှ ဖြစ်မှာမို့လို့ပါ"

ကိုမိုးသက်တင်အသံတွေက ထိတ်လန့်တုန်ခါနေ၍ ချစ် လာခဲ့မယ့်အကြောင်း အသိပေးလိုက်သည်။ မာမီ့အတွက်လည်း

စိတ်ပူပြီး အခန်းထဲမှပြန်၍ ပြေးထွက်လာခဲ့မိ၏။ အိမ်ဖော်ကောင်မလေးက အထိတ်တလန့် မေးနေသေးသည်။

"အရေးကြီးလို့ မမလေး အခုပဲ ပြန်သွားရမယ်၊ အခန်းကို သေသေချာချာပိတ်ပြီးနေ၊ ဘယ်သူ့မှ မဖွင့်ပေးနဲ့တော့"

သူမအောက်သို့ လှေကားထစ်တွေ ကျော်နင်းရင်း အပြေးလေး ဆင်းလာခဲ့လေသည်။

○ ○ ○



## အခန်း (၁၇)

"မာမီ"

"ချော"

"ရှင်"

"မာမီမနေရတော့ဘူးထင်တယ်၊ အရမ်းမောလိုက်တာ"

"ဆေးခန်းပြရအောင် မာမီနော်"

"ချောရောက်လာပြီဆိုတော့ မာမီစိတ်အေးရပါပြီလေ၊ ဆေးခန်းသွားကြရအောင်"

"ဖြစ်မှဖြစ်ရလေ မာမီရယ်၊ ချောကို ဘာဖြစ်လို့ စောင့်နေရတာလဲ"

"မာမ့်စိတ်တွေက ချောဆီပဲရောက်နေတယ်၊ ချောရှိရင်

အားရှိနေသလိုပဲ''

မာမိုကို ဆေးခန်းပို့လေသည်။ ချွတ် စိတ်သောကရောက်ရ၏။ မာမီ အသက်ရှင်နေရင်လည်း ကိုမိုးသက်တင်နဲ့ လက်ထပ်ရတော့မယ်။ မယုန်ကလေး သိသွားရင်တော့ တကယ်မလွယ်တာဘဲ။ မယုန်ကလေး သူမကိုလာတွေ့ကြောင်း ကိုမိုးသက်တင်ကို ပြောပြဖို့ပင် မာမိုကျန်းမာရေး အခြေအနေကြောင့် မပြောပြဖြစ်တော့ပေ။ မာမိုကို ဆေးခန်းပြရသည်။ ဆေးခန်းမှာတင်လိုက်ရ၏။ မာမီနဲနဲတော့ သက်သာလာသည်။

''မာမီ မသေချင်သေးဘူး၊ သမီးနဲ့သားကို လက်ထပ်ပေးရဦးမယ်၊ ဒါမှ မာမီစိတ်အေးလက်အေး သေရမှာ''

''မာမီရယ်''

''မာမီ အိမ်ပဲပြန်မယ်၊ မနက်ဖြန် သားနဲ့သမီး လက်ထပ်မှာလေ''

''ရက်ရွှေ့လိုက်ရအောင် မာမီရယ်၊ အရေးကြီးတာက မာမိုကျန်းမာရေးပါပဲ၊ သားတို့က လက်ထပ်မှာပါ၊ ဒီလောက်ချစ်နေကြတာပဲ''





''မာမီ စိတ်အေးချင်လို့ပါကွယ်''

''ဒါဆိုလည်း မာမိုသဘောပါပဲလေ၊ အိမ်မှာပဲ ဆေး...ရှည်း ကရိယာတွေ အစုံထားပြီး မာမီအနားယူပါ၊ သားကတော့ ...မာမီ သက်တောင့်သက်သာဖြစ်ဖို့ပဲ အဓိကပါလေ''

မာမီအတွက် ငွေကြေး ကုန်ချင်သလောက်ကုန်ပါစေ စီစဉ်...သည်။ အိမ်မှာဆေးခန်းကဲ့သို့ အနားယူနိုင်ရန် စီစဉ်ပြီး ပြန်ခေါ်...လာခဲ့သည်။

''ချွတ်''

''ရှင်''

''ချွတ်ကို အားနာတယ်''

''ကိစ္စမရှိပါဘူး၊ မာမီစိတ်ချမ်းသာဖို့ပဲ အရေးကြီး...တာပါ''

''ကိုယ့်ကိုလက်ထပ်ထားတဲ့အတွက် မင်းဘာမှ စိတ်မပူ...ပါနဲ့၊ ကိုယ် ယုန်ကလေးကလွဲပြီး တခြားဘယ်သူ့ကိုမှ လက်ထပ်...ယူနိုင်ခွင့် မရှိဘူးလေ''

မာမီက ယုန်ကလေးနှင့် ကင်းရှင်းအောင်နေဖို့ သတိပေး

ပေမယ့် သူက ယုန်ကလေးရဲ့ ထောင်ချောက်ထဲ ထိုးဝင်ခဲ့မိသည်။ မာမီ စိတ်ပူသလိုပဲ ယုန်ကလေးတို့ မိသားစုရဲ့ မတရားချုပ်ကိုင်မှုတွေကို ခံနေရ၏။ မာမီသာသိရင်…

"ရှင် မယုန်ကလေးကိုပဲ လက်ထပ်ပါ၊ အဲ့ဒါက ရှင့်ရဲ့ ဝဋ်ကြွေးပဲလေ၊ မယုန်ကလေးက မိန်းကလေးပဲဟာ ကိုယ်ချင်းစာပါတယ်"

ချွတ် မင်းက ကိုယ်ထင်ထားတာထက်တောင် စိတ်သဘောထားတွေ ဖြူစင်နေပါလားကွာ။ မင်းက ယောက်ျားဆန်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေလို့ ကိုယ် ဆိုးသွမ်းကောင်မလေးလို့ ထင်နေမိခဲ့တာပါ။ မာမီရှေ့မှာ မိန်းကလေးပီပီသသ နေပြတော့လည်း ချွတ်က အရမ်းပဲ လှပချောမောပြီး မိန်းကလေးပီသနေလေသည်။ ယောက်ျားလေးတစ်ယောက်လို နေတော့လည်း စိတ်ဝင်စားစရာကောင်းလွန်းနေ၏။ ချွတ်ချွတ်နဲ့အတူတူနေလေ အထင်ကြီးလေးစားစရာကောင်းသူအဖြစ် ထင်မှတ်နေမိလေပါပဲ။

"မာမီ့ရှေ့မှာ ကိုယ့်အနေအထိုင်တွေအတွက် တောင်းပန်ပါတယ် ချွတ်ချွတ်"





"အဟက် ဒါက အလုပ်သဘောပဲဟာ"

ချွတ်ချွတ်ဆိုတဲ့ ကောင်မလေးကို သူမြတ်နိုးနှစ်သက်နေမိလေသည်။ ယုန်ကလေးဆိုရင်တော့ လုံးဝဆန့်ကျင်ဘက် ဖြစ်နေရ၏။ မင်းနာမည် ယုန်ကလေးပဲ စိတ်မာတော့ အရမ်းအောက်တန်းကျတယ်ကွာ။ ကိုယ့်စည်းစိမ်ဥစ္စာတွေ မင်းတို့မိသားစုလက်ထဲရောက်အောက် ကြံစည်အားထုတ်နေတာ မဟုတ်လား။ မိုးသက်တင် စိတ်သောကတွေ ခံစားရပြီး သူ့စိတ်တွေပင် မလုံမခြုံဖြစ်လာရသည်။ မာမီ့ရှေ့မှာ ချွတ်ချွတ်နှင့် ချစ်သူတွေလို တယုတယနေရ၍လည်း သူ့စိတ်တွေ လှုပ်ရှားလိုက်ခါနေရလေသည်။ သူ့ကို မာမီ့ကွယ်ရာမှာ ဆုံမိတိုင်း ဘာခံစားချက်မှမရှိသလို ခပ်ပေါ့ပေါ့လေး နေထိုင်ပြတတ်လေ့ရှိတဲ့ ချွတ်ချွတ်အပြုအမူလေးကိုလည်း နှစ်သက်မြတ်နိုးပြီး အားမလိုအားမရဖြစ်ရ၏။ တစ်ခါတစ်ရံ သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်နမ်းရှိုက်ချင်ရလေသည်။

"မာမီ့အနားကို သွားရအောင် ကိုမိုးသက်တင် တစ်ခြားဘာမှ မတွေးပါနဲ့နော်၊ လူ့လောကကြီးထဲကနေ မကြာခင် ထွက်ခွာသွားရတော့မယ့် မာမီ့ စိတ်ချမ်းသာဖို့အတွက်ပဲ လုပ်ပေးကြရအောင်

နော်"

"ချစ်ချစ်"

"ရှင်"

မင်းကို အရမ်းချစ်တယ်ဆိုတဲ့ စကားကို ပြောဖို့ပြင်ပြီး
သူ့စိတ်တွေကို ထိန်းချုပ်လိုက်ရသည်။ မဖြစ်နိုင်ပါဘူး။ သူ
ယုန်ကလေးကိုပဲ မလွဲမသွေ လက်ထပ်ရမှာလေ။ ချစ်ချစ် မင်း
လည်း ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ သဘော
နှစ်သက်တာပဲ မဟုတ်လား။ ကိုယ်ကတော့ ချစ်ချစ်အထင်ကြီး
လေးစားတဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်ချင်ပါတယ်။

"ကိုယ် ကျေးဇူးအများကြီး တင်တဲ့အကြောင်း ပြောပြ
လို့ပါ"

"အဟက်"

သူမကိုပြောလို့ အလေးအနက်မရှိသလို ခပ်ပေါ့ပေါ့
ရယ်မောပစ်တတ်တဲ့ အလေ့အကျင့်လေးကို ပြုလုပ်ပြတတ်
သည်။ ချစ်ချစ်ရှေ့ကနေ ထွက်သွားပြီး မာဖို့ရှေ့ရောက်သွား
သူလည်း နောက်မှလိုက်မည်အပြုတွင် သူ့ ဟမ်းဖုန်းမှ မြည်





သည် ဖွင့်ပြီးကြည့်လိုက်တော့ ယုန်ကလေးဖြစ်နေ၏။

"ကိုကို"

"ဟင် ယုန်"

"တွေ့ချင်တယ်"

"ကိုယ့်မာမီ နေမကောင်းဖြစ်နေလို့ နောက်နေ့မှ တွေ့ကြမယ်နော်"

"မရဘူး"

"ယုန်"

"ရှင် ကျွန်မကို ရှောင်လွှဲနေတာမဟုတ်လား၊ ဟိုဟာလေး ချစ်ချစ်နဲ့ ကျွန်မကွယ်ရာမှာတွဲပြီး ရှင်ဘာတွေလုပ်နေလဲ"

"ယုန် မဟုတ်တာတွေမပြောနဲ့ကွာ၊ ချစ်ချစ်နဲ့က အလုပ်သဘောပါပဲ၊ ကိုယ့်မှာ အန္တရာယ်တွေက အများကြီးပဲလေ၊ ကိုကိုနဲ့ ယုန်တို့ လက်ထပ်ထားတဲ့အကြောင်း ချစ်ချစ်ကို ယုန်ပြောပြထားတယ် မဟုတ်လားကွာ"

ယုန်ကလေး အိမ်လိုက်လာပြီး မာမီနှင့်တွေ့ဆုံမှာ မိုးသက်တင် အကြောက်ဆုံးပင်။ မာမီက မကြာခင် လူ့လောကကြီးထဲက

နေ ထွက်ခွာသွားရတော့မှာပါ။ မာမီ့ကို စိတ်ချမ်းသားစေရမယ်၊ ယုန်ကလေးက ကြောက်စရာကောင်းလောက်အောင် ငြိမ်းချောက် အကြပ်ကိုင်နေသည်။

"ကိုကို"

"ယုန်"

"အခုလာခဲ့"

"ကောင်းပြီလေ၊ ကိုယ်လာခဲ့ပါ့မယ်"

"ဒီလိုလုပ်မှပေါ့၊ ရှင်က စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်နော်၊ ယုန်က သတိပေးတာပါ၊ ကိုကို့ကို ယုန်ချစ် တယ်၊ ဘယ်လောက်ချစ်သလဲဆိုတာ ကိုကိုသိပါတယ်ကွာ"

ယုန်ကလေးကိုသွားပြီး မတွေ့လို့မဖြစ်ပေ။ မာမီ့ဆီရောက် လာမှာ စိုးရိမ်နေမိသည်။ အချိန်ကမရှိတော့။ မနက်လည်း သူ လက်မှတ်ထိုးမယ့် အစီအစဉ်တွေရှိနေ၏။ ယုန်ကလေး သိသွားလို့ လုံးဝမဖြစ်ပေ။ ချွတ်ချွတ်ကိုပြောပြပြီး သူကတော့ ယုန်ကလေးဆီ ထွက်လာခဲ့သည်။

"ကိုကို"





"ယုန်"

ယုန်ကလေးက အနက်ရောင်အင်္ကျီလေးကို မလုံ့တလုံ ဝတ်ဆင်ထား၍ သူစိတ်ပျက်မိသည်။ ယုန်က သူ့ကို အမြဲတမ်း မြူဆွယ်ဖြားယောင်းဖို့ပဲ ကြိုးစားနေ၏။ လာသာလာရသည် မာမီ့ကို စိတ်မချ။ ယုန်ကလေးနေရာမှာ ချွတ်ချွတ်ဆိုရင် သူ ဘယ်လောက် များ စိတ်အေးရမလဲ။

"ကိုကို ဒီနေ့ ယုန်နဲ့ပဲ အချိန်ဖြုန်းရမှာနော်"

"ယုန်"

"ဟင်"

"မာမီနေမကောင်းဘူး၊ ကိုယ့်ထို့နောက်နေ့မှ တွေ့ကြ ရအောင်ကွာနော်"

"မရဘူး"

"ကိုယ်တောင်းပန်တာပါ ယုန်ရယ်"

ယုန်နှုတ်ခမ်းကို စူတင်းပစ်လိုက်လေသည်။ ရှင်က ယုန် မသိဘဲ နေမလား။ ချွတ်ချွတ်ဆိုတဲ့ ဟာမနဲ့ ခြေပုန်းခုတ်နေတာ၊ ဒေါ်စောနန်းဟုဇာဆိုတဲ့ အဘွားကြီးကလည်း မသေနိုင်ဘူး။ ယုန်ကို

ချွေးမအဖြစ် လက်မခံဘူးတဲ့။ မုန်းလိုက်တာ၊ ဒါကြောင့်လည်း ရှင်ကြီးသားကို ယုန်က ရအောင်ယူလိုက်တာလေ။ ဘာတတ်နိုင်သေးလဲ။

“ကိုကို့အမေ နေမကောင်းဘူးဆိုပြီး ယုန့်ကို ရှောင်နေတာ ဘယ်လောက်ကြာပြီလဲ၊ အရမ်းလွမ်းနေပြီ၊ ကိုကိုတစ်နေ့မတွေ့ရရင် ယုန်မနေနိုင်ဘူး သေမှာလေ”

ကိုကို့လက်တွေကို သူမလက်တွေနှင့် တွဲလိုက်သည်။ ကိုကိုက လူချောလူခန့်တစ်ယောက်။ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး။ ယုန်လက်လွှတ်မခံနိုင်ပေ။ ကိုကို့စီးပွားရေးတွေမှာလည်း ယုန်ပဲ လက်ဝါးကြီးအုပ်ထားသည်။ ဒါပေမယ့် ချွတ်ချွတ်ဆိုတဲ့ ဟာမလေးက ကိုကို့ကို ဘယ်လောက်များ ဖြားယောင်းထားပြီလဲ။ မရဘူး။ ယုန့်ကို လာထိလို့ကတော့ မလွယ်ဘူးမှတ်ထား ကိုကိုက သူမကို စိတ်မဝင်စားတော့တာကတော့ သေချာနေလေသည်။

“ယုန်က ကိုကိုရဲ့ အချစ်ဦးပါ၊ ကိုကို့ဇနီးနော်”

“ယုန်”





“ဘယ်လောက် ယုန် ကြေကွဲဝမ်းနည်းနေရလဲ၊ တမ်းတလွမ်းဆွတ်နေရလဲ၊ ကိုကို သိရဲ့လားဟင်”

ကိုကို့လက်မောင်းတွေကို ဖက်တွယ်ပြီး ခပ်ညုညုလေး ပြောနေမိသည်။ ရှင့်မျက်နှာက ညိုးရော်နွမ်းလျှနေပါလား။ ချွတ်ချွတ်နဲ့ဆို ရှင်အမြဲတမ်း ရွှင်လန်းတက်ကြွနေတာပဲ။ ကိုကို့ဘက်မှ အေးစက်စက်ဖြစ်နေ၍ ယုန်မကျေမနပ် ဖြစ်သွားရလေသည်။

“ကိုကို”

“ဟင်”

“ဘာတွေဖြစ်နေတာလဲ၊ ယုန့်ကို စိတ်မဝင်စားတော့ဘူးလားဟင်၊ ချွတ်ချွတ်ကြောင့်လား ကိုကို”

“မဟုတ်ပါဘူးကွာ ချွတ်ချွတ်က ကိုယ့်ဝန်ထမ်းပါ”

“ကိုကို့အနားမှာ အရမ်းချောမောလှပနေတဲ့ မိန်းကလေးတစ်ယောက်ထားဖို့ ခွင့်ပြုခဲ့မိတာ ယုန်မှားသွားပြီထင်တယ်၊ မိန်းမချောလေး ချွတ်ချွတ်ရဲ့ ဖြားယောင်းသွေးဆောင်မှုတွေ ကိုကို ခံနေရပြီလား”

“ချွတ်ချွတ်က ဒီလိုမိန်းကလေးမျိုးမဟုတ်ပါဘူး ယုန်

ရယ်''

''ကိုကိုက နာနေတာလား''

''တော်ပါတော့ကွာ''

မိုးသက်တင်ကတော့ စိတ်ထဲမှာ နာကျင်ကြေကွဲနေရပေမယ့် ယုန်ကလေး စိတ်တိုင်းကျပဲ နေထိုင်ပြုမူရလေသည်။

၀ ၀ ၀



# အခန်း (၁၈)

ချွတ်ချွတ်နှင့် ကိုမိုးသက်တင်တို့ရဲ့ လက်မှတ်ရေးထိုးပွဲသို့ တရားသူကြီးအဖွဲ့ပင် ရောက်ရှိလာလေသည်။ ဒေါ်စောနန်းရာဇာ မျက်နှာပေါ်မှာ ပီတိအပြုံးတွေ ဝေဖြာနေရ၏။ သားကြီးအတွက် စိတ်အေးရပြီပဲ။ ဒေါ်စောနန်းရာဇာ မိမိကိုယ်မိမိ သိနေလေသည်။ လူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မှာပဲ။ သေခြင်းတရားက နီးနေပါပြီ။ သားအတွက်ပဲ စိတ်အေးချင်မိတာပါ။

''မာမီ သက်သာသလို နေပါနော်၊ မကြာခင် သားနဲ့ချောတို့ လက်ထပ်ကြတော့မှာပါ၊ မာမီစိတ်ကို အေးအေးထားပါနော်''

''မာမီစိတ်ချမ်းသာပါပြီကွယ်၊ ကြည့်ပါဦး မာမီချွေးမလေးက ကျက်သရေရှိလိုက်တာ အရမ်းလှတာပဲ''

ချွေးမလေးကိုကြည့်ပြီး ဒေါ်စောနန်းရာဇာ နှစ်သက်မြတ်နိုးနေသည်။ ကျက်သရေရှိလိုက်တာ ချောလိုက်တာဟု ထင်မိနေခဲ့၏။ သားလက်မှတ်ရေးထိုးပြီးရင်တော့ မိမိသေပျော်ပါပြီလေ။

"ချော"

"ရှင်မာမီ"

"သမီးက သားရဲ့ တရားဝင်ဇနီးဖြစ်သွားပြီပဲ၊ မာမီ တစ်သက်လုံး အမြတ်တနိုး စုဆောင်းထားတဲ့ လက်ဝတ်ရတနာတွေ သမီးလက်ထဲ အပ်ခဲ့ပါရစေ"

"မာမီပဲ သိမ်းထားလိုက်ပါနော်၊ ချောမလိုချင်ပါဘူး၊ ထားလိုက်ပါလား မာမီရယ်"

ချွတ်ချွတ်က မာမီ့ရဲ့ ဟန်ဆောင်ချွေးမပါ။ မယုန်ကလေးက ကြောက်စရာတောင်းလောက်အောင် အတွကြီးမားတဲ့ မိန်းကလေးပါ။ မာမီ လူ့လောကကြီးထဲမှာ မရှိတော့တာနဲ့ ချွတ်လည်း ကိုမိုးသက်တင်အနားကနေ ထွက်ခွာသွားရတော့မှာပါလေ။ မာမီ့ရှေ့မှာ အပြုံးတွေနှင့် ဟန်ဆောင်ပေးရပေမယ့် ချွတ်ချွတ်ကလေး ငိုချင်လာရ၏။ ချွတ်ချွတ်စိတ်တွေ ဘယ်တုန်းကမှ မပျော့ညံ့ခဲ့ပါ





ဘူး။ ချွတ်ချွတ် တုန်လှုပ်နေတယ်။ ကြေကွဲနေတယ်။ ကိုမိုးသက်တင် အနားကနေ ချွတ်ချွတ် ထွက်ချင်နေသည်။

"ယူပါသမီးရယ်၊ မာမီကျေနပ်အောင် လက်ခံပေးပါ၊ သမီးလက်ထဲအပ်လိုက်မှ မာမီစိတ်အေးရမှာပါ"

ချွတ်ချွတ် လက်ခံလိုက်ရလေသည်။ မာမီ့မျက်ဝန်းတွေက ပြုံးရီနေ၏။ ကိုမိုးသက်တင်က ချွတ်ချွတ်ကို ကျေးဇူးတင်ကြောင်း မျက်ဝန်းတွေနှင့် ပြောနေသည်။

"သားနဲ့သမီး အိုအောင်မင်းအောင် ပေါင်းကြရပါစေ၊ သမီးလေးလက်ထဲကို အပ်လိုက်ရလို့ မာမီ့သားအတွက် စိတ်အေးရပါပြီ"

တရားသူကြီးရှေ့မှာ ချွတ်ချွတ်နှင့် မိုးသက်တင်တို့ လက်မှတ်ရေးထိုးလိုက်လေသည်။ မာမီပြုံးနေ၏။ မျက်နှာပြင်ပေါ်မှာ ကျေနပ်ပီတိတွေ ဖြာဝေနေသည်။ အနိုင်နိုင်အားယူပြီး ဖွင့်ထားရတဲ့ မာမီမျက်တောင်ကော့တွေက ထိကပ်သွားလေသည်။

"မာမီ"

"မာမီ"

"ဟင် မာမီဘာမှမဖြစ်ပါဘူးကွယ်၊ အနားယူနေတာပါ"

"မာမီရယ်"

မာမီရယ် လူလောကကြီးထဲကနေ ထွက်မသွားပါနဲ့ဦး။ သား ချစ်ချစ်နဲ့ ခွဲခွာရတော့မယ်။ ယုန်ကလေးအနားမှာ နေရတော့မယ့် သားစိတ်တွေ အရမ်းပဲ ချောက်ချားတုန်လှုပ်နေရလို့ပါ။ မာမီမျက်ဝန်းတွေ ပြန်၍ပွင့်လာသည်။

"မာမီဘာမှ မဖြစ်ပါဘူးကွယ်၊ မြေးလေးတစ်ယောက် လောက်ရတဲ့အထိတော့ နေဦးမယ်လေ"

"မာမီ အားတင်းထားပါနော်၊ တကယ်ပဲ မာမီ့အတွက် ချစ်စရာကောင်းလွန်းတဲ့ မြေးလေးတစ်ယောက် မွေးပေးမယ်လေ"

"အင်း"

မာမီကျေနပ်ပီတိတွေ ဖြာဝေနေမှုက သိပ်ပြီးမကြာလိုက်ပေ။ ယုန်ကလေးက တိုက်ထဲသို့ ဒေါသတွေပေါက်ကွဲပြီး ဝင်လာတော့၏။

"ဒါက ဘာလုပ်တာလဲ၊ ယုန့်ကွယ်ရာမှာ ကိုကို ဒီလိုလုပ်လို့ရမလား၊ ကိုကိုနဲ့ ချစ်ချစ်လက်ထပ်တာလား၊ ယုန် ကန့်ကွက်





ရလိမ့်မယ်"

"ယုန်"

"မယုန်ကလေး"

ကိုကိုနှင့် ချစ်ချစ်တို့ လက်မှတ်ထိုးပွဲရှိကြောင်း အစ်ကိုတွေကတစ်ဆင့် သိလိုက်ရတဲ့ ယုန် ဒေါသတွေပေါက်ကွဲပြီး ရောက်လာတော့လေသည်။ သူ မာမီ့အတွက် စိတ်ပူသွားရ၏။ ယုန်ကလေးကို မြင်လိုက်ရသဖြင့် မာမီမျက်နှာ သွေးဆုတ်ဖြူရော်သွားရသည်။

"မင်း မင်း ယုန်ကလေးပဲ"

"ဟုတ်ပါတယ် အန်တီ ယုန်ကလေးပါ၊ အန်တီ နေမကောင်းဖြစ်နေတာ ယုန့်ကို မပြောဘူး၊ ယုန်လာပြီး ပြုစုမှာပေါ့"

"မလိုပါဘူး သမီးရယ် ရပါတယ်၊ ဒီမှာအန်တီ့ချွေးမရှိနေပါပြီ"

"ဟင် ဘာချွေးမလဲ၊ အဲ့ဒါကိုကို့ဝန်ထမ်းပဲ ရှင်ကြီးကိုဟန်ဆောင်လက်ထပ်ပြကြတာ၊ တကယ်တမ်း ချွေးမအစစ်က ယုန်ကလေးပဲ"

“ဟင်”

“ဟုတ်တယ်မဟုတ်လား ကိုကို၊ ယုန်ကလေးနဲ့ လက်ထပ်တော့မှာလေ၊ မဟုတ်ဘူးလား၊ ယုန်က ကိုကို့ချစ်သူလေ”

ယုန်ကလေးစကားကြောင့် သူ အထိတ်တလန့်ဖြစ်သွားရပေမယ့် တားဆီးဖို့အတွက် နောက်ကျသွားပြီ ဖြစ်လေသည်။

မာမီမျက်နှာပေါ်မှာ သွေးရောင်တွေ ကင်းမဲ့သွားကာ ဖြူ ဖျော့သွားတော့သည်။

“မာမီ”

“မာမီ”

“သားမိုက် မင်း မင်း အရမ်းမိုက်မဲတာပဲ”

“မာမီ”

မာမီဇက်လေးက ကျိုးကျသွားလေသည်။ သူအထိတ် တလန့်နှင့် မာမို့ကို ပွေ့ချီထားလိုက်မိ၏။

“မာမီ”

“ဖြစ်မှဖြစ်ရလေ မာမီရယ်၊ သားကို သားမိုက်လို့ မာမီ သတ်မှတ်လိုက်ပြီပဲ၊ သားမဖြစ်စေချင်ဆုံးပါပဲ”





ချွတ်ချွတ်ကတော့ ထိုင်နေရာမှ ထလိုက်လေသည်။ သူမ ပြန်ထွက်သွားဖို့ပဲ ရှိ၏။ ပတ်သက်စရာအကြောင်း မရှိတော့ပေ။ သူမရဲ့ အခန်းကဏ္ဍက ပြီးဆုံးသွားပြီပဲဖြစ်သည်။ ကိုမိုးသက်တင်ကို ပင် နှုတ်ဆက်ရန်မလိုအပ်တော့ဟု ထင်မိ၏။ သွားပါပြီ၊ မာမီရဲ့ နောက်ဆုံးခရီးက ကိုမိုးသက်တင် ဖြစ်စေချင်သလို ဖြစ်မလာတော့ ပေ။ စိတ်သောကဝေဒနာတွေနှင့် လူ့လောကကြီးထဲကနေ ထွက် သွားရပြီဖြစ်သည်။

“ချွတ်ချွတ်ချော”

“ဟင်”

“ညည်းတာဝန်ကျေပါပြီ၊ နောက်ထပ် ကိုကိုနဲ့ ပတ်သက် စရာအကြောင်း မရှိတော့ဘူး”

သူမလှည့်ထွက်လာခဲ့မိလေသည်။ တဆတ်ဆတ် တုန်ရီ နေတဲ့ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားလိုက် မိ၏။ မာမို့အတွက်ပါပဲ။ ဒီလိုမျိုးနဲ့ လောကကြီးထဲကနေ ထွက်ခွာ သွားစေချင်ပါဘူး။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာရသည်။ မာမို့ကြောင့်လား၊ ကိုမိုးသက်တင်ကြောင့်လား။

ရှင့်ကို ချွတ်ချွတ် ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်း မရှိတော့ဘူး။ မယုန်ကလေးတို့ အသိုင်းအဝိုင်းကြားထဲမှာ ကိုမိုးသက်တင်ဘဝ ရေစုန်မျောရတော့မယ်။ မာမီထင်ထားသလိုပဲဖြစ်မှာပါ။ ချွတ်ချွတ် နှလုံးသားတွေ နာကျင်ကြေကွဲနေရလေသည်။

"ချွတ်ချွတ်"

"ဟင် ဆရာ"

"အခြေအနေတွေ မကောင်းဘူးလား"

"ဒေါ်စောနန်းရာဇာ ဆုံးသွားပါပြီ"

"ဟင် ဒါဆို ချွတ်ချွတ်တာဝန်ကျေပြီပေါ့"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ချွတ်ချွတ်"

"မာမီစိတ်ပျော်ရွှင်မသွားရဘူးလေ"

"ဟင်"

"ကိုမိုးသက်တင်ရဲ့ ချစ်သူ မယုန်ကလေးရောက်လာပြီး ကန့်ကွက်လိုက်လို့ မာမီ စိတ်သောကတွေနဲ့ သေဆုံးသွားခဲ့ရတယ်"





"ဟာ"

ဆရာသည် မာမီနှင့်လည်း ခင်မင်သူဖြစ်လေသည်။ မာမီ ဆေးလာရင်း ချွတ်ချွတ်နှင့် လမ်းမှာတွေ့ဆုံခြင်းပင်။

"အင်းလေ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်ဘက်က တာဝန်ကျေတာပဲဟာ မိုးသက်သိမှာပါ၊ ဒီကောင်တော့ ဒုက္ခရောက်တော့မယ်ထင်တယ်"

"ချွတ်ချွတ် ပြန်တော့မယ်၊ ဆရာ သတင်းသွားမေးလိုက်ဦး"

"ချွတ်ချွတ်"

"ရှင်"

"တောင်းပန်ပါတယ်၊ မင်းဘယ်လို ခံစားရမလဲဆိုတာ ကျော်ထည့်ပြီး မစဉ်းစားမိဘူး"

"အဟက် ချွတ်ချွတ်က မာမီ့အတွက်ပဲ ခံစားရတာပါ၊ ကိုမိုးသက်တင်နဲ့တော့ မဆိုင်ပါဘူး၊ ချွတ်ချွတ် အမြဲတမ်း လမ်းမပေါ်မှာပဲ လျှောက်လှမ်းနေပါတယ်ဆရာ"

"လေးစားတယ်ကွာ"

ချွတ်ချွတ် ရယ်မောရင်း ဆရာ့အနားကနေ ထွက်လာ
မိလေသည်။ ချွတ်ချွတ် နှုတ်ခမ်းသားလေးတွေပေါ်မှာ အပြုံးရေ
ကြာကြာတင်ရှိမနေပေ။ ခြေလှမ်းတွေကလည်း နှေးကွေးလေး
နေရ၏။ မာမီရယ် ဖြစ်မှဖြစ်ရလေ ချွတ်ချွတ်အရမ်းပဲ စိတ်မကောင်း
ဖြစ်ရပါတယ်။ မိဘမဲ့နေတဲ့ ချွတ်ချွတ်ဘဝမှာ မာမီ့ကိုပဲ မိခင်
တစ်ယောက်လို တွယ်တာနေမိတယ်။ ကိုမိုးသက်တင်နဲ့ရော ဒီ
အခြေအနေမျိုးနဲ့ ဘာဖြစ်လို့များ တွေ့ဆုံကြရတာလဲ။ ဇာတ်လမ်း
ပြီးဆုံးသွားပါပြီ။ ဆက်စရာမှ မရှိတော့တာပဲ ချွတ်ချွတ်နေထိုင်ရာ
အခန်းလေးဆီ ပြန်ရောက်လာသည်။

"မမလေး"

"ဟင်"

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"သမီးဘာလုပ်ပေးရမလဲဟင်"

"တော်ပြီ"

ချွတ်ချွတ်နှင့် အတူနေသော အိမ်ဖော်ကောင်မလေး





သိမ်မှာပြီး မစပ်စုတတ်ပေ။ အလုပ်ရှင်အပေါ်မှာလည်း သစ္စာရှိ
ပြီး တာဝန်ကျေသည်။ ချွတ်ချွတ် အိပ်ခန်းလေးထဲ ဝင်လာခဲ့ပြီး
အိပ်ရာပေါ် ပစ်လှဲချလိုက်မိသည်။ မျက်တောင်ကော့ကော့လေးကို
ဆတ်ခနဲပိတ်ပစ်လိုက်၏။ ချွတ်ချွတ် မခံစားနိုင်လောက်အောင်
နှလုံးသားတွေထဲမှာ ပူပြင်းလောင်မြိုက် နာကျင်နေသည်။ ချွတ်
ချွတ် နှလုံးသားတွေ မာကျောသင့်ပါတယ်။ ဘယ်တုန်းကမှ မိန်းက
လေးဆန်ဆန် မနေခဲ့မိပေ။ ဖေဖေက ယောကျ်ားလေးတစ်ယောက်
လိုပဲ ကျားကျားယားယား နေစေချင်ခဲ့တာပါ။ သူမ စိတ်တွေကို
ထိန်းချုပ်ထားသည့်ကြားမှ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ
သိမ့်ဆင်းကျလာလေတော့သည်။

○ ○ ○

# အခန်း (၁၉)

"ယုန်ကလေး မင်းမင်း ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ကိုယ့်ကို ဘာဖြစ်လို့ ငဲ့ညှာထောက်ထားမှု မရှိရတာလဲ၊ မင်းတော်တော်ရက်စက်တဲ့ မိန်းမပဲ"

မာမီ့အလောင်းကို ချော့မော့အားပေးနှစ်သိမ့်ပြီး အအေးထိုက်သို့ သယ်ဆောင်သွားတဲ့အချိန်မှာတော့ မိုးသက်တင်ရဲ့ ဒေါသတွေ ပေါက်ကွဲရလေသည်။ သူ ဘာကိုမှ မမက်မောတော့ဘူး။ ဘယ်အရာကမှ သူ့ကို ပျော်ရွှင်စေရန် ဖန်တီးလုပ်ဆောင် မပေးနိုင်တော့ပါဘူး။ မာမီ ဆုံးသွားပြီး လူ့လောကထဲကနေ ထွက်ခွာသွားခဲ့ရပြီး နောက်ဆုံးအချိန်လေးပဲ။ အဲဒီနောက်ဆုံးအချိန်လေးမှာ မာမီစိတ်ကျေနပ် ပျော်ရွှင်စေဖို့ မိုးသက်တင် အများကြီး မျှော်လင့်တောင့်

တခဲ့ရတာပါပဲ။ သူဖြည့်စွမ်းပေးနိုင်ခြင်းမရှိခဲ့ဘူး။ ယုန်ကလေး မင်းရက်စက်တယ်။ ငါ့ကို ငဲ့ညှာတာထောက်ထားမှု မရှိတဲ့ မိန်းမ တစ်ယောက်ပဲ။

“ကိုကိုကရော ယုန့်ကို ဘာဖြစ်လို့ လိမ်ညာခဲ့ရတာလဲ၊ ယုန့်မှာ အစ်ကိုတွေရှိလို့ပေါ့၊ ကိုကိုနဲ့ တခြားမိန်းမတစ်ယောက် လက်ထပ်တာကို ဘာဖြစ်လို့ မကန့်ကွက်ဘဲ လက်ပိုက်ကြည့်နေရမှာလဲ”

ဒေါ်စောနန်းရာဇာက ယုန့်ကို အထင်သေးတာ မခံချင်ဆုံးပင်။ ယုန်တို့မိသားစုအား အဖက်မတန်သလို ဆက်ဆံခဲ့တာ မေ့ပစ်လို့မရပေ။ အခုတော့ ဘာတတ်နိုင်သေးလဲ။ ရှင့်သားက ယုန်နဲ့ပဲ လက်ထပ်ရတာပဲ။ ဒေါ်စောနန်းရာဇာ သိသွားတာပိုပြီး ကျေနပ်မိလေသည်။

“ကိုကို”

“ပြော”

“ယုန့်ကို အကြောင်းပြ အပြစ်ရှာပြီး လမ်းခွဲလို့တော့ မရဘူးနော်”





ယုန်မျက်နှာပေါ်မှာ မထေမဲ့မြင် အရိပ်အငွေ့တွေ လွှမ်းမိုးနေသည်။ မိုးသက်တင် ဘာတတ်နိုင်တော့မှာလဲ။ မာမီ သားမှားသွားပြီ ပြင်လို့မရတော့ဘူး။ ယုန်ကလေးတို့ မိသားစုရဲ့ ထိုးနှက်ချက်တွေ ခံရတော့မယ်။

“မာမီ့အသုဘကိစ္စကိုပဲ အခမ်းနားဆုံးဖြစ်အောင် စီစဉ်ကြရအောင်ပါ ကိုကို၊ ယုန်ပဲ ဦးစီးပြီး လုပ်မယ်နော်”

သူ့မှာ ပြောနိုင်တဲ့ ဆန့်ကျင်ကန့်ကွက်နိုင်တဲ့ အင်အားတွေ မရှိတော့ပေ။ ယုန်တို့ မိသားစုဝင်တွေအားလုံး ရောက်ရှိလာတော့သည်။ ယုန့်အစ်ကိုတွေက လူမိုက်တွေ။ သူ့အပေါ် အတော်လေး လွှမ်းမိုးနေရာယူခဲ့၏။ ယုန်ကလေးရဲ့ ညွှတ်ကွင်းထဲ တိုးဝင် ဆင်းသက်ခဲ့ရသည်။ မာမီရယ် သားမိုက်ပါ။ အရှုံးပဲ မိုက်မဲခဲ့တဲ့ သားတစ်ယောက်ပါ။ ကြေကွဲမှုတွေနှင့်အတူ သူ့နှလုံးသားတွေ နာကျင်နေရသည်။

“မိုးသက်တင် မင်းအေးအေးဆေးဆေး အနားယူလိုက်ပါ၊ အသုဘကိစ္စတွေရော လုပ်ငန်းကိစ္စတွေရော အစ်ကိုတို့ပဲ တာဝန်ယူထားလိုက်ပါမယ်၊ မင်းစိတ်တွေ ထွေပြားနေတယ် မဟုတ်

လား”

ယုန့်အစ်ကိုက အေးစက်မာကျောသော လေသံတွေကို သူတို့လုပ်မယ့် အစီအစဉ်တွေကို အမိန့်ပေးသလိုပြောသည်။ သူ ဘာတစ်ခုမှ တုံ့ပြန်ပြောဆိုလိုခြင်း မရှိတော့ပေ။ စည်းစိမ်ဥစ္စာတွေအားလုံး စွန့်လွှတ်ပစ်ချင်နေ၏။ ယုန့်အဖေရဲ့ မျက်ဝန်းတွေထဲမှာ အရောင်တွေ တဖျတ်ဖျတ်လက်ခါပြီး မာမီသေဆုံးရတာပင် ဝမ်းသာကျေနပ်နေပုံပင်။ မာမီသေပြီပဲ။ သူ့ကိုသားမိုက်အဖြစ် သတ်မှတ်သွားသည်။ သူ လုံးဝမဖြစ်ချင်ဆုံးပဲ ယုန်ကလေး။ မင်းက ယုန်ကလေးဆိုတဲ့ နာမည်ကို ဟန်ဆောင်ဖန်းပြပြီး ကောက်ကျစ်ယုတ်မာတဲ့ စိတ်ဓာတ်တွေကို ပိုင်ဆိုင်ထားတဲ့ မိန်းမပဲ။ ငါ မင်းတို့ မိသားစုအကြောင်း ငယ်စဉ်လေးထဲက သိခဲ့ပြီးသားပဲကွာ။ ငါ ကိုယ်တိုင်က ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့တာပဲ မဟုတ်လား။ မာမီ့ရုပ်အလောင်းကို ယုန်ကလေးတို့ မိသားစုပဲ သင်္ဂြိုလ်ဖို့ စီစဉ်နေသည်။ သူ ဘာမှပြောမတော့ပေ။ စိတ်တွေညစ်နေမိ၏။ သူ အရက်ပဲ သောက်နေမိလေသည်။

“ကိုကို”





“ဟင်”

“ဘာလဲ ကိုကိုက ချွတ်ချွတ်ဆိုတဲ့ ဟာမလေးကို လက်လွှတ်ဆုံးရှုံးရလိုက်လို့ တော်တော်လေး ကြေကွဲဝမ်းနည်းနေရတာလား”

“မင်းဖြစ်ချင်တာတွေ လုပ်ချင်တာတွေအားလုံး လုပ်ပြီးပြီပြီပဲ မဟုတ်လား ယုန်၊ တော်ပါတော့ကွာ ရိုးသားဖြူစင်တဲ့ သူတွေကို မစွပ်စွဲ မပုတ်ခတ်ချင်ပါနဲ့တော့”

“ရိုးသားတဲ့သူ ဟုတ်လားကိုကို၊ မိန်းမရှိနေတဲ့ ယောက်ျားကို သိသိကြီးနဲ့ လက်ထပ်ဖို့ ကြိုးစားခဲ့တာလေ၊ အဲ့ဒါ ရိုးသားဖြူစင်တာလား”

“ယုန်”

“ပြောလေကိုကို”

“တော်ပါတော့ကွာ”

“ချွတ်ချွတ်နဲ့တွေ့မှ ကိုကိုတော်တော်လေး ပြောင်းလဲသွားတယ် ဒီဟာမက”

“ယုန်”

သူ အော်ဟစ်တားဆီးလိုက်မိလေသည်။ ချွတ်ချွတ် ကိုယ်ကျင့်တရားကို သူ အသိဆုံးပင်။ သူ့အား အကူအညီပေးတာ ကလွဲပြီး အခွင့်အရေးမယူခဲ့။ ပေးတာတောင် ချွတ်ချွတ်က လက်မခံပေ။

"အဲ့ဒီမိန်းမနဲ့ထပ်ပြီး ပတ်သက်ဖို့ မကြိုးစားနဲ့နော်၊ ယုန့်အကြောင်း ကောင်းကောင်းသိစေရမယ်၊ အရှက်ခွဲပစ်မှာနော်"

ချွတ်ချွတ် ညည်းလေး ဒါမျိုးလာလုပ်လို့ ရမလား။ ဘာယောကျ်ားလေးစိတ်လဲ။ ညည်းကမှယာမာယာများပြပြီး ကိုကို့ကို လုယူဖို့ ကြိုးစားခဲ့တာပဲ။ ယုန်ကတော့ ကိုကို့ထက် ကိုကိုပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကိုပဲ စိတ်ဝင်စားတာပါ။ လက်ဝါးကြီးအုပ်နိုင်ဖို့ ကြံစည်အားထုတ်နေမိသည်။ ယုန်ကလေးပဲ မိသားစုအလိုက် နာမည်တစ်လုံးနဲ့ နေကြတာ။ ကြည့်စမ်း အခုဆို ကိုမိုးသက်တင်ရဲ့ စည်းစိမ်ဥစ္စာတွေ စီးပွားရေး လုပ်ငန်းတွေအားလုံး ယုန့်လက်ထဲရောက်လာရပြီ မဟုတ်လား။

"ကိုကို့အချိုးတွေကိုပြင်ပါ"

ယုန်ကလေးနှင့် တွေ့ဆုံနေရတာပင် ပူလောင်နေရသည်။





မာမို့အတွက် စိတ်ထဲ လုံးဝခွင့်မလွှတ်နိုင်တော့ပေ။ ချွတ်ချွတ် ကိုယ့်အနားမှာ နေပေးစမ်းပါ။ ကိုယ့်စိတ်ရော လူရော လုံခြုံမှုအတွက် အကာအကွယ်ပေးစမ်းပါ။ ကိုယ့်စိတ်ဓာတ်တွေ အရမ်းကျနေရတယ်ကွာ။ ကိုယ့်အတွက် မင်းပဲ အလိုအပ်ဆုံးပါ။ ယုန်က သူ့လက်မောင်းတွေကို ဖက်တွယ်ထားသည်။

"ကိုကို့ကို ယုန်ချစ်တယ်၊ အရမ်းချစ်တာပဲ၊ ငယ်ချစ်ဦးတွေပါ ကိုကိုရယ်၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ဖြားယောင်းသွေးဆောင်မှုကို ခံလိုက်ရတယ်၊ ယုန်ကလည်း ကိုကို့ကို ဖြစ်ထားမိသလို ဖြစ်သွားရတယ်လေ"

ချွတ်ချွတ်ကို စွပ်စွဲပုတ်ခတ် ပြောဆိုနေတာတွေကို သူ လုံးဝမနှစ်သက်မိပေ။ သူထွက်ပြေးသွားချင်လာရသည်။

"မင်းက ငါ့ကို မြူဆွယ်ဖြားယောင်းနေတာပါ၊ မင်းကြောင့် ငါ့ဘဝက ရေစုန်မှာ မျောရပြီ ယုန်ကလေး၊ မင်းကို ငါမုန်းတယ်၊ ရွံတယ်၊ မင်းမျက်လုံးတွေထဲမှာ ယုတ်မာကောက်ကျစ်မှုတွေပဲ ရှိနေတယ်"

ယုန့်ကိုယ်အား တုံ့ပြန်ဖက်တွယ်ရန် သူ့လက်တွေက

အင်အားတွေ ကင်းမဲ့နေလေသည်။ စိတ်မပါတော့ နာကျင်မုန်းတီးမှုတွေပဲ ရှိနေ၏။ ငါ့ကို သားမိုက်အဖြစ် မာမီသေတဲ့အထိ စွဲမှတ်ယူသွားအောင် မင်းလုပ်ပြစ်ခဲ့တာပဲ၊ မုန်းတယ်၊ မင်းကိုငါမုန်းတယ်၊ ဒါပေမယ့် ယုန်ကလေးအား ဆန့်ကျင်တင်းမာ၍မရပေ။ သူ့ကို ဂုဏ်သိက္ခာမဲ့စေရန် လုပ်ဆောင်ကြမည်ဆိုတာ သူသိနေသည်။

“ကိုကို့နဲ့ ယုန်က ရည်းစားမက ချစ်ခဲ့ကြတာပါနော်၊ ကိုကို့အကြင်နာတွေကို ယုန်အမြဲတမ်း စွဲလမ်းတပ်မက်ခဲ့ရတာပါနော်ကိုကို”

သူ စိတ်ပျက်မိသည်။ မိန်းကလေးတန်မဲ့ ယောကျ်ားတစ်ယောက်အား မြူဆွယ်ဖြားယောင်းနေသော ယုန်ကလေးကို အထင်သေးနေမိ၏။ သူနှင့် ယုန်ကလေး ချစ်သူတွေ ဖြစ်သွားကြရတာလည်း ယုန်ကလေးရဲ့ ဖြားယောင်းမှုကြောင့်ပါပဲ။ တည်ကြည်ခန့်ညားပြီး အရက်ကြီးသော သူ့ကို ယုန်ကလေးက ရမ္မက်ထောင်ချောက်ထဲ တိုးဝင်မိစေရန် စည်းရုံးသိမ်းသွင်းခဲ့လေသည်။

“မင်း ဖယ်စမ်းပါ၊ ငါ့အနားကနေ ထွက်သွားစမ်းပါ၊ မင်းဟာ ဘာမှအထင်ကြီးစရာမရှိတဲ့ မိန်းမတစ်ယောက်ပဲ”





သူ အော်ဟစ်ပြောဆိုလိုက်ချင်ပေမယ့် နှုတ်ခမ်းတွေက ဆွံ့ကပ်နေသည်။ သူ့ရင်တွေ မွန်းကြပ်ပြည့်သိပ်နေ၏။ ယုန်ကလေးရဲ့ လက်တွေက သူ့ခန္ဓာကိုယ်အနှံ့ ပွတ်သပ်ရွေ့လျားနေသည်။ လှပချောမောသော မျက်နှာလေးကိုပင် သူ့စိတ်တွေက ကြောက်ရွံ့ဘုန်လှုပ်စွာ ရွံရှာမုန်းတီးနေမိသလိုပင်။

“ကိုကိုနော် ယုန့်ကို အဲ့ဒီလို အေးစက်စက်ကြီး မဆက်ဆံပါနဲ့၊ ယုန့်ဒေါသတွေ ပေါက်ကွဲကုန်လိမ့်မယ်၊ အဲ့ဒီလိုဆိုရင် ချွတ်ချွတ်ကို သွားသတ်မိမှာနော်”

“ဟင်”

ချွတ်ချွတ်ကို ထိပါးနာကျင်စေမှာကိုတော့ မလိုလားမိပေ။ ယုန်ကလေးတို့က အသိုင်းအဝိုင်းတောင့်သည်။ အစ်ကိုတွေက သူမိုက်တွေ ရက်စက်ကြမ်းကြုတ်ကြ၏။ သူ့စိတ်တွေ ချွတ်ချွတ်အတွက် ပူပင်သွားရသည်။

“အစ်ကိုတွေအကြောင်းလည်း သိပါတယ်နော်၊ ချွတ်ချွတ်က အရမ်းလှပအိစက် တောင့်ဖြောင့်နေလို့ အရေခွံခွာပစ်ချင်နေကြတာ”

"ယုန်"

"ဒီလောက် မပူပါနဲ့ ကိုကိုရယ်၊ ရှင်သာ ချွတ်ချွတ်ဆိုတဲ့ ဟာမလေးကို ကင်းရှင်းအောင်နေပါ"

အချစ်ဆိုတာ ဘာလဲ။ ကိုယ် ယုန်ကလေးကို အမှန်တကယ်ပဲ ချစ်ခဲ့မိသည်။ ချစ်ခင်မြတ်နိုးခဲ့မိ၏။ မင်းဘက်က မရိုးသားတာပဲ ယုန်ကလေး။ မင်းတို့မိသားစုတွေက ငါ့ကို လွှမ်းမိုးပြီး ငါ့စည်းစိမ်ဥစ္စာတွေကို သုံးဖြုန်းနေကြတာပဲ။ သူ့စိတ်တွေ မသက်မသာ ဖြစ်နေရသည်။

"ကိုကိုရယ် ရှင်နဲ့ကျွန်မက ဖူးစာရှင်တွေပါနော်၊ ကျွန်မတို့ လက်ထပ်ထားကြတာလေ၊ အိမ်ထောင်ရှင်တွေ ဖြစ်နေကြပြီ ကိုကိုရယ်၊ ယုန်တို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နေကြရအောင်ပါ"

ယုန်ရဲ့ မြူဆွယ်ဖြားယောင်းမှုတွေကို သူ မုန်းတီးရွံရှာမိသည်။ ယုန်ကလေးက ဟန်ဆောင်နေတာပါ။ မင်းရဲ့ချိုမြမှုတွေနောက်မှာ ကြောက်စရာကောင်းတဲ့ ကြံစည်မှုတွေ ရှိနေနိုင်တာ သူကိုယ်တိုင် တွေ့ကြုံနေရတာပဲ မဟုတ်လား။





"မဖြစ်ပါဘူး ကိုကို့လုပ်ငန်းတွေလည်း ယုန်ပဲဦးစီးလုပ်ကိုင်တော့မယ်၊ ယောက်ျားဆိုတာ မိန်းမတွေရဲ့ ဖြားယောင်းသွေးဆောင်မှုတွေကို ခံရရင် စီးပွားရေး ဘဝပါ ပျက်သွားနိုင်တာပဲလေ"

ယုန့်လက်တွေက သူ့ခန္ဓာကိုယ်အား တင်းကြပ်စွာ ပွေ့ဖက်လာလေသည်။ သူ့ဘဝက လမ်းစပျောက်သလို ဝိုးဝိုးမှောင်သွားပြီဟု ထင်မိလာရ၏။ ယုန်ကလေးရဲ့ ချိုမြတဲ့စကားတွေက သူ့ဘဝအား တစ်စစီ ခုတ်ပိုင်းဖြတ်ဖို့ ဓါးသွားတွေပဲ ဖြစ်နေတာ သူသိနေလေသည်။

○ ○ ○

# အခန်း (၂၀)

စားသောက်ဆိုင်ရဲ့ ထောင့်စားပွဲလေးမှာ သူ့ကို ထိုင်စောင့်နေသော ချွတ်ချွတ်ဆီ သူလျှောက်လာခဲ့မိလေသည်။ သူ့ရင်တွေဘဒိန်းဒိန်းခုန်ပြီး စိတ်တွေကို ထိန်းချုပ်ထားရ၏။ သူ့ရင်ထဲမှာချွတ်ချွတ်ဆိုတဲ့ မိန်းကလေး မရှိသင့်တော့ပါဘူး။ မေ့ပစ်ရမယ်သူပဲ။ မင်းကိုယ့်ကြောင့် ဒုက္ခတွေ သောကတွေ မခံစားစေချင်ပါဘူး ချွတ်ချွတ်ရယ်။ သူ့ကိုမြင်တော့ သူမနှုတ်ခမ်းလေးက ပြုံးပြုံး ဆီးကြိုနေသည်။ ပကတိ ဖြူစင်ရိုးသားသော အပြုံးတွေဖြစ်နေ၏။ မာမီ့ရှေ့မှာကဲ့သို့ မိန်းကလေးဆန်ဆန် ဝတ်စားပြင်ဆင်ထားတာမျိုး မဟုတ်ပေ။ စပို့ရှပ်အနက်ရောင်လေးနှင့် ဂျင်းပန်ပ်အပြာရောင်ကို ဝတ်ဆင်ထားပြီး ပေါ့ပေါ့ပါးပါး စတိုင်လ်လေး

နှင့် ထိုင်နေလေသည်။

"ချွတ်ချွတ်"

"ကိုမိုးသက်တင် ဘယ်လိုလဲ၊ အိုကေတယ်မဟုတ်လား၊ စိတ်သောကရောက်စရာတွေ ထပ်တလဲလဲ ပြန်စဉ်းစားပြီး ခံစားနေလို့ မကောင်းဘူးနော်"

ချွတ်ချွတ်က သူမနှင့်တွေ့ဆုံရန် ဖုန်းဆက်၍ သူရောက်လာခြင်းဖြစ်လေသည်။

"ကိုမိုးသက်တင်"

"ပြောပါ ချွတ်ချွတ်"

"ဒီပစ္စည်းလေး ပြန်အပ်ချင်လို့ပါ"

"ဟင်"

ချွတ်ချွတ် လှမ်းပေးတဲ့အထုပ်ကို ကြည့်လိုက်တော့ မာမီ ပေးထားတဲ့ စိန်တွေဖြစ်နေသည်။ သူ့အကြည့်တွေက ချွတ်ချွတ်ဆီ ရောက်သွားရ၏။ မျက်ဝန်းတောက်တောက်လေးတွေက ကြည်လဲ့ စင်ရှား ပြုံးနေသည်။

"မာမီပေးထားတဲ့ ပစ္စည်းတွေပါ၊ ချွတ်ချွတ်အိတ်ထဲ





ပါလားလို့လေ၊ ဒါတွေက ချွတ်နဲ့မသက်ဆိုင်တော့ ဘူးထင်လို့ပါ၊ ပြန်ပေးပါရစေနော်"

"ချွတ်ချွတ်"

"မင်းပဲ ယူထားပါ၊ မာမီက မင်းကိုပေးခဲ့တာပဲ"

"ချွတ်ချွတ် မယူပါရစေနဲ့နော်၊ မယုန်ကလေးရသင့်တာပါ၊ ကျွန်မနဲ့မဆိုင်တော့ဘူး ထင်ပါတယ်"

"မင်းပဲ သိမ်းထားပေးပါ ချွတ်ချွတ်၊ မာမီက ယုန်ကလေးကို လက်မခံတာ မင်းသိပါတယ်လေ၊ ကိုယ့်ရဲ့တောင်းဆိုမှုလေးကိုတော့ နောက်ဆုံးတောင်းဆိုမှုလေးကိုတော့ လက်ခံပေးပါကွာ"

ချွတ်ချွတ်ရယ် ကိုယ့်ဘဝက မရေရာမသေတော့ပါဘူး။ ယုန်ကလေးတို့ လွှမ်းမိုးမှုအောက်ကို ဝပ်ဆင်းခယသွားရပါပြီ။ ကိုယ့်လုပ်ပိုင်ခွင့်တွေ အခွင့်အရေးတွေ ဘာတစ်ခုမှ မရှိတော့ဘူး။

"ကျွန်မ ဒီလောက်အဖိုးတန်တွေကို မပေးစေချင်ပါဘူး၊ ယုန်ကလေးသိသွားရင်လည်း မကောင်းဘူးထင်လို့ပါ၊ ချွတ်ချွတ် လက်မခံထားပါရစေနဲ့နော်၊ ကိုမိုးသက်တင်ပဲ ယူထားလိုက်ပါ"

"ကိုယ်ပြန်မယူနိုင်တော့ဘူး ချွတ်ချွတ်၊ မင်းလုပ်ချင်သလို လုပ်ပါ၊ မင်းလက်မခံထားချင်ဘူးဆိုယင်လည်း ယုန်ကလေးကို သွားပေးလိုက်ပါ၊ ကိုယ့်မှာ ဘာမှ ဆက်ပြောစရာမရှိတော့ဘူး"

သူထလိုက်လေသည်။ ချွတ်ချွတ်နှင့်ဆက်ပြီး ရင်ဆိုင်နေနိုင်ခြင်း မရှိတော့ပေ။ ချွတ်ချွတ်လို ဖြူစင်သန့်စင်တဲ့ မိန်းကလေးမျိုးနဲ့ သူ နောက်ကျစွာ တွေ့ဆုံခဲ့ရလေသည်။ ကိုယ်မင်းကို မချစ်သင့်ဘူး ချွတ်ချွတ်။ မင်းနဲ့ အကောင်းရှင်းဆုံးနေရမယ်။ ကိုယ့်ကြောင့် မင်းကို မထိခိုက်စေချင်လို့ပါ။ တစ်ကောင်ကြွက် အထီးကျန်မလေး မင်းဘဝ အေးချမ်းနေစေချင်လို့ပါကွာ။ ချွတ်ချွတ်ဆိုတဲ့ ကောင်မချောချောလေးကို ကျောခိုင်းထွက်ခွာခဲ့တော့သည်။

"ကိုမိုးသက်တင် ကျွန်မ ဒီပစ္စည်းကို လုံးဝလက်မခံနိုင်ဘူးနော်၊ မယုန်ကလေးနဲ့ပဲ သက်ဆိုင်တာပါ၊ ကျွန်မ ပြန်ပေးရမယ် မယုန်ကလေးကိုပဲ ကျွန်မပြန်ပေးလိုက်မှာပဲ"

သူ ချွတ်ချွတ်ကို လုံးဝလှည့်မကြည့်တော့ပေ။ ရှင်ဘာတွေဖြစ်နေပြီလဲ ကိုမိုးသက်တင်ရယ်၊ ရှင့်မှာ ဆိုးဝါးတဲ့ အခြေ





အနေတစ်ခုနဲ့ ရင်ဆိုင်နေပြီဆိုတာ ချွတ်ချွတ်သိနေပါတယ်၊ ဒါပေမယ့် ရှင့်ကို ကာကွယ်စောင့်ရှောက်မပေးနိုင်တော့ဘူး။ ဒီပွဲမှာ ချွတ်ချွတ်က ဘေးထွက်ရန် သင့်တဲ့သူပါ၊ ကိုမိုးသက်တင်နဲ့ ပတ်သက်ဖို့ မဖြစ်နိုင်တော့ပါဘူး။

ချွတ်ချွတ် အသဲနှလုံးတွေ ဘာဖြစ်လို့များ ပျော့ညံ့ချင်နေရတာလဲဟင်။ ရှင့်ကို မေ့ပြစ်လို့မရဘူး။ ချွတ်ချွတ်နှလုံးသားတွေထဲမှာ ရှင်ဘာဖြစ်လို့ ရှိနေရသေးတာလဲဟင်။ မာမီက သူမကို လက်ဆောင်ပေးထားတဲ့ အဖိုးတန် ရှေးစိန်တွေကို ချွတ်ချွတ်လက်မခံချင်ပေ။ ချွတ်ချွတ်နှင့်မဆိုင်တော့ဘူးဟု ထင်မိနေသည်။

"မာမီက သားရဲ့မိန်းမ မာမီသဘောကျနှစ်သက်တဲ့ ချွေးမကို အမွေပေးဖို့ ဆုံးဖြတ်ထားတာလေ၊ ချောက မာမီနှစ်သက်မြတ်နိုးတဲ့ ချွေးမပဲ၊ သမီးလက်ခံပါကွယ်"

မာမီ့ရဲ့ အားကိုးတကြီး မျက်ဝန်းတွေကို ချွတ်ချွတ် မေ့ပျောက်ပစ်လို့မရပေ။ သမီးနဲ့ပဲသားကို စိတ်ချစွာ အပ်နှံထားချင်ပါတယ်ဆိုတဲ့ မာမီ့ဆန္ဒတွေကို ချွတ်ချွတ် ဘယ်လိုမှ ဖြည့်ဆွမ်းမပေးနိုင်တော့ပါဘူး။ သူမရင်ထဲမှာ နာကျင်သွားတဲ့ ကိုမိုးသက်တင်

ရဲ့ အရိပ်က သူမမြင်ကွင်းမှ ပျောက်ကွယ်သွား၏။ စားပွဲမှာ ပြန်ထိုင်ချလိုက်မိသည်။

"သမီးလက်ခံပါကွယ်၊ မာမီကချစ်လို့ အမွေအဖြစ် ပေးတာပါ"

မာမီ ချွတ်ချွတ်ဘာလုပ်ရမလဲဟင်။ ချွတ်ချွတ်က မာမို့ ချွေးမမှ မဟုတ်တာပဲ။ ယုန်ကလေးကမှ မာမို့ချွေးမပါ။ မာမီပိုင် ဆိုင်တဲ့ ပစ္စည်းတွေကို မယုန်ကလေးဆီ ဖုန်းဆက်ပြီး ပြန်ပေးလိုက် ရင် ကောင်းမလား။ ချွတ်ချွတ်နှင့် ဘာမှမဆိုင်ဘူးဟုလည်း ခံစား နေရသည်။

"ချွတ်ချွတ်"

"ဟင် ဆရာ"

ဆရာက သူမကို တွေ့လိုက်သည်နှင့် သူမစားပွဲဆီ လျှောက်လာလေသည်။

"ဆရာ ဒီကိုလာတာလား"

"အင်း စောစောကပဲ မိုးသက်တင်နဲ့ ဖုန်းပြောဖြစ်ပြီး ချွတ်ချွတ် ဒီမှာရှိနေတယ်ဆိုလို့လေ"





"ဟုတ်ကဲ့"

"ချွတ်ချွတ်"

"ရှင်"

"ဆရာစိတ်မကောင်းပါဘူး၊ မင်းကို စိတ်ဒုက္ခတွေ ပေးသလို ဖြစ်သွားရလို့ပါ"

"အဟက် ဆရာကလည်း ချွတ်ချွတ်အကြောင်း သိသားနဲ့၊ ချွတ်ချွတ် ဘာမှမခံစားရပါဘူး၊ အလုပ်တာဝန်တစ်ခုကို ထမ်းဆောင်တာပဲဟာ ဆရာ့ကို အကူအညီပေးတာပါ"

ချွတ်ချွတ် ဘာမှမဖြစ်သလို ခပ်ပေါ့ပေါ့လေး ရယ်မော ရင်း ပြောလိုက်မိလေသည်။ ချွတ်ချွတ်က ယောကျ်ားလေး တစ်ယောက်လို နေထိုင်တတ်ပြီး ဆတ်ဆတ်ထိမခံ ဇော်ဇော်ကြီး မလေးအဖြစ် နေထိုင်ခဲ့၏။ ကိုယ်ခံပညာတွေ တတ်ကျွမ်းပြီး ဘဝ မှာ ရဲရဲရင့်ရင့် ဖြတ်သန်းရင်ဆိုင်နေခဲ့သည်။

"မိုးသက်တင် ကံမကောင်းဘူးကွာ၊ မိန်းမနဲ့ အမျိုးတွေ က စီးပွားရေးတွေအားလုံးကို လက်ဝါးကြီးအုပ်ထားလိုက်တယ် တဲ့လေ"

"ဟင်"

"သူ့ဇနီး ယုန်ကလေးက ဦးစီးပြီး လုပ်နေတယ်တဲ့၊ မိုးသက်တင် အရက်တွေပဲ သောက်နေတယ်ထင်တယ်"

ချွတ်ချွတ်လက်လေးတွေက စားပွဲရဲ့ အစွန်းတွေကို တင်းကြပ်စွာဖြင့် ဖိကိုက်ထားမိလေသည်။ မယုန်ကလေးကို အသိုင်းအဝိုင်းထဲကို သားဖြစ်သူ ဝင်မိမှာ မာမီက အစိုးရိမ်ဆုံးပင်။

"မိုးသက်တင်မှာ ဘာအခွင့်အရေးမှ မရှိတော့ဘူးထင်တယ်၊ ယုန်ကလေး ကြိုးဆွဲရာကနေတဲ့ အရုပ်တစ်ရုပ်လိုပဲ၊ ဆရာလည်း ဒီကောင့်ကို ဘယ်လိုကူညီရမှန်းတောင် မသိပါဘူး ချွတ်ချွတ်ရာ"

သူ့ကို ဖေးမကူညီချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်လာရသည်။ အားပေးနှစ်သိမ့် အကာအကွယ်ပေးချင်လာရ၏။ ကိုမိုးသက်တင်ရဲ့ ကိုယ်ရံတော်မလေးအဖြစ်ပေါ့။ မယုန်ကလေးရဲ့ တင်းမာခက်ထန်တဲ့ မျက်ဝန်းတွေကို အမှတ်ရလာပြီး ချွတ်ချွတ် စိတ်တွေ လျှော့ပစ်လိုက်မိလေသည်။

"မိုးသက်တင်တော့ ဒုက္ခပါပဲကွာ၊ သူ့အမေ စိတ်ပူပင်





ရသလို ရင်ဆိုင်နေရပြီး သူ့ဇနီး ယုန်ကလေးရဲ့ အကြပ်ကိုင်မှုတွေ ခံနေရပြီထင်တယ်၊ တကယ့်ကို စိတ်ဓါတ်တွေကျနေတယ်"

"ဆရာ"

"ပြော"

"ဒီပစ္စည်းလေးကို ဆရာသိမ်းထားပေးပါနော်"

"ဘာပစ္စည်းလဲ ချွတ်ချွတ်"

"မာမီက သူ့ချွေးမကို အမွေပေးထားခဲ့တဲ့ စိန်တွေပါ"

"ဟင်"

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုမိုးသက်တင် အသုံးဝင်မလားလို့ပါ"

"မင်းကိုပေးထားတာပဲ၊ မင်းသိမ်းထားလေ ချွတ်ချွတ်"

"ဟင့်အင်း ချွတ်ချွတ် သိမ်းမထားချင်လို့ပါနော်၊ ဆရာပဲ လက်ခံထားပေးပါ၊ ကိုမိုးသက်တင် ဘဝမှာ အခက်အခဲ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်ရတဲ့အခါ အသုံးတည့်မယ်ထင်ပါတယ်"

"ချွတ်ချွတ်ရယ်"

ဆရာက ယုံကြည်စိတ်ချရသူဖြစ်၍ ချွတ်ချွတ် ဆရာ့ကိုပဲ

အပ်ထားလိုက်လေသည်။ မယုန်ကလေးကို ပြန်ပေးဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ကိုမိုးသက်တင်ရဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံး မယုန်ကလေးရဲ့ မိသားစုဝင်တွေလက်ထဲ ရောက်သွားရပြီပဲ။ ကိုမိုးသက်တင်ရဲ့ အနာဂတ် မလှပနိုင်တော့ဘူးဆိုတာ ချွတ်ချွတ် သိနေသည်။

"အင်းလေ ဆရာသိမ်းထားပါမယ်၊ တစ်နေ့နေ့တော့ မိုးသက်တင်အတွက် အကျိုးရှိနိုင်မှာပါလေ"

ချွတ်ချွတ် ထလိုက်သည်။ ဆရာ့ကို နှုတ်ဆက်ပြီး သူမ အခန်းလေးဆီ ပြန်လာခဲ့မိ၏။ ချွတ်ချွတ် စိတ်တွေအလှုပ်ရှားကြီး လှုပ်ရှားနေပြီး ပူဝင်စိုးရိမ်မှုတွေက သူမနှလုံးသားတွေဆီ လှိုင်းတံပိုးတွေ ရိုက်ခတ်လာနေသည်။ အင်အားတွေ ကင်းမဲ့လာရသလိုပင်။ ချွတ်ချွတ် ဘာလုပ်ရမလဲဟင်။ ရှင့်ကို ဘယ်လိုကာကွယ်ပေးရမလဲ။ သူမ နှုတ်ခမ်းသားလေးတွေကိုပဲ တင်းတင်းလေး ဖိကပ်ထားမိလေသည်။

၀ ၀ ၀



# အခန်း (၂၁)

"ချွတ်ချွတ်ချော"

"ဟင်"

"ကားပေါ်တက်ပါ"

"ရှင်တို့ ဘယ်သူတွေလဲ"

"ကားပေါ်ပဲ တက်ပါ၊ ကိုယ့်တို့ ဘယ်သူတွေလည်းဆိုတာ နောက်တော့သိမှာပေါ့လေ"

သူမခါးတွင် ချွန်ထက်သော အရာတစ်ခု ထိတွေ့ခံစားလိုက်ရသည်။

"ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းပါ၊ ချွတ်ချွတ်ချောရယ်၊ တွေ့ဆုံဆွေးနွေးပွဲလေး လုပ်ချင်လို့ပါ"

ချွတ်ချွတ်ကားပေါ် အသာတကြည်ပင် တက်လိုက်သည်။ မယုန်ကလေးရဲ့ လူတွေဆိုတာ သိလိုက်၏။ ဓါးနှင့်ထောက်ထား သည်ဖြစ်၍ ပြဿနာ မဖြစ်လိုပေ။ စားသောက်ဆိုင်မှအထွက် ဖြစ်နေသည်။

"အမိက အရမ်းကို ချောမောတောင့်ဖြောင့်နေတာပါပဲ လား၊ ကိုယ့်တို့ဆရာကြီးအကြိုက်ပဲ ဟဲ ဟဲ"

ချွတ်ချွတ် စိတ်တွေကို ထိန်းချုပ်လိုက်လေသည်။ လူတွေ ရှုပ်ထွေးနေသည့် နေရာဖြစ်၍ ချွတ်ချွတ် သည်းခံပြီးနေလိုက်မိ၏။ ကားလေးက ဝေါခနဲ မောင်းထွက်လာလေသည်။ တဖြည်းဖြည်းနှင့် မြို့ပြင်ဘက်ကို ရောက်နေ၏။ ချွတ်ချွတ်က အခြေအနေကို စောင့် ကြည့်နေမိသည်။

"နတ္ထိ"

"ပြော"

"ကိုက်စားချင်စရာလေးကွနော်၊ အားစရိကတော့ မိမ်ပဲ"

"ဖြန်း"

"ဟင်"

"ဟာ"





သူမဒေါသတွေ ပေါက်ကွဲပြီး သူမဘေးနားမှာ ပြောချင် တာတွေ စည်းမရှိကမ်းမရှိ ပြောနေသောလူကို ဖြန်းခနဲနေအောင် ရိုက်ပစ်လိုက်သည်။

"မင်း မင်း"

"ရှင့်ပါးစပ်ကိုပိတ်ထားပါ၊ ရှင်တို့ဆရာကြီးဆိုတဲ့လူကို တွေ့ပြီးမှ ပြဿနာရှင်းမယ်၊ မကျေနပ်ရင် ရှင့်လက်ထဲကဓားနဲ့ ထိုးလိုက်လေ"

ထိုလူက ချွတ်ချွတ်ကို လန့်သွားပြီး ငြိမ်ကျသွားလေ သည်။ ဆရာကြီးဆိုတာ မယုန်ကလေးအစ်ကိုလား။ ချွတ်ချွတ် ကတော့ လွတ်မြောက်ရာလမ်းကိုပဲ ရှာနေမိ၏။ ကားလေးက ခြံကျယ်ကြီးတစ်ခုထဲ မောင်းဝင်လာသည်။

"ဆင်း"

ပါးရိုက်ခံလိုက်ရတဲ့လူက မကျေမနပ်နှင့် မာထန်စွာ အမိန့် ပေးနေသည်။

ချွတ်ချွတ် နှုတ်ခမ်းသားလေးတွေကို တွန့်မဲ့ပစ်လိုက်မိ၏။ ယောက်ျားရင့်မကြီးတွေဖြစ်နေပြီး မိန်းကလေးတစ်ယောက်အပေါ် ကြမ်းတမ်းစွာ ဆက်ဆံနေကြသည်။ ချွတ်ချွတ် မကြောက်ပါဘူး။

ခပ်တည်တည်နှင့် အောက်သို့ဆင်းလိုက်၏။ ကျယ်ဝန်းလွန်းတဲ့ ခြံကျယ်ကြီးတစ်ခြံ ဖြစ်နေပြီး သစ်ပင်တွေနှင့် အုံ့ဆိုင်းနေလေသည်။

"မင်း ဟိုတစ်ထပ်တိုက်ပုလေးထဲကို ဝင်သွား၊ အဲဒီမှာ မင်းကိုအမဲဖျက်ပစ်မယ့် ဆရာကြီးစောင့်နေတယ်"

ပခုံးလေးကို တွန့်ပစ်လိုက်သည်။ ရှင်တို့ဆရာကြီးကိုပဲ ချွတ်ချွတ်က အမဲဖျက်ပစ်လိုက်မှာ။ တစ်ယောက်တည်းသပ်သပ် တိုက်ပုလေးထဲ ဝင်လိုက်သည်။

"ချွတ်ချွတ် အိုကေ၊ ကြိုဆိုပါတယ်"

မယုန်ကလေးအစ်ကိုပဲ ချွတ်ချွတ် မြင်ဘူးသည်။ တော်တော်ယုတ်မာကောက်ကျစ်ကြတဲ့ လူတွေပဲ။ ကိုမိုးသက်တင်ရဲ့ စည်းစိမ်ဥစ္စာတွေကို ရရှိထားကြပြီပဲဟာ။ သိပ်ကြောက်ရွံ့ဟန်မပြမိ။ အေးဆေးစွာ သူ့ရှေ့မှာ ဝင်ထိုင်မိသည်။

"အမိ"

"ပြောပါ"

"စိန်တွေ"

"ရှင်"

"မင်း စားသောက်ဆိုင်မှာ မိုးသက်တင်ကို စိန်ထုတ်ပေး





နေတယ်လို့ ကိုယ်သတင်းအတိအကျရထားတယ်လေ"

"မရှိပါဘူး၊ ဘာစိန်တွေလဲ၊ ကျွန်မနဲ့ ကိုမိုးသက်တင် ဘာမှမဆိုင်တော့ပါဘူး"

စိန်တွေကို ချွတ်ချွတ် ဆရာဆီမှာ အပ်ထားခဲ့၍ တော်သေးသည်။ သူတို့ ကိုမိုးသက်တင်သွားရာနောက်ကို လိုက်ကြည့်နေပုံပင်။ မာမီက သားအတွက် စိတ်ပူပင်ခဲ့ရတာတွေက ကိုမိုးသက်တင် ရင်ဆိုင်နေရပြီပဲ။ ချွတ်ချွတ် အကြည့်တွေက တင်းမာနေလေသည်။

"မင်း အေးအေးဆေးဆေး ထုတ်ပေးနော်၊ မင်းက ဟိုအဘွားကြီးအချစ်တော်ပဲ၊ မင်းကို စိန်တွေပေးလိုက်တာ သတင်းအတိအကျရထားပြီးသား"

"မရှိဘူး၊ ဒီစကားကလွဲပြီး ကျွန်မမှာ ဘာစကားမှ ပြောစရာမရှိပါဘူး၊ ကျွန်မကို ဘာမှလည်းမပေးဘူး၊ ပေးခဲ့တယ်ဆိုရင်တောင်မှ ရှင်တို့လက်ထဲ မအပ်နိုင်ဘူး၊ ကျွန်မကို ပေးခဲ့တာပဲ"

"မင်း"

"အား"

သူက ချွတ်ချွတ်ကို ရိုက်တော့မည့်ဟန်ဖြင့် လက်မြှောက်လိုက်စဉ် ချွတ်ချွတ် လက်မြန်ခြေမြန်ဖြင့် ထိုလူ့လက်ကို လိမ်ချိုးပစ်

လိုက်လေသည်။

"မင်း မင်း အား ကျွတ် ကျွတ်၊ လွှတ်စမ်း လွှတ်"

"ရှင် ကျွန်မကို ကိုယ်ထိလက်ရောက် စော်ကား မကြိုးစားပါနဲ့နော်၊ နောက်ပြီး ရှင်တို့ ကိုမိုးသက်တင်ရဲ့ စီးပွားရေး လုပ်ငန်းတွေမှာလည်း အုပ်စီးနိုင်ပြီပဲ၊ အရမ်းလည်းချမ်းသာနေပြ ပြီ မဟုတ်လား၊ လောဘတွေရပ်ပါတော့"

"အား ငါ့လက်ကိုလွှတ်လေ"

ဟိုလူရဲ့တပည့်ကျော်တွေ ပြေးဝင်လာကြ၍ ချွတ်ချွတ် သူ့လက်ကို ပို၍တင်းကြပ်စွာ ချုပ်နှောင်ထားလိုက်သည်။

"အား ကျွတ် ကျွတ်"

"ဒီမိန်းမ တော်တော်စွာနေတယ်၊ အာစရိ အပြတ်နှိပ်ကွပ် ပစ်လိုက်ရမလား"

"နေဦး"

ချွတ်ချွတ် သူ့လက်ကို လွှတ်ပေးလိုက်ပြီး သတိအနေ အထားဖြင့် ထားလိုက်မိသည်။ တပည့်တွေက ဓားတွေကိုင်ထား၍ ချွတ်ချွတ် အရမ်းကြီးလှုပ်ရှားလို့ မဖြစ်သေးပေ။ ချွတ်ချွတ်ကို မိန်းမဆိုပြီး အထင်မသေးနဲ့နော်။ သူတို့ရဲ့ ဟာကွက်ကို စောင့်ကြည့်





နေရသည်။

"နဂ္ဂါနဲ့ ရန်ကြီး မင်းတို့အဖွဲ့ ဒီဟာမလေးကို ဖမ်းချုပ်ပြီး ကြိုးတုတ်လိုက်ကြစမ်း"

"ဟုတ်ကဲ့ အာစရိ"

ယောကျ်ားလေးယောက် သူမအနား တိုးကပ်လာကြသဖြင့် ချွတ်ချွတ် ခြေဖျားလေးက ရှေ့ဆုံးမှဝင်လာတဲ့သူဆီ ဆတ်ခနဲ ရောက်လာရသည်။

"ဒုတ်"

"အား"

"ဒုတ်"

"ဒုတ်"

"ကောင်မ လှုပ်ါးဝတယ်၊ မိရင်တော့ တစ်စစီ ဖွဲ့ပစ် မယ်"

"ရှင်တို့အနားမကပ်နဲ့နော်၊ ကျွန်မဆရာက အခုလောက် ဆိုရင် သက်ဆိုင်ရာကို အကြောင်းကြားပြီး ကျွန်မကို ရှာလောက် ပြီ"

ချွတ်ချွတ် အဖမ်းခံရတာကို ဆရာသိမှာ မဟုတ်ပေ။

တမင်ခြိမ်းခြောက်လိုက်ခြင်းပင်။ သူတို့တွေကြောင့်ပြီး ရပ်သွားလေသည်။

"ဒုတ်"

"ဒုတ်"

"အား"

"ဒုတ်"

သူမ ခြေထောက်လေးတွေ လက်တွေက ဖျတ်လတ်စွာ လှုပ်ရှားပစ်လိုက်ပြီး တိုက်ထဲမှ ပြေးထွက်လာခဲ့မိသည်။ သူတို့တွေ ပြေးလိုက်လာကြ၏။ ခြံစောင့်ကို အတင်းအကြပ် တံခါးဖွင့်ခိုင်းပြီး ချွတ်ချွတ် အပြင်ဘက်သို့ ပြေးထွက်လာခဲ့မိလေသည်။

"ကျွီ"

"ဟင်"

တစ်ဖက်လမ်းကြောမှ ကားတစ်စီးက ချွတ်ချွတ်ဆီ ကွေ့လာပြီး ဘရိတ်အုပ်ရပ်လိုက်လေသည်။

"ချွတ်ချွတ်"

"ဟင် ကိုမိုးသက်တင်"

"တက်လေ"





"အင်း"

ကိုမိုးသက်တင်ရဲ့ ကားပေါ်သို့ ချွတ်ချွတ် တက်လိုက်လေသည်။ ကားလေးက လျှောခနဲ ထွက်သွား၏။ နောက်မှ ပြေးလိုက်လာကြတဲ့သူတွေ ကျန်ခဲ့တော့သည်။

"ကိုယ်ထင်တယ် မင်းကို အန္တရာယ်ပေးတော့မယ်ဆိုတာ"

"ရှင်သိနေတယ်"

"ကိုယ့်ကိုဖုန်းဆက်ပြီး မိတ်ဆွေတစ်ယောက်က သတင်းပေးတာပါ၊ ခင်ဗျားအတွင်းရေးမှူးမ ကားတစ်စီးပေါ် ပါသွားတယ်တဲ့၊ အတင်းအကြပ်ခေါ်သွားပုံပဲတဲ့"

"အင်း"

"ယုန့်အစ်ကိုလား"

"မဟုတ်ဘူး"

"ဘာ"

ယုန်ကလေးရဲ့အစ်ကိုဟု ပြောလိုက်လျှင် ကိုမိုးသက်တင်တို့ အိမ်ထောင်ရေး ထိခိုက်မှာစိုးမိ၍ အဖြစ်မှန်ကို မပြောဖို့ ဆုံးဖြတ်ထားမိသည်။

"မင်းကို ယုန်ကလေးတို့ အသိုင်းအဝိုင်းတွေ ဒုက္ခပေးမှာ ကိုယ်အရမ်းစိတ်ပူတာပဲကွာ၊ မင်းကို ဖမ်းသွားတဲ့သတင်း ကြားတာနဲ့ ကိုယ် ဒီဘက်မောင်းလာခဲ့တာပဲ၊ ဒီမှာ ကျားကြီးပိုင်တဲ့ခြံရှိတယ်၊ ကိုယ့်ပိုက်ဆံနဲ့ပဲ ဝယ်ထားတာပါ"

သူ့မျက်ဝန်းတွေကာ မေးမှိန်ညှိုးရော်နေသည်။ စိတ်သောကတွေ ကြီးမားစွာ ခံစားနေရပုံပင်။

"ချွတ်ချွတ်"

"ရှင်"

"တကယ်ပဲ ကျားကြီးတို့အဖွဲ့ မင်းကိုဖမ်းလာတာ မဟုတ်ဘူးလား"

"ဟင့်အင်း"

သူ ချွတ်ချွတ်ကိုကြည့်မိနေသည်။ ယုန်ကလေးနှင့် ဘယ်လိုမှ မတူညီဘဲ ဆန့်ကျင်ဘက်ဖြစ်နေ၏။ ယုန်ကလေးက ဟန်ဆောင်မာယာတွေနှင့် လူက ပျော့ပျော့လေး ထင်ရပေမယ့် စိတ်ဓာတ်ကတော့ အောက်တန်းကျသည်။ ရိုင်းစိုင်းနေ၏။ ချွတ်ချွတ်က ခပ်ကြမ်းကြမ်း ကောင်မလေးဖြစ်ပေမယ့် စိတ်ဓာတ်က ဖြူစင်ရိုးသားနေသည်။ မင်း ကိုယ့်ကို ကာကွယ်စောင့်ရှောက်ပေး





ပါဦးလား။ ချွတ်ချွတ်ချောရယ် ကိုယ့်ဘဝတစ်ခုလုံး အကာအကွယ်မဲ့နေရပြီး ကိုယ်က ယုန်ကလေးရဲ့ လက်ခုပ်ထဲကရေပဲလေ။ ဒါပေမယ့် မင်းကိုထိခိုက်အောင် လုပ်လို့ရတော့ ကိုယ်လုံးဝလက်မခံဘူး။ ကိုယ့်အသက်နဲ့လဲပြီး ကာကွယ်မယ်။

"ကိုမိုးသက်တင်"

"ပြောပါ ချွတ်ချွတ်"

"ဆရာ့ဆီမှာ ရှင့်မာမီပေးခဲ့တဲ့ စိန်တွေ အပ်ထားပါတယ်၊ ရှင်လိုအပ်တဲ့အချိန်မှာ ယူပါ"

"ချွတ်ချွတ်"

"ကျွန်မ နိုင်ငံခြားကို ထွက်သွားတော့မယ်၊ ကျွန်မဘဝ ရှေ့ရေးအတွက်ပါ၊ ကျွန်မ တစ်ခုပြောချင်တာကတော့ ရှင်တို့အိမ်ထောင်ရေးကို ပျော်ရွှင်ချမ်းမြေ့နိုင်မြဲအောင် ကြိုးစားတည်ဆောက်ပါ၊ ရှင်က ယောကျ်ားပဲ တာဝန်ကျေပါစေ"

ချွတ်ချွတ် နိုင်ငံခြားကို ထွက်သွားတော့မယ်ဆိုတဲ့ သူ့စိတ်တွေ အတော်လေး လှုပ်ရှားတုန်လှုပ်သွားရလေသည်။ ရုတ်တရက် တားဆီးဖို့ စိတ်ကူးမိသွားရပေမယ့် သူ အံသွားတွေကို ဖိကပ်ထားလိုက်ပြီး ဘာမှမပြောတော့ပေ။ ကိုယ်နဲ့ယုန်ကလေးဘဝက မင်း

ထင်သလို ဖြစ်လာနိုင်မှာမဟုတ်ဘူး ချွတ်ချွတ်။ လောဘရမ္မက်တွေတက်ပြီး ကိုယ့်စည်းစိမ်တွေကို အာသာငမ်းငမ်းဖြစ်နေတဲ့ ယုန်ကလေးတို့ အသိုင်းအဝိုင်းရဲ့ လွှမ်းမိုးမှုခံနေရတယ်။ ကိုယ့်မှာ ဘာမှလုပ်ပိုင်ခွင့် မရှိတော့ဘူးလေ။ ကိုယ်လည်း ဘာမှမလိုချင်တော့ပါဘူး။ ကိုယ့်မာမီ သေဆုံးရတဲ့အခြေအနေကို ကိုယ်မမေ့ပစ်လို့မရတာပဲ။ ယုန်ကလေးကို ကိုယ်မုန်းတယ်။ ကြောက်တယ်။ ကိုယ့်ကိုထားခဲ့ပြီး မင်းမသွားပါနဲ့လို့လည်း တားဆီးပိုင်ခွင့် ကိုယ့်မှာမရှိပါဘူး ချွတ်ချွတ်ရယ်။ သူ့ကားကိုပဲ ဂရုတစိုက် မောင်းနေမိလေသည်။

○ ○ ○



## အခန်း (၂၂)

"ချွတ်ချွတ်ချောဆီမှာ စိန်တွေရှိနေတယ်မဟုတ်လား၊ ကိုကို အဲဒါပြန်တောင်းပါ၊ မာမီ့ပစ္စည်းတွေက ယုန်ပဲရသင့်တာလေ"

သူစိတ်ပျက်မိလေသည်။ ယုန် ဘာဖြစ်လို့များ လောဘတွေ ဒီလောက်အထိ တက်နေရတာလဲ။ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေလည်း တစ်မိသားစုလုံး အပိုင်စီးထားပြီးပြီ။ မိုးသက်တင်မှာ ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိတော့ဘူး။ မင်းမကျေနပ်သေးဘူးလား ယုန်ကလေးရာ။

"ကိုကို"

"ဟင်"

“ကိုကိုက ပြန်မတောင်းတာမဟုတ်လား၊ ချွတ်ချွတ်နဲ့ ဘာဆိုင်လို့လဲ၊ သူက မာမီ့ချွေးမအစစ်မှ မဟုတ်တာပဲ၊ ကိုကိုက လခပေးပြီး ခိုင်းတာလေ”

“တော်ပါတော့ကွာ၊ မင်းလည်း ရသင့်တာတွေ ရနေပြီပဲ၊ ချွတ်ချွတ်ကို မာမီပေးခဲ့တာပဲ”

“မရဘူး၊ ရှင့်မာမီက ချွတ်ချွတ်ချောဆိုတဲ့ မိန်းမကို မဆီမဆိုင်ပေးခဲ့တာပဲ၊ တကယ်တမ်း ချွေးမအစစ်က ယုန်ကလေး ဘယ်လောက်ခံပြင်းစရာကောင်းလဲ”

“တော်ပါတော့ကွာ”

“ကိုကိုတော့ အခုချက်ချင်း စိန်တွေပြန်ရမှဖြစ်မယ်၊ ချွတ်ချွတ်ဆိုတဲ့ဟာမနဲ့ ဘာဆိုင်လို့လဲ၊ မရဘူး ယုန်သွားတောင်းမှာ နော်”

“မင်းကို ငါတောင်းပန်ပါတယ်၊ ယုန် မင်းရလိုက်တဲ့ စည်းစိမ်ဥစ္စာတွေက အများကြီးပါ”

“ဒီဟာမယူထားလို့ ယုန် မကျေနပ်တာပဲ၊ မရဘူး၊ ပြန်ရ မှဖြစ်မယ်နော် ကိုကို၊ ယုန့်အစ်ကိုလည်း သိထားတယ်၊ ကိုကိုနဲ့





ချွတ်ချွတ် စားသောက်ဆိုင်မှာဆုံပြီး စိန်တွေပြန်ပေးနေတာ ကိုကိုက လက်မခံဘူးတဲ့၊ အတင်းငြင်းပြီး ထပြန်သွားတယ်တဲ့”

“ဟာကွာ”

သူ့အတွက် လွတ်လပ်ခွင့်က ဒီလောက်အထိပဲ ဆုံးရှုံးသွားပြီလား။ ယုန်ကလေးအစ်ကိုတွေက သူ့နောက်မှ လိုက်နေကြသည်။ ဒေါသတွေ ပေါက်ကွဲချင်လာရ၏။ တော်တော်ယုတ်မာကောက်ကျစ်တဲ့ မိသားစုဝင်တွေပဲ။ မာမီထင်ထားသလို ဖြစ်လာနေသည်။ သူ့ဘဝအဖတ်ဆယ်လို့ပင် မရတော့။ အရက်သည် သူ့အတွက် အဖော်ဖြစ်နေရ၏။ လောကကြီးထဲမှာ ဘာခံစားမှုမှ မရှိတော့ဘူး။ အပျော်တွေ ပြီးပြည့်စုံခြင်းတွေ ဘယ်ရောက်ကုန်ပြီလဲကွာ။ ယုန်က လေး မင်းကြောင့်ပဲ ငါ့ဘဝကို တစ်စစီချိုးဖဲ့ပစ်လိုက်တာ မင်းပဲ။ အကြံပက်စက်လွန်းလေသည်။

“ရှင်ကိုယ်တိုင် မတောင်းရင် ယုန့်အစ်ကိုက တောင်းမှာ နော်၊ ရှင့်ဟာမလေး မလွယ်ဘူးမှတ်၊ ချွတ်ချွတ်ချောကို ယုန့်အစ်ကို က အရမ်းခိုက်နေပြီသိလား၊ လက်ထပ်ပြီး နိုင်ငံခြားကို ထွက်သွား မယ်တဲ့၊ အစ်ကိုကျားကြီးလိုချင်တာဆို အားလုံးရတယ်နော်၊ မရရ

အောင် ယူမှာပဲလေ"

"ယုန်"

"အဟက်"

"မင်း မင်းတို့"

"ယုန်ကတော့ အပြည့်အဝထောက်ခံတယ်လေ၊ ဒါမှ တတောရှင်းသွားမှာ ချွတ်ချွတ်ချောသာ အပျိုစင်ဘဝနဲ့ ရှိနေသေးရင် ယုန် အရမ်းစိတ်ပူရမှာသိလား၊ ကိုကို့ကို လက်လွတ်ဆုံးရှုံးရမှာ ကြောက်လို့ပါကိုကိုရယ်"

ယုန့်လက်တွေက သူ့ခန္ဓာကိုယ်ကို သိုင်းဖက်လာလေသည်။ သူ တွန်းဖယ်ပစ်လိုက်ချင်မိ၏။ ယုန်ကလေးကို တင်းတင်း မာမာ ဆက်ဆံပြန်ရင်လည်း ချွတ်ချွတ်ကို ထိခိုက်နစ်နာသွားရမှာ သူစိတ်ပူရလေသည်။ ယုန် မျက်နှာက သူ့မျက်နှာပေါ် အုပ်မိုးနေ၏။ မျက်ဝန်းတွေထဲမှာ လောဘရမ္မက်ခိုးတွေ ဝေနေ၏။ ပြုံးယောင်သမ်းနေတဲ့ နှုတ်ခမ်းတွေက မာယာပရိယာယ်တွေနှင့် ရွံမုန်းစရာ အကောင်းဆုံး ဖြစ်နေလေသည်။

"ချွတ်ချွတ်ချောနဲ့ အစ်ကိုကျားကြီးနဲ့ လိုက်ဖက်ပါတယ်





လေ၊ ကိုကိုနဲ့ကိစ္စက ပြီးပြီပဲ၊ ယုန် နားလည်ခွင့်လွှတ်ပါတယ်၊ မာမို့ကြောင့်ပဲဟာ တကယ်တမ်း ကိုကိုချစ်တာက ယုန်ပဲဟာ ယုန်က ကိုကို့တရားဝင်ဇနီးပဲ မဟုတ်လားလို့"

ယုန့်မျက်ဝန်းအကြည့်တွေက မာထန်တောက်ပနေသည်။ မင်း ငါ့ကို ချစ်တာမဟုတ်ပါဘူး။ ငါပိုင်ဆိုင်တဲ့ စည်းစိမ်တွေကိုပါ ယုန်ကလေး။ ရိုးသားတဲ့ ငါ့ကို မင်း မာယာတွေနဲ့ မြူဆွယ် ဖြားယောင်းသိမ်းသွင်းပြီး ငါ့ဘဝတစ်ခုလုံး ထိခိုက်နာကျင်စေဖို့ မင်းကြိုးစားနေခဲ့တာပဲ။ မင်းလိုချင်တဲ့ စည်းစိမ်ဥစ္စာတွေ အကုန် ပေးချင်ပေးရပါစေ ငါ့နှလုံးသားကိုတော့ မင်းမရနိုင်တော့ဘူး။ မပေးနိုင်တော့ဘူး။ ယုန့်လက်တွေက သူ့မျက်နှာအနှံ့ ထိတွေ့ပွတ်သပ်နေလေသည်။ မျက်နှာက တဖြည်းဖြည်း ထိကပ်အုပ်မိုးကျလာ၏။ ယုန်ကလေးရဲ့ အနမ်းတွေကို သူ ခါးသီးရွံရှာမုန်းတီးနေမိ၏။ အာရုံကို တခြားရောက်သွားအောင် သူ ကြိုးစားလိုက်လေသည်။

"မင်းလိုချင်တာက ချွတ်ချွတ်ဆီက စိန်တွေပဲမဟုတ်လား ယုန်၊ ကိုယ်သွားယူပေးမယ်၊ တကယ်တော့ ဒီစိန်တွေက ချွတ်ချွတ်

ဆီမှာ မရှိပါဘူးကွာ၊ ကိုယ့်အသိတစ်ယောက်ဆီမှာ အပ်ထားခဲ့ပါ
တယ်"

ယုန်ကလေး ခန္ဓာကိုယ်အား သူ့ခန္ဓာကိုယ်ပေါ်မှ သူ့လက်
တွေနှင့် ဖယ်ရှားပစ်လိုက်လေသည်။ ယုန်ကလေးက မကျေမနပ်
နှင့် နှုတ်ခမ်းသားတွေ စူထော်ထားပေမယ့် သူအရေးမစိုက်တော့ဘဲ
အိပ်ရာပေါ်မှ ထလိုက်လေသည်။

"ကိုကို"

"ဟင်"

"ဒါ ဘာအချိုးချိုးတာလဲ"

"ဘာဖြစ်လို့လဲ ယုန်၊ ကိုယ် စိန်တွေသွားယူမလို့လေ
အခုပဲသွားယူလိုက်မယ်၊ မင်းကျေနပ်တယ်မဟုတ်လား"

ယုန် လုံးဝမကျေနပ်မိပေ။ ရှင့်အချိုးက ရှောင်ဖယ်ချင်တာ
မဟုတ်လား။ ယုန့်အပေါ် သူ့ဆက်ဆံရေးတွေ အေးစက်နေတာ
ကြာပြီပဲ။ စိတ်မပါသလိုပဲ။ ယုန် ဒေါသတွေ ပေါက်ကွဲပစ်ချင်လာ
သည်။ ဟိုဟာမ ချွတ်ချွတ်ချောကြောင့်ပဲ။ ဒီဟာမလေးကို
ယုန်အစ်ကိုက အရယူမှာပဲလေ။ ယုန်ကလည်း ရအောင်ယူ





ဘိုက်တွန်းထားသည်။

"နေဦး ကိုကို"

"ဘာလဲကွာ မင်းပဲ စိန်တွေယူပေးပါပြောပြီး"

"ယုန့်ကိုရှောင်ချင်တာမဟုတ်လား ကိုမိုးသက်တင်၊ ရှင့်
ဘက်က အေးစက်စက်အမူအရာတွေကို အခုချက်ချင်း ပြင်လိုက်ပါ၊
ရှင့်ဟာမလေး ဒုက္ခမရောက်ချင်ရင်ပေါ့လေ၊ သူ့အခန်းကိုသွားပြီး
ယုန် သောင်းကြမ်းပစ်မှာနော်"

"ယုန် မင်းတို့လိုချင်တာက စည်းစိမ်ဥစ္စာတွေ မဟုတ်
လားကွာ၊ ငါ အားလုံး မင်းနာမည်နဲ့ လွှဲပေးမယ်၊ ငါ့ကို ကွာရှင်း
ပေးပါကွာ၊ ငါ့ကို ဒုက္ခရောက်အောင် မင်းလုပ်ခဲ့ကြပြီးပြီပဲ၊ ကျေနပ်
ပါတော့"

"သြော် ရှင်က စည်းစိမ်ဥစ္စာတွေစွန့်ပြီး ချွတ်ချွတ်ချော
နဲ့ သွားမယ်ပေါ့လေ"

ယုန်ကလေးနှင့် စကားဖက်ပြိုင်ပြောဖို့ပင် သူ့ခန္ဓာကိုယ်မှာ
ခွန်အားတွေ ကင်းမဲ့နေလေသည်။ ချွတ်ချွတ်ချောမှာ အပြစ်မရှိ
ပါဘူးဟု ပြောရင်လည်း ယုန်ကလေး ဒေါသတွေ ပေါက်ကွဲဦး

မည်။ ဟုတ်တယ်၊ ကိုယ်က ချွတ်ချွတ်ဆီပဲ သွားချင်တာပါ။ ရိုးသားဖြူစင်ပြီး အလိုရမ္မက်ကင်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာပဲ ကိုယ် မှေးစက်နားခိုချင်တာပါ။ စည်းစိမ်ဥစ္စာတွေထက် ကိုယ်တန်ဖိုးပိုထားတယ်။ တောင်းတမိတယ်။ ကိုယ့်မှာ စည်းစိမ်ဥစ္စာတွေ တစ်ပြားတစ်ချပ်မှ မရှိရင်လည်း ချွတ်ချွတ်က ကိုယ့်ကို လက်ခံသွားပါ။ မေးမကူညီမှာပါ။

"ကောင်းပြီလေ ကိုမိုးသက်တင်၊ ရှင်ပိုင်ဆိုင်သမျှ လုပ်ငန်းတွေ၊ စည်းစိမ်ဥစ္စာတွေအားလုံး ကျွန်မနာမည်နဲ့ လွှဲပေးပါ၊ ရှင်နဲ့ လုံးဝမပတ်သက်တော့ကြောင်း လက်မှတ်ထိုးပေးထားခဲ့ပါ၊ ရှင်လက်ခံမယ်ဆိုရင် ကျွန်မအားလုံး စီစဉ်မယ်၊ ချွတ်ချွတ်ချောဆီမှာရှိနေတဲ့ စိန်တွေအားလုံးလည်း ယူပြီး ကျွန်မလက်ထဲ ပြန်အပ်ပါ"

"ကိုယ်လက်ခံတယ်၊ မင်းဆန္ဒတွေအတိုင်း ဖြစ်စေရမယ်၊ ကိုယ့်ဘက်က လက်မှတ်ရေးထိုးပေးဖို့ အဆင်သင့်ပါပဲ၊ မင်းစီစဉ်လိုက်ပါ"

သူပြောပြီး ထွက်လာခဲ့မိလေသည်။





"သွား ရှင်သွား၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွား၊ ရှင့်မှာ ဘာမှမရှိတော့ရင် ဟိုဟာမလေးက လက်ခံမယ်ထင်သလား၊ သွားကြည့် ယုန်ကလေးတို့က ဘာဖြစ်လဲ၊ အရေးကြီးတာက စည်းစိမ်ချမ်းသာတွေအပြည့်နဲ့ နေထိုင်ဖို့ပဲလေ၊ အဟွန်း ဟွန်း ဟွန်း"

သူမပြောပြီး ကိုယ်လေးကို တသိမ့်သိမ့်တုန်အောင် ယ်မောပစ်လိုက်လေသည်။ ဒါပေမယ့် ယုန်ကလေးရင်ထဲမှာ ာကျင်စူးရှနေရ၏။ ရှင့်လို ခန့်ညားတည်ကြည်ပြီး ချောမောတဲ့ ယောကျ်ားတစ်ယောက်ကို ယုန်ကလေး တပ်မက်နေသေးတယ်လေ။ ခင်ပွန်းယောကျ်ားအဖြစ် ပိုင်ဆိုင်ထားချင်တယ်။ ကိုကိုက သက်မြက်ပြီး အရမ်းတော်တဲ့ ယောကျ်ားတစ်ယောက်ပါ။ ယုန်ကလေး အလွယ်တကူ စွန့်လွှတ်လိုက်ရမလား။ ဒေါသတွေ ဖြစ်လာသည်။ ခံပြင်းနာကျင်နေရ၏။ ချွတ်ချွတ်ချော ညည်းလေးကြောင့် ကိုကို ငါ့ကို အေးစက်သွားတာ ညည်းလေးကြောင့်ပဲ။ ချွတ်ချွတ်ချောကို ရှင်က ချစ်နေပြီမဟုတ်လား ကိုမိုးသက်တင်။ မရဘူး ုန်ကလေးလို မိန်းမတစ်ယောက်ဆီက ဒီလိုအလွယ်တကူ

လာလုယူသွားလို့ ရမလား။ ယုန်ကလေး ဒေါသတွေ ပေါက်ကွဲပြီး အစ်ကိုကျားကြီးဆီ ဖုန်းဆက်လိုက်သည်။

"အစ်ကိုလား၊ ညီမပါ၊ ချွတ်ချွတ်ချောဆိုတဲ့ ဟာမလေးကို အခုချက်ချင်းပဲ အရယူလိုက်ပါ၊ ဘယ်လိုနည်းမျိုးနဲ့ပဲ ဖြစ်ပါစေနော် အခု ကိုကိုမိုးသက်တင်က ညီမလေးကို ကွာရှင်းတော့မယ်၊ ချွတ်ချွတ်ချောကြောင့်လေ၊ အခုပဲနော်၊ အခုချက်ချင်းပဲ အစ်ကိုကျားကြီး ဒီဟာမလေးဘဝကို ဖျက်စီးပစ်လိုက်စမ်းပါ၊ တစ်နာရီတစ်စက္ကန့်နဲ့တောင် သူ့အပျိုဖြစ်နေတာကို ယုန် မမြင်ချင်တော့ဘူး"

ယုန်ကလေးစိတ်တွေ ဆောက်တည်ရာမရပြီး ချွတ်ချွတ်ချောအား တစ်စစီဖြစ်သွားအောင် ရိုက်ချိုးဖွဲ့ခြေပစ်ချင်နေမိလေသည်။ ညည်း ကိုကို့ကို မရစေရဘူး။ ယုန်ကလေးအကြောင်း ကောင်းကောင်းသိစေရမယ်။ နင့်ဘဝကို ငါ နင်းခြေပစ်မယ်၊ ယုန်ကလေးရင်ထဲမှာ ခံပြင်းဒေါသတွေ မနာလိုဝန်တိုမှုတွေနှင့် ရပ်တည်နိုင်စွမ်းမရှိတော့အောင်ပင် အော်ဟစ်ငိုကြွေးပစ်ချင်နေမိလေသည်။

၀ ၀ ၀



## အခန်း (၂၃)

ချွတ်ချွတ် မင်းကိုတော့ ကိုယ်လုံးဝမထိခိုက် မနာကျင်စေချင်ပါဘူးကွာ။ ကိုယ့်စည်းစိမ်ဥစ္စာတွေအားလုံးထက် မင်းကို တန်ဖိုးထားပါတယ်။ မင်းဘဝလေး ကိုယ့်ကြောင့် မျက်ရည်လေး တစ်စက်လောက်တောင် မစွန်းထင်းစေချင်ပါဘူး။ ယုန်ကလေးအား သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ လွှဲပေးလိုက်ဖို့ ဆုံးဖြတ်ထားသည်။ ယုန်ကလေး ထင်ထားသလို သူဖောက်ပြန်ချင်လို့ မဟုတ်ဘူးဆိုတာလည်း သက်သေပြရမည်ဖြစ်သည်။

"ဆရာ"

"မိုးသက်တင်"

"ကျွန်တော် စီနီတွေလိုချင်တယ်၊ ချွတ်ချွတ်က ဆရာ့ဆီ

အိပ်ထားတယ်ပြောပါတယ်''

''မင်း မင်း''

''ပေးပါဆရာ''

''မင်းအတွက်လား''

''ပေးသာပေးပါ ဆရာ''

''အင်းလေ မင်းတောင်းတော့လည်း ပေးရတော့မှာပေါ့လေ၊ မင်းဘယ်လိုဖြစ်နေရတာလဲ မိုးသက်တင်ရာ''

ဆရာ့ကို ရှင်းလင်းပြောပြမနေချင်တော့ပေ။ စိန်တွေကိုယူပြီး သူပြန်ထွက်လာခဲ့လေသည်။ သူ့အိမ်ကို ပြန်ရောက်လာတော့ ယုန်ကလေးမရှိတော့ပေ။ အိမ်က အလုပ်သမား အဒေါ်ကြီးကို မေးကြည့်တော့ ယုန်ကလေး ဒေါ်သတကြီး ကားမောင်းထွက်သွားသည်တဲ့။ သူ့အစ်ကိုကျားကြီးဆီလည်း ဖုန်းဆက်သည်တဲ့။ ချစ်ချစ်ချောကို ရအောင်ယူပါတဲ့။ သူ ချစ်ချစ်အတွက် စိတ်တွေပူပင်သွားရလေသည်။ ချစ်ချစ်ဆီ ဖုန်းဆက်ကြည့်တော့ ဆက်သွယ်ရေးဧရိယာပြင်ပသို့ ရောက်နေသည်တဲ့။ သူစိတ်ပူပြီး ကျားကြီးပိုင်သော မြို့ပြင်က မြကြီးဆီ လိုက်သွားဖို့ ဆုံးဖြတ်လိုက်လေသည်။





ချစ်ချစ်ချောလည်း ယုန်ကလေးရဲ့ ညွှတ်ကွင်းထဲ သက်ဆင်းခဲ့ရလေသည်။ သူမနှင့်တွေ့ချင်သည်ဆို၍ ယုန်ကလေးဆီ လိုက်သွားခဲ့၏။ ယုန်ကလေး ကားထဲဝင်ထိုင်လိုက်သည်နှင့် ချစ်ချစ်မျက်နှာအား အဝတ်စတစ်ခုနှင့် အုပ်လိုက်စဉ် ချစ်ချစ် အသိတွေ ကင်းမဲ့သွားရလေသည်။ သူမ သတိကြီးစွာထားပြီးနေသည့်ကြားမှ ယုန်ကလေးအစ်ကို ကျားကြီးလက်ထဲ ကျရောက်ခဲ့ရလေသည်။

''ရှင် ရှင်တို့ ကျွန်မကို ဘာဖြစ်လို့ ဒုက္ခပေးချင်ရတာလဲ၊ ဘာဖြစ်လို့များ ရာဇဝတ်မှုကို ကျူးလွန်ချင်ရတာလဲ၊ ကျွန်မဆရာက ရှင်တို့ကို အလွတ်ပေးမှာမဟုတ်ဘူးနော်''

''ချစ်ချစ် မင်းက အရမ်းကိုလှပချောမောလွန်းတဲ့ မိန်းကလေးပဲ၊ ကိုယ်အရမ်းခိုက်သွားပြီ''

ညီမလေးက ချစ်ချစ်ချောကို အရယူရမယ်တဲ့။ ကျားကြီးကလည်း ညို့မျက်ဝန်းပိုင်ရှင် မိန်းကလေးကို စွဲမက်နှစ်သက်နေမိသည်။ ကျားကြီးက ပွဲတက်မယားအဖြစ် တရားဝင်လက်ထပ်မှာပါကွာ။ ချစ်ချစ်ချောအနားသို့ တဖြည်းဖြည်းတိုးကပ်လာမိသည်။

“ချွတ်”

“ရှင် ရှင်”

“ကိုယ့်ကို လက်ထပ်ပါ၊ ဒါမှ အားလုံးအေးချမ်းသွားမယ်လေ၊ ကိုယ့်မှာလည်း စည်းစိမ်ဥစ္စာတွေ အပြည့်ပါ ချွတ်ရယ်၊ မင်း ချမ်းချမ်းသာသာနေရမှာပါ”

“ရှင်ဘာဖြစ်လို့ ကျွန်မကို လက်ထပ်ချင်ရတာလဲ၊ ကျွန်မနဲ့ ကိုမိုးသက်တင်လည်း ဘာမှမပတ်သက်တော့ဘူး”

“[illegible]သ်က ချွတ်ကို ချစ်နေမိလို့လေ”

ချွတ်ချွတ်လက်တွေကို ကြိုးနှင့်တုပ်ထား၍ ရုန်းဖယ်မရဖြစ်နေသည်။ လူယုတ်မာတွေ။ ယုန်ကလေးရဲ့ မျက်ဝန်းတွေကလည်း ကြောက်စရာကောင်းလောက်အောင် မာထန်နေ၏။ ချွတ်ချွတ်နဲ့ ကိုမိုးသက်တင် ဆက်ဆံပတ်သက်မှုတွေမှ မရှိတော့တာပဲ။

“ကျွန်မ မိန်းမရှိနေတဲ့ အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ လုမယူဘူး၊ ကျွန်မရဲ့ ကိုယ်ကျင့်တရားတွေကို တန်ဖိုးထားတာပါ”

“အရင်က ဖြစ်ခဲ့တာတွေကို မေ့ထားလိုက်ပါတော့ ချွတ်





ရယ်၊ ကိုယ်နဲ့ပဲ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်လေးတစ်ခု တည်ဆောက်ကြရအောင်”

“မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်မ အသက်ပဲအသေခံမယ်၊ ရှင် ကျွန်မကိုရမယ်လို့ စိတ်ကူးယဉ်မနေနဲ့နော်”

မုန်းလိုက်တာ။ ရွံလိုက်တာ။ လူဆိုးလူမိုက် မကောင်းမှုဒုစရိုက်တွေ ကျူးလွန်နေတဲ့ လူတစ်ယောက်ကများ ချွတ်ချွတ်ရှုန်းကြည့်မိသည်မရပေ။

“မင်းသိပ်ကြီးကျယ်မနေစမ်းပါနဲ့ ချွတ်ချွတ်ချော၊ ငါကမင်းနဲ့နှစ်ကိုယ်တူ ကြည်ဖြူချင်လို့ အကြမ်းပတမ်း မကြိုးစားတာနော်၊ မင်းကို အရမ်းချစ်လို့ပဲ”

“လူယုတ်မာ”

“ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မင်္ဂလာဦးညလေးကို မြတ်သန်းစမ်းပါ”

ကျားကြီးကလည်း ချွတ်ချွတ်ချောကိုမှ မြင်မြင်ချင်းပဲချစ်ခင်နှစ်သက်နေမိလေသည်။ ကျားကြီးနှလုံးသားတွေ နူလာပြီ။ ဒါကြောင့်လည်း ချွတ်ချွတ်ချောနှင့် နှစ်ကိုယ်တူကြည်ဖြူချင်၍ သတိလစ်နေတဲ့အချိန်တွင် လက်ဖျားနှင့်ပင်မထိခဲ့။ ချွတ်ချွတ်ချော

မေးစေ့လေးကို ဆွဲကိုင်လိုက်သည်။

"ထွီ"

"မင်းဘာဖြစ်လို့ ဒီလောက်အထိ ခေါင်းမာချင်ရတာလဲ ချစ်ရာ၊ မင်းလေး ကိုယ့်လက်ထဲက လွတ်မှာမှမဟုတ်တာပဲ၊ ကယ်မယ့်လူလည်းမရှိဘူးလေ"

သူ့မျက်နှာပြောင်ချောချောကြီးက သူမမျက်နှာလေး ထိကပ်လုမတတ် ရောက်ရှိလာလေသည်။ ချွတ်ချွတ် မုန်းတီးရွံ့ရှာစွာ မျက်နှာကို ဆတ်ခနဲ လွှဲပစ်လိုက်၏။

"ငြင်းဆန်မနေစမ်းပါနဲ့ ချွတ်ချွတ်ရယ်၊ ကိုယ့်ကို ကြည်ဖြူစမ်းပါ၊ အဟဲ"

ကျားကြီးလက်ကြမ်းကြမ်းကြီးတွေက သူမမျက်နှာလေး အနှံ့ ထိတွေ့ပွတ်သပ်လာနေသည်။ သူမ မျက်နှာကို ဘယ်ညာ ရမ်းခါရင်း လွှဲဖယ်ရှောင်တိမ်းနေလိုက်မိ၏။ ခန္ဓာကိုယ်က လှုပ်မရ။ လွတ်မြောက်စေရန် အစွမ်းကုန်ကြိုးစားနေမိသည်။

"ဟဲ ဟဲ ဟဲ အရမ်းချစ်စရာကောင်းတဲ့ ကောင်မလေးနဲ့ နှစ်ပါးဂလောဆက် ရွှေလက်တွဲရတော့မယ်"

သူမ အံသွားလေးတွေကို တင်းကြပ်စွာ ဖိကပ်ထားရင်း





လွတ်မြောက်စေရန် ကြိုးစားနေမိသည်။ သူမဘဝ ဆုံးရတော့မှာလား။ ကယ်မည့်သူလည်း မရှိတော့ပေ။ သူမရောက်နေတာ ဘယ်နေရာမှန်းပင်မသိ။ ရမ္မက်ခိုးတွေဝေနေတဲ့ ကျားကြီးမျက်နှာကို ရွံမုန်းစရာကောင်းလောက်အောင် မြင်တွေ့နေရလေသည်။

"ကိုကျားကြီး"

အခန်းတံခါးက ဝုန်းခနဲပွင့်လာပြီး ကိုမိုးသက်တင်ကို တွေ့လိုက်ရသည်။ ချွတ်ချွတ် အားတက်သွားရ၏။

"ဟေ့ကောင် မိုးသက်တင် မင်း ဘာလာနှောင့်ယှက်တာလဲ၊ မင်းနဲ့ဘာမှမဆိုင်ဘူး၊ မင်းက ငါ့ညီမယောက်ျားပဲ"

"ကိုကျားကြီး အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဒုက္ခမပေးချင်ပါနဲ့၊ အပြင်မှာ ခင်ဗျားတို့ခြံကို သက်ဆိုင်ရာတွေ ဝိုင်းထားပြီးပြီ"

"ဟင် မင်း မင်း သစ္စာဖောက်တာပဲ၊ ငါတို့ကို ဒုက္ခ ရောက်အောင် မင်းလုပ်တာပဲ"

"သက်ဆိုင်ရာတွေက ခင်ဗျားတို့မိသားစု ကျူးလွန်ထားတဲ့ ပြစ်မှုတွေအတွက် လာဖမ်းတာပါ၊ ခင်ဗျားတို့ မိသားစုဝင်တွေကို ဖမ်းထားပြီးပြီ"

"မိုးသက်တင် မင်း မင်း သစ္စာဖောက်တာပဲ၊ ငါ့ညီမ မျက်နှာတောင်မထောက်ဘူး၊ ဘာပဲဖြစ်ဖြစ်ကွာ ငါ့ညီမကို စိတ်သောကရောက်အောင်လုပ်တဲ့ မင်းဟာမတွေကို အပြတ်ရှင်းပစ်ပြီးမှ အဖမ်းခံမယ်"

မိုးသက်တင် ဘာမှတွေဝေမနေတော့ဘဲ ကျားကြီးကိုယ်ပေါ်သို့ ခုန်အုပ်လိုက်လေသည်။

"အား"

ကျားကြီးက ဓားကိုဝှေ့ယမ်းလိုက်သဖြင့် မိုးသက်တင်ရဲ့ လက်မောင်းကို ထိုးစိုက်မိသွားသည်။ ကျားကြီးနှင့် မိုးသက်တင်တို့ လုံးထွေးသွား၏။

"ကိုမိုးသက်တင် သတိထားနော်"

"မင်းကို အသေသတ်ပစ်မယ်၊ ကျားကြီးကိုမှ လာပြီး ယှဉ်ပြိုင်ချင်တဲ့ကောင် သေပေတော့"

ကျားကြီးက မိုးသက်တင်အား သဲကြီးမဲကြီး တိုက်ခိုက်လေသည်။

"ကျားကြီး မင်းအဖမ်းခံပါ၊ မင်းတို့လူတွေအားလုံး အဖမ်းခံထားရပြီ၊ မင်းညီမ ယုန်ကလေးလည်း ကားအက်စီးဒင့်ဖြစ်ပြီး





ဆုံးသွားပြီကွ"

"ဟင်"

ကျားကြီး အငိုက်မိသွားစဉ် ကျားကြီးလက်ထဲမှ ဓားကို သူ ခြေဖျားဖြင့် ခတ်လိုက်သဖြင့် ဓားက လွတ်ကျသွားလေသည်။

"ဒေါက်"

"ကျုပ်ညီမလေး သေပြီဟုတ်လား၊ ညီမလေးဘယ်မှာလဲ၊ ကျုပ်သွားတွေ့မယ်၊ ကျုပ်သွားမယ်၊ ဘယ်မှာလဲ"

ကျားကြီး အော်ဟစ်ပြီး ထွက်ပြေးစဉ် ရဲတွေက ဖမ်းဆီးလိုက်လေသည်။ မိုးသက်တင် ကပျာကယာ ချွတ်ချွတ်ကိုယ်မှ ကြိုးတွေကို ဖယ်ရှားပစ်လိုက်၏။ ပြီးတော့ သူစိတ်ပူပင်စွာဖြင့် ချွတ်ချွတ်ကိုယ်လေးအား အငမ်းမရ ဖက်တွယ်ထားလိုက်မိသည်။

"ချွတ်"

"ဟင်"

"ကိုယ်အရမ်းစိတ်ပူသွားရတာပဲ၊ မင်းကို ကိုယ့်ကြောင့် မှည့်တစ်ပေါက်လေးတောင် မစွန်းထင်းစေချင်တာပါကွာ"

"အို ဟို ဟို ဖယ်ပါ ကိုမိုးသက်တင်၊ အပြင်မှာ လူတွေ သွားကြတော့မယ်၊ ကျွန်မကိုလည်း အခန်းအပြင်ကို ထွက်သင့်နေ

ပါပြီနော်"

ချွတ်ချွတ်ကိုယ်လေးကို မချင့်မရဲ ပိုမိုတင်းကြပ်စွာ ဖက်လိုက်ရင်း မျက်နှာချောချောမွတ်မွတ်လေးအား အချိန်အကြာကြီး စူးစိုက်ကြည့်မိနေသည်။

"အို လူကို ဘာဖြစ်လို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ၊ ဟို ဟို ချွတ်တို့အပြင်ထွက်ကြရအောင်ပါ၊ လွှတ်ပါတော့ ကိုကိုရယ်နော်"

"ချွတ်ရယ်"

သူမစိတ်တွေ မထိန်းချုပ်ထားနိုင်တော့ဘဲ သူ့ရင်ခွင်ထဲသို့ အားကိုတကြီး ဖက်တွယ်ထားလိုက်မိလေတော့သည်။

"ယုန်ကလေးတို့ မိသားစုက မကောင်းမှုဒုစရိုက်တွေအား လုပ်ကြံစည်လုပ်ဆောင်နေကြတာပဲ၊ ပြစ်မှုတွေက အများကြီးပဲလေ၊ ကိုကို့စိတ်ထင်တော့ ယုန်ကလေး အဖမ်းမခံဘဲ ထွက်ပြေးတာထင်တယ်"

မကောင်းမှုကံကြမ္မာတွေက ကြောက်စရာကောင်းလောက်အောင် ထိုးနှက်အပြစ်ဒဏ် ခတ်ခံရတာပဲဖြစ်လေသည်။ ချွတ်ချွတ်ကတော့ ကိုမိုးသက်တင်ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်တော့၏။





ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါလား။

"ကျွန်မတို့ အပြင်ထွက်ကြရအောင်နော် ကိုကိုရယ်"

ဖြူစင်ရိုးသားတဲ့ ချစ်သူ ချွတ်ချွတ်ချော့ရဲ့ လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး သူ့ခြေလှမ်းတွေ သွက်လက်စွာ လှမ်းထွက်လာခဲ့မိလေတော့သည်။

သင်မြတ်နိုး